# ဒဂ္ဂိဏသဝခါ ဂုယုပိဂိုးဝဥလိန္ဒညွှီး

# ဒက္ခိဏသာခါ ထုလုပ် ကိုးကွယ်နည်း

ဦး ကြီး ခင်

မောင်ဝင်းကြည်
ဝင်းပိဋကတ်စာအုပ်ဆိုင်
အမှတ် - ၄၀၊ တောင်ဖက်စျေးတော်ရှိသစ်
ရွှေတိဂုံဘုရားကြီး၊ ရန်ကုန်မြို့။

No. A

ပဌမအကြိမ် ရိုက်နှိပ်ခြင်း
၁၉၇၅-ခု၊ ဂျွန်လ
အုပ်ရေ ၂၅၀၀

ဘာသာရေးဆိုင်ရာ ပုံနှိပ်ထုတ်ဝေခွင့်
အမှတ် ၇၆၁၇ (က) ၇၆၁၇ (ခ) ၇၆၁၇ (ဂ)

ပုံနှိပ်သူ—ဒေါ်မြရီ
ကျောင်းဝင်းဆွေပုံနှိပ်တိုက်၊ (၀၁၄၁၃)
၁၃၊ ၉၈-လမ်း၊ ရန်ကုန်မြို့။

ထုတ်ဝေသူ—ဦးကြီးခင်
မြန်မာပြည်စာအုပ်တိုက်၊ (၀၁၄၀၇)
၁၃၊ ၉၈- လမ်း၊ ရန်ကုန်မြို့။

အဖုံးရိုက်—ဦးဝင်း
ကာလာမောင်ဝင်းပုံနှိပ်တိုက် (၀၀၁၂)
၁၂၈၊ ဗိုလ်ချုပ်လမ်း၊ ရန်ကုန်မြို့။

၄၀၈)

ဤစာအုပ်ကို ရေးသား ပြုစုရာ၌

အကိုးအထောက်ပြုသော

# ပုံနှိပ်စာ–ပေစာ–ပုရပိုက်စာများ

ကလျာဏီကျောက်စာ ပါဠိနိသျ

ပါရာဇိကဏ် အဋ္ဌကထာ

မဟာဝံသပါဠိ

မဟာဝံသဋီကာ

သမန္တစက္ခု ဒီပနီ (ဒုတိယတွဲ)

ရာဇာဝါဒကျမ်း

စွယ်စုံကျောက်ထင်ကျမ်း

သတ္တုရှပ ဝိလာသနီကျမ်း

ဒက္ခိဏာသာခါ အတ္ထုပ္ပတ္တိကျမ်း (ပုံနှိပ်မူ)

ဒက္ခိဏာသာခါ အစီအမံ (ပေမူ)

ဒက္ခိဏာသာခါ ထုံးလုပ်နည်း (ပုရပိုက်မူ)

ဆင်ဂတိ ဒီပနီ (ပေမူ)

လောကပညတ္တိကျမ်း (ပေမူ)

သာသနအာယုကျမ်း (ပေမူ)

# မာတိကာ


က - ထုတ်ဝေသူ၏ မှတ်ချက် က
ခ - ပဏာမ ဂ

အခန်း — ၁

၁ - ဒုက္ခိတသာခါ ကြွာဖက်ဆောင်း သမိုင်း ၁
၂ - ၎င်းသမိုင်း ဘုရား ဒုက္ခိတသာခါ ဘုလုပ်ပုံ အစီအမံ ၅
၃ - မှို ၉ - ချက် အစီအမံ ၇
၄ - ထုလုပ်ပုံ အစီအမံ၏ အဓိပ္ပာယ်များ ၈
၅ - ဌာပနာ အစီအမံ ၁၈

အခန်း — ၂

၆ - ပါဠိလိပ်ပုတ်ဂိုဏ်း ဒုက္ခိတသာခါ အစီအမံ ၁၇
၇ - ဘုရင်များ ကိုးကွယ်သော ဒုက္ခိတသာခါ အစီအမံ ၂၁
၈ - ဇလိန္ဒတ်စာ ပသာ၍ နတ်များကို တိုင်ကြား အပ်နှံခြင်း ၂၅

အခန်း — ၃

၉ - သိရိဓမ္မာသောကမင်းကြီး၏ ဒုက္ခိတသာခါ အစီအမံ ၂၇
၁၀ - မိဖုရားကြီး၏ ဒုက္ခိတသာခါ အစီအမံ ၂၈
၁၁ - ထိုက်သူကြီး၏ ဒုက္ခိတသာခါဘုရား ၃၀

မာတိကာ


**အခန်း — ၄**

၁၂ - ရှေးပညာရှင်တို့၏ ဒက္ခိဏာသာခါ ထုလုပ် ကိုးကွယ်နည်း ၃၂

၁၃ - ဒက္ခိဏာသာခါ ထုရန် နံ့သင့်သစ်များ ၃၃

၁၄ - ဒက္ခိဏာသာခါ ထုပုံ အချိုးအစား ၄ - မျိုး ၃၄

၁၅ - ဒက္ခိဏာခါ အချိုးအစား ၄ မျိုး နှင့် ကိုးကွယ်အပ်သူ ၄ - မျိုး ၃၅

၁၆ - ဒက္ခိဏာသာခါ စီရင်မွမ်းမံခြင်း ၃၆

၁၇ - မှို - ချက် အစီအမံ ၃၈

၁၈ - ဒက္ခိဏာသာခါ ကိုးကွယ်ပုံ ၃၉

**အခန်း — ၅**

၁၉ - ဆင်းတု ရုပ်ပွားတော် စတင် ပေါ်ပေါက်လာခြင်း ၄၁

၂၀ - ရုပ်ပွားတော် ထုအပ်, သွန်းအပ်သည့် အရာဝတ္ထုများ ၄၃

၂၁ - ရုပ်ပွားတော် ထုအပ်, သွန်းအပ်သော ပုံသဏ္ဍာန်များ ၄၄

၂၂ - လျောင်းတော်မူ ၄ - မျိုး ၄၆

၂၃ - ရုပ်ပွားတော် သွန်းရာ၌ သတိပြုအပ်သော အချက်များ ၄၈

# မာတိကာ


အခန်း – ၆

၂၄ · ဝိဇ္ဇာမယ ဒက္ခိဏာသာခါ အစီအမံများ ၅၀

၂၅ · နံသင့် ဝိဇ္ဇာမယ ဒက္ခိဏာသာခါ အစီအမံ ၅၂

၂၆ · အမြစ် အညွန့်တွဲ သစ်များ ၅၃

၂၇ · ပဥ္စပွတ် သစ်များ ၅၄

၂၈ · မွေးနံသစ်များ ၅၄

၂၉ · ၎င်း နံသင့် သစ်များကို ပလ္လင်တော် စီမံခြင်း ၅၅

၃၀ · ပလ္လင်တော် အစီအမံ ၅၆

၃၁ · ( ၇ ) ခဏ်း ပလ္လင် ၅၈

၃၂ · ဘုရား ခုနစ်ဆူ ပဏာမ ၅၈

၃၃ · ပလ္လင်တော် အောက်မျက်နှာပြင် အစီအမံ ၅၉

၃၄ · ပလ္လင်တော် အထက်မျက်နှာပြင် အစီအမံ ၆၀

၃၅ · ဗောဓိပေါင်း ဒက္ခိဏာသာခါ အစီအမံ ၆၁

၃၆ · ဂမုန်းပေါင်း ဒက္ခိဏာသာခါ အစီအမံ ၆၄

၃၇ · ဒက္ခိဏာသာခါ မဓုစေတီဘုရား အစီအမံ ၆၅

၃၈ · အစီအမံ ပြုရာ၌ သတိပြုရန် ၈၇

၃၉ · ဒက္ခိဏာသာခါ အစီအမံ အတွက် ကြိတ်ရန်
ကျောက်ပျဉ် ကျောက်တုံး အစီအမံ ၈၈

၄၀ · အစီအမံများ သိဒ္ဓိတင်ရန် ၈၉

အခန်း – ၇

၄၁ · ဒက္ခိဏာသာခါ ထုလုပ်ခြင်း ၉၀

၄၂ · မှို ၉ · ချက် အစီအမံ ၉၂

## မာတိကာ


၄၃ - ခါတ်တော် ဌာပနာခြင်း ၉၇
၄၄ - ရုပ်ပွားတော်ကို မွမ်းမံခြင်း ၉၅
၄၅ - ဗုဒ္ဓါဘိသေကာ မင်္ဂလာ အနေကဇာတင်ခြင်း ၉၆
၄၆ - ပူဇော် မင်္ဂလာ ပြုခြင်း ၁၀၂
၄၇ - ဒက္ခိဏာသာခါ ပူဇော်ရခြင်း အကျိုး ၁၀၃
(က) စန်း, သူရဲ, ပယောဂ ၁၀၃
(ခ) ဂြိုဟ်စီး, ဂြိုဟ်နှင်း ၁၀၄
(ဂ) တန်းခိုး အာဏာ ၁၀၄
(ဃ) ခရီးသွားလျှင် ၁၀၄
(င) ကပ်ရောဂါ အမျိုးမျိုး ၁၀၅
(စ) အကွယ် အကာ ၁၀၅
(ဆ) မင်း ကေရာဇ် ပမာ ၁၀၅
(ဇ) ရန်သူများ ထွက်ပြေးရခြင်း ၁၀၆
(ဈ) နောက်က ရန်သူ မလိုက်နိုင် ၁၀၆
(ည) တရားရုံး၌ စာရေးနိုင်လိုလျှင် ၁၀၆
(ဋ) နတ်ချစ် လူချစ် ၁၀၆
(ဌ) မြေဆိပ် ကင်းဆိပ် ၁၀၇
(ဍ) ဥစ္စာ ရလိုလျှင် ၁၀၇
(ဎ) သူတပါးကို အိပ်မက်ပေးခြင်း ၁၀၇
(ဏ) အန္တရာယ်ကင်း ၁၀၇
(တ) ဥစ္စာပစ္စည်း တိုးတက် တည်တံ့ လိုလျှင် ၁၀၈
(ထ) ရာထူး တိုးလိုခြင်း, တည်တံ့ လိုခြင်း ၁၀၈
(ဒ) အမြင် အကြား ပေါက်ခြင်း ၁၀၈

## နောက်ဆက်တွဲ

## ဒက္ခိဏာသာခါ သမိုင်းအကျဉ်းချုပ်

### မဇ္ဈိမဒေသ—ဒက္ခိဏာသာခါ


| | |
|---|---|
| ဒက္ခိဏာသာခါ ပြဿနာ | ၁၁၃ |
| သီဟိုဠ်ကျွန်းရှိ ဗောဓိပင်များ | ၁၁၃ |
| အနုဠာဒေဝီ မိဖုရား | ၁၁၅ |
| သီရိဓမ္မာသောက မင်းကြီး | ၁၁၈ |
| ဗုဒ္ဓဘုရားရှင်၏ အဓိဋ္ဌာန် ငါးချက် | ၁၂၀ |
| ရွှေဖျဉ်းအိုး၏ ပမာဏ | ၁၂၃ |
| ပါဋလိပုတ်မှ မဟာဗောဓိသို့ | ၁၂၄ |
| ပဌမအကြိမ် မင်းအဖြစ်ဖြင့် ပူဇော်ခြင်း | ၁၂၅ |
| ဒက္ခိဏာသာခါ လက်ျာတောင်ကိုင်း ပြတ်ခြင်း | ၁၂၇ |
| ဒက္ခိဏာသာခါ ပမာဏ | ၁၂၉ |
| ရောင်ခြည်တော် ကွန့်မြူးခြင်း | ၁၃၁ |
| ၇-ရက် လုံးလုံး တိမ်တိုက်အတွင်း၌ တည်နေခြင်း | ၁၃၃ |
| ဒုတိယအကြိမ် မင်း၏ အဖြစ်ဖြင့် ပူဇော်ခြင်း | ၁၃၄ |
| တတိယအကြိမ် မင်း၏ အဖြစ်ဖြင့် ပူဇော်ခြင်း | ၁၃၆ |
| သုမန သာမဏေ | ၁၃၆ |
| ပါဋလိပုတ်မှ တာမလိတ္တိ သင်္ဘောဆိပ်သို့ | ၁၃၇ |

# နောက်ဆက်တွဲ

## သီဟိုဠ်ကျွန်း—ဒက္ခိဏသာခါ


| | |
|---|---|
| စတုတ္ထအကြိမ် မင်း၏ အဖြစ်ဖြင့် ပူဇော်ခြင်း | ၁၃၉ |
| တာမလိတ္တိ ဆိပ်ကမ်းမှ သီဟိုဠ်ကျွန်းသို့ | ၁၃၉ |
| သမုဒ္ဒရာ ပင်လယ် လမ်းခရီး | ၁၄၁ |
| ဒက္ခိဏသာခါကို ကြိုဆိုခြင်း | ၁၄၃ |
| အနုရာဓ မြို့သို့ ပင့်ဆောင်တော်မူခြင်း | ၁၄၅ |
| မဟာမေဃဝန် ဥယျာဉ် | ၁၄၅ |
| ရောင်ခြည်တော် ကွန့်မြူးခြင်း | ၁၄၇ |
| ဒက္ခိဏသာခါ၏ အသီး ငါးလုံး | ၁၄၉ |
| မဟာဗောဓိပင် ရှစ်ပင် | ၁၅၀ |
| မဟာဗောဓိပင် ၃၁ - ပင် | ၁၅၂ |
| ရဟန္တာ ရဟန္တာမများ | ၁၅၃ |


## မြန်မာနိုင်ငံ—ဒက္ခိဏသာခါ


| | |
|---|---|
| သီဟိုဠ်မှ ဒက္ခိဏသာခါဘုရားများ ရောက်လာခြင်း | ၁၅၅ |
| သီဟိုဠ် - မြန်မာ ဆက်ဆံရေး | ၁၅၇ |
| သီဟိုဠ်သို့ အတင် အလှူ လွှတ်ခြင်း | ၁၆၉ |
| မုံရွေး ဆရာတော်၏ ကောက်ချက် | ၁၇၀ |
| မုံရွေး ဆရာတော်၏ ခံယူချက် | ၁၇၂ |
| ဒက္ခိဏသာခါဘုရား ခေါ်ဝေါ်ခြင်း | ၁၇၄ |

# ထုတ်ဝေသူ၏ မှတ်ချက်

**ရှေးအစဉ်အလာ**

မြန်မာနိုင်ငံ၌ ဒက္ခိဏသာခါ ကိုးကွယ်သည့် အစဉ် အလာသည် သာသနာဝင် သမိုင်းဦးကပင် စတင်ခဲ့သည်ဟု ယူဆရသည်။

သာသနဒါယကာ မြန်မာဘုရင်များသည် ဒက္ခိဏသာခါ ရုပ်ပွား ဆင်းတုတော်ကို နန်းဦး၌ထားကာ ကိုးကွယ်ပူဇော်ခဲ့ကြကြောင်း သမိုင်းဟောင်း အမှတ်အသားများ ရှိသည်။

ယင်းသို့ ကိုးကွယ် ပူဇော်ခြင်းကြောင့်လည်း ကြီးမားသည့် အကျိုးများကို လက်တွေ့ခံစား ကြရသည်ဟု ယုံကြည်ခဲ့ကြသည်။

စင်စစ် ဤသို့ ယုံကြည်ခြင်းသည် မမှားပေ၊ ပရိနိဗ္ဗာန်ဝင်စံကြွသွားတော် မူသော ဗုဒ္ဓဘုရားရှင်ကို ရည်စူး၍ စေတီဘုရားပုထိုးများ ဆင်းတုတော်များအား ကိုးကွယ်ပူဇော် ရခြင်း၏ အကျိုးမှာ အတိုင်းအဆမရှိ အနန္တအသင်္ချေ များပြား လှကြောင်းကို ဗုဒ္ဓ ဘာသာဝင်များ အနေဖြင့် သံသယ ရှိဘွယ်ရာ မလိုပေ။

**အကျိုး နှစ်မျိုး**

သို့သော် ယင်းအကျိုးများကို အကျဉ်းအားဖြင့်—

(က) လောကုတ္တရာကျိုး

(ခ) လောကီကျိုး

ဟု ၂-မျိုးခွဲခြား ကြည့်ရပေမည်၊ ယင်း ၂-မျိုးအနက် လောကီကျိုးနှင့် ပတ်သက်၍ကား အနည်းငယ် ရှင်းလင်းရန် လိုပေသည်။

ဤ၌ ဒက္ခိဏာသာခါ ကိုးကွယ်သူများမှာ အခြား ရုပ်ပွားဆင်းတု စေတီတော်များကို ကိုးကွယ်သူများနှင့် မတူသော အခြေခံ အကြောင်းများ ရှိနေသည်ကို သတိပြုရ ပေမည်၊ အခြား ရုပ်ပွားဆင်းတု စေတီတော် များကို ကိုးကွယ်ကြသူ များမှာ လောကုတ္တရာအကျိုး သက်သက်ကို ရှယ်ကိုး မြှော်မှန်းကာ ကိုးကွယ် ကြသော်လည်း ဒက္ခိဏာသာခါ ကိုးကွယ်ကြသူ များမှာကား လောကုတ္တရာကျိုး အပြင် — လောကီကျိုးကိုပါ ရှယ်ကိုး မြှော်မှန်းခဲ့ ကြသူများ ဖြစ်ကြသည်။

ထိုထက် ရှင်းရှင်းဆိုရပါလျှင်ဒက္ခိဏာသာခါ ကိုးကွယ်သူများမှာ လောကုတ္တရာကျိုးထက် လောကီကျိုးကို ရှေ့တန်းပို့ခဲ့ကြသူများ ဖြစ်သည်။

**ဘယ်လို လောကီကျိုးမျိုးလဲ**

ဤ၌ ဒက္ခိသာခါ ကိုးကွယ်သူများ ကိုယ်စား ကျွန်ုပ်တို့ကကိုတင် ရှင်းလင်း ပြောပြလိုသည်မှာ 'လောကီကျိုး' ဟုဆို သ

ဖြင့် အခြား ထူးထွေ ဆန်းပြားသည့် ကာယသိဒ္ဓိ ပီယသိဒ္ဓိ အာကာသ သိဒ္ဓိ စသော လောကီကျိုးများ မဟုတ် ဟူသော အချက်ပင် ဖြစ်သည်။

ဗုဒ္ဓဘာသာဝင်များ နေ့စဉ် ဘုရားရှိခိုးတိုင်း သြကာသ ကန်တော့ခန်းမှ နေ၍ ရွတ်ဆို ဆုတောင်း နေကျ ဖြစ်သော မီးဘေး ရေဘေး ခိုးသူဘေး စသော ဘေးဆိုးများ - ဒုဗ္ဘိက္ခန္တရ သတ္ထန္တရ ရောဂန္တရ စသော ကပ်ဆိုးများ- ဉာတိဗျသန ဘောဂဗျသန စသော ပျက်စီးခြင်း ( ဗျသနတရား ) များမှ ယခု ပစ္စက္ခ ဘဝ၌ လွတ်ကင်းကာ ဥစ္စာ စီးပွား လာဘ်သာဘ များ တိုးတက်ဖွံ့ဖြိုး လိုကြသည့် ရိုးရိုးလောကီကျိုးများပင် ဖြစ်သည်။

လောကုတ္တရာကျိုး သက်သက်ကို ရှယ်ကိုး မြော်မှန်းသူများ အတွက် ရုပ်ပွားဆင်းတု ထုလုပ်မှု အချိုးအစားကို စီစစ်ရွေးချယ်ရန် မလိုသော်လည်း လောကီကျိုးကိုပါ ရှယ်ကိုး မြော်မှန်းသူများ အနေဖြင့်ကား ရုပ်ပွား ဆင်းတု ထုလုပ်မှု အချိုးအစားမှာ အနေအထား ကျနမှန်ကန်ဘို့ လိုအပ်လာပေသည်၊ အခြား ရုပ်ပွားဆင်းတုတော်များထက် ဒက္ခိဏသာခါ ထုလုပ်မှု၌ အချိုး အစား ကျန၍ အနေအထား မှန်ကန်ဘို့ရန် ပို၍ အရေးကြီးပေသည်။

**အချိုးအစား ၄-မျိုး**

ရုပ်ပွား ဆင်းတုတော် ထုလုပ်ရာ၌ ·ပုံတော် အချိုးအစားမှာ အခြေခံအားဖြင့် ၄·မျိုးရှိသည်၊ ၎င်းတို့မှာ—

( က ) အလုပ်သမား- လယ်သမား- ကုန်သည်- ပွဲစားများ ကိုးကွယ်သည့် အချိုးအစား၊

( ခ ) သူဌေး သူကြွယ်များ ကိုးကွယ်သည့် အချိုးအစား၊

( ဂ ) ရဟန်း သံဃာတော်များ- သူတော်စင် ယောဂီများ ကိုးကွယ်သည့် အချိုးအစား၊

( ဃ ) မင်းကျေးဇူးစဉ်များ မင်းမျိုး မင်းနွယ်များ ကိုးကွယ် သည့် အချိုးအစား၊

များ ဖြစ်သည်၊ ယင်းပုံတော် လေးမျိုးအနက် ပဌမအချိုး အစားကို 'မေးတော်စား' ဟူ၍လည်းကောင်း၊ ဒုတိယ အချိုးအစားကို 'နှုတ်ခမ်းတော်စား' ဟူ၍လည်းကောင်း၊ တတိယ အချိုးအစားကို 'နှာသီးတော်စား' ဟူ၍ လည်းကောင်း၊ စတုတ္ထ အချိုးအစားကို 'မျက်မှောင်တော်စား' ဟူ၍ လည်း ကောင်း အသီးသီး ဝေါဟာရ ပြုထားခဲ့ကြသည်။

မှုမှန်- နေရာမှန်

ဒကာ္ခိဏာဒါ ထုလုပ်ရာ၌ အထက်ပါပုံတော် အချိုးအစား ၄-မျိုးကို မှုမှန်အောင် ထုလုပ်ဘို့ လိုအပ်သကဲ့သို့ ကိုးကွယ်သူ ပုဂ္ဂိုလ် ၄-မျိုး အနေဖြင့်လည်း ကိုယ့်နေရာမှန်မှ နေကာ ကိုးကွယ်ဘို့ရန် ရွေးချယ်တတ်ဘို့ လိုပေသည်၊ ဥပမာ— သူဌေး သူကြွယ်များ ကိုး ကွယ်သည့် နှုတ်ခမ်းတော်စား ရုပ်ပွားဆင်းထုတော်ကို မင်း ကျေးဇူးစဉ်များအနေဖြင့် ကိုးကွယ်ရန် မသင့်ပေ၊ ထို့အတူ ရဟန်း သံဃာတော် များ ကိုးကွယ်သည့် နှာသီးတော်စား - အချိုး

အစား ရုပ်ပွားဆင်းထုတော်ကိုလည်း အလုပ်သမား၊ လယ်သမား ကုန်သည် ပွဲစားများ ကိုးကွယ်ရန် မသင့်ပေ၊ ဤသို့ စသည်ဖြင့် ဒက္ခိဏသာခါ ကိုးကွယ် ပူဇော်ကြသူများသည် ခွဲခြား သတ်မှတ်ထားသည့်အတိုင်း မူမှန် နေရာမှန် ဖြစ်အောင် ကိုးကွယ် ဘတ်ကြဘို့ လိုပေသည်။

ယင်းသို့ မူမှန် နေရာမှန် ဖြစ်အောင် ကိုးကွယ်ရန် အတွက် ရုပ်တုတော် ထုလုပ်စဉ်ကပင် အနေအထား ကျန မှန်ကန်နေရပေမည်။

## ဤကျမ်း၏ အဆို အမိန့်

ဤ ‘ ဒက္ခိဏသာခါ ထုလုပ်ကိုးကွယ်နည်း ’ ကျမ်းတွင် ကျမ်းဆရာ ဦးကြီးခင်သည် ဒက္ခိဏသာခါ ထုလုပ်ရာ၌ အချိုးအစားကျန၍ အနေအထား မှန်ကန်အောင် အခြေခံမှအစ အသေးစိတ်ဖော်ပြထားရာ ဒက္ခိဏသာခါ ကိုးကွယ်သူများအဘို့ ဤစာအုပ်သည် လမ်းညွှန်သဖွယ် လက်စွဲဘခုအနေဖြင့် ကောင်းကျိုးပြုနေမည်ဟု ယုံကြည်မိပေသည်။

ထို့ပြင် ဒက္ခိဏသာခါ ပေါ်ပေါက်လာသည့်သမိုင်း၊ ဒက္ခိဏသာခါ အမျိုးအစား၊ ဒက္ခိဏသာခါ အစီအမံ စသည် တို့ကို အနေကဇာ တင်ပြီးသည် အထိ ကျမ်းဆရာ ဦးကြီးခင်က ဤကျမ်း၌ သုတေသနပြုကာ အသေးစိတ် ဖော်ပြထားရာ သုတေသီများအနေဖြင့် ဤကျမ်းသည် တန်ဘိုး ကြီးလှပေသည်။

## ဤကျမ်း၏ ရည်ရွယ်ချက်

သို့ဖြစ်ရာ ဒက္ခိဏာသာခါ ရုပ်ပွား ဆင်းတုတော်ကို ဤကျမ်းက ညွှန်ကြားထားသည့် အတိုင်း ထုလုပ် ကိုးကွယ်ကြသူများ အဘို့ ဤကျမ်း၌ ဖော်ပြထားသော အကျိုးတရား များကို လက်တွေ့ ခံစားကြရသည် ဆိုလျှင်ကား ကျွန်ုပ်တို့သည် ဤကျမ်းကို ထုတ်ဝေရခြင်း၏ ရည်ရွယ်ချက် ပြီးမြောက် ပြည့်စုံပြီဟု ဝမ်းမြောက် နှမော သာဓုခေါ်ရမည် ဖြစ်ပေသည်။

မြင့်ဇေဆွ

၂၀—၁—၇၄

မြန်မာပြည်စာအုပ်တိုက်

၁၃၊ ဗိုလ်လမ်း၊ ရန်ကုန်မြို့။

၁၃၃၅-ခု၊ ပြာသို လဆန်း ၄ ရက်။

# ဒက္ခိဏသာခါ ထုလုပ် ကိုးကွယ်နည်း

---

**ပဏာမ**

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

ရူပကာယဿမံ ဗိမ္ဗံ၊
ပါသာဒိကံ သုနိမ္မိတံ၊
နတွာ ဒက္ခိဏသာခါ ဟံ၊
ကရိဿံ တဿ ဝဏ္ဏနံ။

(ပတျာဝတ္တ)

## အခန်း - ၁

### ဒက္ခိဏသာခါ-ကြာဖက်ဆောင်းသမိုင်း

သဗ္ဗညုတ ဉာဏသခင် အရှင်ဂေါတမ မြတ်စွာဘုရား ပရိနိဗ္ဗာန် ဝင်စံတော်မူပြီးနောက် သာသနာတော် ၂၃၇-ခုနှစ်တွင် ပါဋ္ဌလိပုတ်ပြည်ရှင် ဘုရင်သီရိဓမ္မာသောကမင်းကြီး လက်ထက် မဟာဗောဓိပင်၏ လက်ျာတောင်ကိုင်းကို ပင့်ဆောင်တော်မူရာတွင် ထိခိုက် ကျိုးပြတ်၍ ကျသော အခက် အလက် အရွက်တို့ကို မြတ်စွာဘုရား၏ ကိုယ်စားတော် ဗုဒ္ဓရုပ်ပွား စီမံထုလုပ်၍

ကိုးတိုင်း ကိုးဌာနတို့သို့ သာသနာပြုရန် ရဟန္တာ အရှင်မြတ်များကို ကြွမြန်းတော်မူကြစေသည်မှ အစ 'ဒက္ခိဏာသာခါ' ဟူသော ဗုဒ္ဓရုပ်ပွားတော်များ စတင် ပေါ်ပေါက်တော်မူလာကြပေသည် ဟု သမိုင်းစကားရပ် ရှိခဲ့ပေသည်။

မဟာဗောဓိပင်၏ လကျာ်တောင်ကိုင်း တည်း ဟူသော ဒက္ခိဏာသာခါ' ကို ထုလုပ်စီမံခြင်း ဖြစ်သဖြင့် ၎င်းရုပ်ပွားတော်များကို 'ဒက္ခိဏာသာခါဘုရား' ဟု ခေါ်ဝေါ် သမုတ်ကြခြင်း ဖြစ်ပေသည်၊ 'လကျာ်တောင်ကိုင်းဘုရား' ဟု ဆိုလိုခြင်း ဖြစ်ပေ၏။

[ သို့သော် ယခုအခါတွင်မူ လကျာ်တောင်ကိုင်းမှ အသား အရွက် ပါသည် ဖြစ်စေ မပါသည် ဖြစ်စေ ဆေးပေါင်း ပန်းပေါင်း စသည်နှင့် ဖြစ်စေ နံ့သင့် သစ်သားကို ဖြစ်စေ-၎င်းဒက္ခိဏာသာခါဘုရား အလားတူ ထုလုပ်ကာ ဒက္ခိဏာသာခါ ဟု ပင် ဘွဲ့တော်ချီလျက် ကိုးကွယ်ပူဇော်လျက် ရှိကြောင်း တွေ့မြင် သိရှိရပေ၏။ ]

ရဟန္တာအရှင်မြတ်တို့ ကိုးတိုင်းကိုးဌာနတို့သို့ သာသနာပြုရန် ကြွတော်မူကြရာဝယ် ၎င်းဒက္ခိဏာသာခါ ရုပ်ပွားတော်များကို ပင့်ဆောင်တော် မူခဲ့ကြပြီး ရောက်ရာ တိုင်း နိုင်ငံ တို့၌ ဘုရင်မင်းမြတ်တို့အား ကိုးကွယ် ပူဇော်ကြစေပေသည်။ ၎င်းဒက္ခိဏာသာခါ ရုပ်ပွားတော်များမှာ ကြာဖက်ဆောင်း ဒက္ခိဏာသာခါ ရုပ်ပွားတော်များ ကြပေ၏။

၎င်းကြာဖက်ဆောင်း ဒက္ခိဏာသာခါ ရုပ်ပွားတော်ကို ဒုဋ္ဌဂါမဏိမင်းကြီး လက်ထက်တွင် သီဟိုဠ်ကျွန်းသို့ အရှင် ဗုဒ္ဓရက္ခိတ ရဟန္တာမထေရ်မြတ် ပင့်ဆောင်ကာ ၎င်းမင်းကြီးအား ကိုးကွယ် ပူဇော်စေခဲ့ပေသည်။

ထိုမှ နောက်ပိုင်းတွင် သဘုံပြည်သို့၎င်း သရေခေတ္တရာပြည်သို့၎င်း သာသနာပြု ရဟန္တာအရှင်မြတ်တို့ ပင့်ဆောင် ရောက်ရှိစေခဲ့ပေသည်။

၎င်းနောက် အရှင်အရဟံ ရဟန္တာ အရှင်မြတ် ကိုယ်တော် ပင့်ဆောင်တော်မူခဲ့ကာ ပုဂံပြည်ဘုရင်အနော်ရထာမင်းမြတ် ကိုးကွယ်စေတော်မူခဲ့ပေသည်၊ ၎င်းနောက် ထီးလှိုင်ရှင် ကျန်စစ်မင်းတရား ဆက်လက် ကိုးကွယ်တော်မူခဲ့၏။

အလောင်းစည်သူ မင်းတရားကြီး လက်ထက်တော်တွင်ကား ၎င်းကြာဖက်ဆောင်း ဒက္ခိဏာသာခါ ရုပ်ပွားတော်ကို ဖောင်စကြာယာဉ်ပျံတော်ဦးတွင် ပင့်ဆောင် ပူဇော်လျက် လေးကျွန်းလုံးကို လှည့်လည်တော်မူခဲ့ပေသည်။

ထိုမှ နောက်ပိုင်းတွင်ကား ပင်းယခေတ် မြင်းစိုင်းခေတ် အင်းဝခေတ် စစ်ကိုင်းခေတ် အမရပူရခေတ် မန္တလေးခေတ် ဘိုးသို့တိုင်အောင် မြန်မာဘုရင်မင်းမြတ် အဆက်ဆက်တို့ တမြတ်တနိုး ကိုးကွယ်ပူဇော်ခဲ့ကြပေ၏။

ယင်းသို့ မြန်မာဘုရင်များ အဆက်ဆက် ဆည်းကပ် ကိုးကွယ် ပူဇော် နိုင်အောင်လည်း သက္ကရာဇ် ၇၈၈ ခုနှစ် နန်းတက်တော်မူသော အင်းဝခေတ် မိုးညှင်း မင်းတရား လက်ဆက်၌

သီဟိုဠ်ကျွန်းမှ ဒက္ခိဏာသာခါဘုရား အကြီးအငယ် အဆူငေ့ ၃၀၀ ကျော် ရောက်ရှိ လာကြောင်း – ယင်းဒက္ခိဏာ သာခါ ဘုရားများကို ဘုရင်မင်းမြတ်နှင့် တကွ မှူးမတ် ပြည်သူ ရှင်လူ အပေါင်းတို့ အမြတ်တနိုး ကိုးကွယ် ပူဇော်ကြကြောင်း–သမိုင်း ဟောင်း မှတ်တမ်းတို့၌ တွေ့ရှိရသည်။

ထိုသမိုင်းဟောင်း မှတ်တမ်းတို့၏ အဆိုအမိန့်သည် ယုတ္တိရှိ သည် ဟုလည်း မုံရွေးဇေတဝန် ဆရာတော် အရှင်အရိယာဝံသ အာဒိစ္စရံသီက အဆုံးအဖြတ် ပေးတော်မူခဲ့ဘူးလေသည်။

ဤပြဆိုခဲ့သော ဘုရင်မင်းမြတ် အဆက်ဆက်တို့ ကိုးကွယ် ပူဇော်ခဲ့ကြသော ရုပ်ပွားတော်များမှာ ဒက္ခိဏာသာခါ ကြာဖက် ဆောင်း ရုပ်ပွားတော်များပင် ဖြစ်ပေ၏။

မည်သည့်အတွက် ဒက္ခိဏာသာခါ ကြာဖက်ဆောင်း ရုပ်ပွား တော်ဟု ခေါ်လေသနည်း။

အမိပ္ပါယ်မှာ မြတ်စွာဘုရားသခင် မဟာလိန္ဒာအိုင်၌ သီတင်း သုံးတော်မူစဉ် အိုင်တွင်းမှ ကြာပွင့် ကြာဖက်တို့သည် ဘုရား သခင်၏ တန်ခိုးတော်ကြောင့် ထီးသဏ္ဍာန် မြတ်စွာဘုရား၏ ဦးခေါင်းတော်တွင် လာ၍ ဆောင်းလျက် တည်သည်ကို အစွဲ ပြု၍ ရုပ်ပွားတော် ထုလုပ်ရာတွင် ၎င်း ကြာဖက်ဆောင်းလျက် တည်နေဟန် ထုလုပ်ခြင်း ဖြစ်ပေ၏။

မှတ်ချက်။ ။ ဤ၌ ကြာဖက် ဆောင်းလျက် ထုလုပ်လျှင် ‘ ကြာဖက်ဆောင်း ဒက္ခိဏာသာခါ ’ ဖြစ်၍ ကြာပွင့်

ဆောင်းလျက် ထုလုပ်လျှင် ' ကြာပွင့်ဆောင်း ဒက္ခိဏာသာခါ ' ပင် ဖြစ်ပေ၏။

ဤ သမိုင်း၌ ကြာဖက်ဆောင်း ဟု ဆိုသော်လည်း အစီအမံတွင်မူ ကြာပွင့်ဖတ်တို့ ထပ်လျက် ဆောင်းပုံကိုပင် ဖော်ပြလျက် ပါရှိရာ ကြာဖက်ဆောင်း ဖြစ်ဟန်ရှိပြီး ကြာပွင့်-ကြာဖတ်မှ ကြာဖက် ဟု စာကူးပြောင်းလွဲခြင်းလည်း ဖြစ်နိုင်ပေ၏။

ဤ·ဒက္ခိဏာသာခါ ကြာဖက်ဆောင်း သမိုင်း အစီအစဉ်မှာ သီဟတော ဘုရား သမိုင်းဝင် အစီအမံ ဖြစ်၍ အစဉ် အဆက် သုသပ်ကာ မြတ်နိုးတနာ ပူဇာသက္ကာရ ပြုလျက် ကိုးကွယ်ခဲ့ကြပေသည်။

\+ \+ \+

## ၎င်းသမိုင်းအရ·ဒက္ခိဏာသာခါ ထုလုပ်ပုံ အစီအမံ

(သီဟတောဘုရားသမိုင်းဝင်)

ဒက္ခိဏာသာခါ ဘုရား ထုလုပ် ကိုးကွယ်လိုပါက မိမိ၏ မွေးနံ သစ်ကို ပလ္လင် ပြုလုပ်ပါ၊ သို့မဟုတ် ၇·နံပေါင်း (မိဿကနံပေါင်း) သစ်ကို ပလ္လင်တော် ပြုလုပ်ရမည်။

ဗောဓိပင် ၇·ပင်မှ အရွက် ၃၇·ရွက်စီနှင့် အသား အနည်းငယ်စီ ယူပါ၊ ၎င်းပြင် သီဟိုဠ် အနုရာဓ ဗောဓိပင်မှ အရွက်အသား၊ မဇ္ဈိမဒေသ မဟာဗောဓိမှ အရွက်နှင့် အသားတို့ကို၎င်း ဘန်ခိုးကြီးဘုရား ၇·ဆူတို့မှ ပန်းကို၎င်း နံ့သာမျိုး ငါးပါး

ပန်းပေါင်း ဂမုန်းပေါင်း မင်းပေါင်း နတ်ဆေးပေါင်း အင်းပေါင်းပြာ ပိဋကတ်သုံးပုံပြာတို့နှင့် ရော၍ အားလုံး သရိုးပြု၍ ဒက္ခိဏာသာခါ ကြာဖက်ဆောင်း ပုံတော် ထုရမည် ဖြစ်ရာ မွေးနံ့သစ်သားကို အလယ်မှ စိုက်ပြီး ၎င်းသရိုးနှင့် မံလျက် ထုလုပ်ရမည်၊ မွေးနံ့သစ်သား၏ တဘက်တချက်တွင် မိမိမူလဇာတာနှင့် အဋ္ဌမုခ် စတုတ္ထအင်းတို့ကို မိတ်ဂြိုဟ်ရံ၍ထည့်၊ ဂုဏ်တော် ၉-ပါးနှင့် ပဋ္ဌာန်း ၂၄-ပစ္စည်းပါ ရေး၍ ထည့်။

ဘုရားဉာဏ်တော် အမြင့်မှာ ၄-လက်မ, ၇-လက်မ, ၁၀ လက်မ, ၁၃-လက်မ, ၁၆-လက်မ, ၁၉-လက်မ, ၂၂-လက်မ စသည်ဖြင့် မိမိ ကိုးကွယ်လိုရာ ပြုလုပ်လေ။

ပလ္လင်တော်မှာ အဆင့်အားဖြင့် ၃-ဆင့်၊ အခဏ်းအားဖြင့် ၉-ခဏ်း ပြုလုပ်၍ ၎င်း ၉-ခဏ်းတွင်....

၁ - ဝိဇယုဿဝ ခရုသင်း-
၂ - အလောင်းတော် ငုံးမင်း-
၃ - အင်္ဂုလိမာလ ရဟန္တာမြတ်-
၄ - ပစ္စေကဗုဒ္ဓါ ဘုရား-
၅ - သိကြားမင်း-
၆ - ဝိဇ္ဇာရုပ်-
၇ - ဗြဟ္မာမင်းရုပ်-
၈ - နေမင်း-
၉ - လမင်း-

ပုံများကို တခဏ်းလျှင် ၁-ပုံစီ ပါရှိစေရမည်။

ပလ္လင်၏ အောက်တွင် တံဘိုင်း ၃ ထပ် ရံလျက် မုဋ္ဌလိန္ဒာအိုင် ပါရှိရမည်၊ အိုင်တွင်း၌ ကြာရံ ပါရှိ၍ ၎င်းကြာရုံတွင် အငုံ အဖူးနှင့် အပွင့် ပါစေရမည်၊ ၎င်းကြာရုံမှ ရုပ်ပွားတော်၏ နောက်ကျောဘက်တွင် ကြာရိုးသည် အပေါ်သို့ မြင့်စွာ တက်၍ ရုပ်ပွား တော်၏ ဦးခေါင်း ပေါ်တွင် ကြာ ပွင့် ဖတ် များ ဖြင့် ဆောင်းလျက် တည်နေရမည်။

ကြာပွင့်ဖတ် ၃-ပွင့် ၅ပွင့် ထပ်၍ ဆောင်းလိုက ကြာရိုး ၃-ရိုး ၅ရိုး တက်၍ ဆောင်းပါ။

၎င်းပြင် မုဋ္ဌလိန္ဒာအိုင်တွင်း၌ ငါးကြင်းရုပ်လည်း ခွေပတ် လျက် ပါရှိရမည် ဖြစ်၏။

ထိုမှတပါး အရှေ့ဘက် သက်နုံးတော် အနားး၌ အရေ ၃ ကြောင်း ဇလွယ်ပမာ ပါရှိစေရမည်။

\+ \+ \+

## မှို ၉-ချက် အစီအမံ

၁-၂- တင်ပါးတော် ၂-ဘက် ၁-ချက်စီ။
၃-၄- တတောင်ဆစ် ၂-ဘက် ၁-ချက်စီ။
၅-၆- ပခုံးတော် ၂-ဘက် ၁-ချက်စီ။
၇-၈- ဒူးတော် ၂-ဘက် ၁-ချက်စီ။
၉- နောက်စေ့တော်- ၁-ချက်။

ဤ-၉-ချက် ၉-ဌာနတို့၌ ဓါတ်တော် ၁-ဆူစီ၊ ပေါင်း-၉-ဆူ ဌာပနာကာ ခယားပွင့်သဏ္ဍာန် မှို ၉-ချက် ရိုက်၍ ပိတ်ရမည်။

မှိုကို ရွှေ ငွေ ကြေး စသည် တတ်စွမ်းရာ ပြုလုပ်နိုင်ပေ၏။

## ထုလုပ်ပုံ အစီအမံ၏ အဓိပ္ပါယ်များ

၁ • ၎င်းထုလုပ်ပုံ အစီအမံများတွင် ပလ္လင်တော် ၃-ဆင့် မှာ ဘုံသုံးပါးမှ လွတ်စေကြောင်း သဘော အဓိပ္ပါယ်ပင် ဖြစ်၏။

၂ • ပလ္လင်တော် ၉-ခဏ်းရှိ ပုံများအနက်—

(က) ဝိဇယုဿဝ ခရုသင်းမှာ သိကြားမင်း၏ ခရုသင်း ဖြစ်၍ ဘေးရန် ပပျောက်စေကြောင်းကို ပြ၏။

(ခ) အလောင်းတော် ငုံးမင်းပုံကား ကပ္ပဋ္ဌိတိ ကပ္ပါ တည့် မီးဘေးမှ ကင်းလွတ်စေကြောင်းကို ပြ၏။

(ဂ) အင်္ဂုလိမာလ ရဟန္တာမြွတ်ပုံကား အန္တရာယ် ကင်းစွာဖြင့် လွယ်လွယ်ကူကူ သားသွီး ဖွားမြင် စေတတ်ကြောင်းကို ပြ၏။

(ဃ) ပစ္စေကဗုဒ္ဓါ ဘုရားပုံကား နိုရောစျောန်၌ လိမ္မာတော်မူသော ပစ္စေကဗုဒ္ဓါ ဘုရားငယ်၏ တန်ခိုးတော်အားဖြင့် ရန်အန္တရာင့်အဖွဲ့ ဟူသမျှ မှ ကင်းလွတ်ခြင်း- မျက်မှောက်သော ဘဝ၌ ဒိဋ္ဌဓမ္မဝေဒနီယ အကျိုး ခံစားရခြင်းကို ပြ၏။

(င) သိကြားမင်း ပုံကား လိုအင်ဆန္ဒ ပြည့်ဝစေ ကြောင်း မကောင်းသော ဘေးအန္တရာယ်မှ ကာကွယ်ကြောင်းကို ပြ၏။

(စ) ဝိဇ္ဇာရုပ်ပုံကား ဘေးဥပဒ် အန္တရာယ် ဟူသမျှမှ ကာကွယ်ကြောင်းကို ပြ၏။

(ဆ) ပြဟ္မာမင်းရုပ်ကား အရာခပ်သိမ်းတို့၌ အဟိံသ ဘရား ရှေ့ထားကာ မေတ္တာဖြင့် လွှမ်းမိုး အောင်မြင်စေကြောင်းကို ပြ၏။

(ဇ) နေမင်းပုံကား မကောင်းသော ဂြိုဟ်ဆိုး ကြမ္မာဆိုး မှောင်တမတို့ကို ဖြိုခွင်း၍ အလင်း မင်္ဂလာ ပွားစေခြင်းကို ပြ၏။

(ဈ) လမင်းပုံကား အခါခပ်သိမ်း အေးငြိမ်းသာယာ မင်္ဂလာ ဟူသမျှနှင့် ပြည့်စုံစေကြောင်းကို ပြ၏။

၃ - ပလ္လင်တော် ၉-ခန်းမှာ ၉-တိုင်း ၉-ဌာနတို့သို့ သာ သနာတော် ပျံ့ပွားကြောင်းကို ပြသည့် အဓိပ္ပါယ် ဖြစ်၏။

၄ - မုဋ္ဌလိန္ဒာအိုင်ပုံကား ရေတွေ ကြာပမာ အေးမြရွှင် လန်း ချမ်းသာစေကြောင်း အဓိပ္ပါယ် ဖြစ်၏။

၅ - တံတိုင်း ၃- ထပ် ရံသည်ကား ဘေးဥပဒ် အန္တရာယ် ပေါင်း မကောင်းဟူသမျှကို ကာကွယ်စေကြောင်း အဓိပ္ပါယ် ဖြစ်၏။

၆ - ကြာရံ ကြာပွင့်တို့၏ အဓိပ္ပါယ်ကား အိုင်သာလျှင် ကန်သာလျှင် ကြာပေါက်သကဲ့သို့ အေးချမ်းသာယာ မင်္ဂလာ စီးပွား တိုးတက်ကြောင်းကို ပြ၏။

၇ - မြတ်စွာဘုရား၏ ဦးခေါင်းတော်၌ ကြာပွင့်ဖတ်များ

ဆောင်းသည့် အခိပ္ပါယ်ကား အေးချမ်းသာယာ ရန်ဘယာ ဟူသမျှ ကင်းစင်ပ၍ သုခချမ်းသာ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြောင်းကို ပြ၏။

၈ - ငါးကြင်း ရုပ်ပုံကား ငါးထောင်နှစ်ကြာ သာသနာ လျှင် တည်ရာတည်ကြောင်း နိမိတ်ကောင်းကို ပြ၏။

၉ - မှို ၉-ချက်ကား ဂုဏ်တော် ၉- ပါး အမှတ်ထားလျက် လေးစားသဒ္ဓါ ကိုးကွယ်ရာ ကိုးကွယ်ကြောင်းကို ပြ၏။

၁၀ - သင်္ကန်းတော် အရေး ၃- ကြောင်းကား မြတ်စွာဘုရားသည် မင်းသားဘဝ၌ စလွယ် ဆင်ရကြောင်းကိုရှင်း ကြီးကဲမြင့်မြတ်ကြောင်းကိုရှင်း ပြပေ၏။

\+ \+ \+

## ဥပမာ အစီအမံ

၁ - လကျ်ာ မျက်လုံးတော်၌ ရွှေစင်ကို ဥပနာလေ။

၂ - လက်ဝဲ မျက်လုံးတော်၌ ငွေစင်ကို ဥပနာ။

၃ - ခံတွင်းတော်၌ မိုးကြိုးသွားကိုဥပနာ။

၄ - မျက်မှောင်တော် ဒန်သေခတ်ကို ဥပနာ။

၅ - လက်ဝဲ မောင်းတော်၌ ဟင်းရှိင်းသေ ခတ်ကို ဥပနာ။

၆ - လကျ်ာမောင်းတော်၌ စိန်သေခတ် ဥပနာ။

၇ - ရင်ပတ်တော် အလည်၌ နဝရတ် ၉-ပါးနှင့် ခတ်တော် ဥပနာ။

၈ - နားတော် ၂ ဘက်၌—

> ဣဒ္ဓိဝိဓ ပရစိတ္တဝိဇာနန သောတပသာဒ သမ္ပန္နော
> အရဟံ သမ္မာသမ္ဗုဒ္ဓေါ လောကသ္မိံ။

ဤဂါထာကို ရွှေပြား ငွေပြားတွင် ရေး၍ လက်ဖွဲ့လိပ်ပြီး ဌာပနာလေ။

၉ - ရင်ပတ်တော်၌—

> ဣတိပိ ပိဋကတ္တယံ အနိစ္စံ ဒုက္ခံ အနတ္တံ၊ သတ္တဗောဇ္ဈင်္ဂါ အဋ္ဌင်္ဂိကော မဂ္ဂေါ စတ္တာရော သတိပဋ္ဌာနာ၊ သဗ္ဗညာ ဏန္တော၊ သဟဿ သူရိယော၊ ဩ နမော မေတ္တာနံ၊ ရာဇဘယံ၊ စောရဘယံ၊ အဂ္ဂိဘယံ၊ ဥဒကဘယံ၊ သတ္တ ဘယံ၊ သဗ္ဗဘယံ၊ ဇေယျော ဇေယျတု သဗ္ဗမင်္ဂလံ၊ အနိစ္စံ ဒုက္ခံ အနတ္တံ ပဋိစ္စသမုပ္ပါဒံ ခယဓမ္မံ ဝယဓမ္မံ ဝိရာဂဓမ္မံ နိရောဓဓမ္မံ သဗ္ဗအန္တရာယာပိ ဝိနဿန္တု အသေသ တော။

ဤဂါထာကို ရွှေ ငွေ အပြားတွင် ရေး၍ ယခင် နဝရတ် ၉-ပါးနှင့် ဓာတ်တော်တို့၏ အပြင်မှ ခွေပတ်၍ ဌာပနာ။

၁၀ - လကျာ ပခုံးတော်၌—

> နကာရော ကကုသန္ဓော မဟာပညော အာနုဘာဝေန မေတ္တာဥ္ဇ သဗ္ဗလောကသ္မိံ။

ရွှေးအတူ ရွှေငွေ အပြား ရရာတွင် ရေး၍ လိပ်ပြီး ဌာပနာ။

၁၁ - လည်ကုတ်တော်၌—

မောကာရော ကောဏာဂမဏော မဟာပညော အာနုဘာဝေန မေတ္တာဠ သဗ္ဗလောကသ္မိံ။

ရှေးအတူ ရွှေ ငွေ အပြား ရရာတွင် ရေး၍ လိပ်ပြီး ဌာပနာ။

၁၂ - လက်ဝဲ ပခုံးတော်၌—

ဗုကာရော ကဿပေါ မဟာပညော အာနုဘာဝေန မေတ္တာဠ သဗ္ဗလောကသ္မိံ။

ရှေးအတူ ရွှေငွေပြား ရရာတွင် ရေး၍ လိပ်ပြီး ဌာပနာ။

၁၃ - ဦးခေါင်းတော်၌—

ဒ္ဓါကာရော ဂေါတမော သကျပုတ္တော မဟာပညော အာနုဘာဝေန မေတ္တာဠ သဗ္ဗလောကသ္မိံ။

ရှေးအတူ ရွှေ ငွေပြား ရရာတွင် ရေး၍ လိပ်ပြီး ဌာပနာ။

၁၄ - ရင်ပတ်တော် အထက်ပိုင်း၌—

ယျကာယော အရိမေတ္တေယျော မဟာပညော အာနုဘာဝေန မေတ္တာဠ သဗ္ဗလောကသ္မိံ။

ရှေးအတူ ရွှေငွေပြား ရရာတွင် ရေး၍ လိပ်ပြီး ဌာပနာ။

၁၅ - မျက်မှောင်တော်၌—

ဣဒ္ဓိဝိဓ ပရစိတ္တာဝိဇာနန ပုဗ္ဗေနိဝါသ ဒိဗ္ဗစက္ခု ဒိဗ္ဗသောတ အာသဝက္ခယဉာဏံ အရဟံ သမ္မာသမ္ဗုဒ္ဓေါ လောကသ္မိံ။

ရှေးအတူ ရွှေငွေ ပြား ရရာတွင် ရေး၍ လိပ်ပြီးဌာပနာ။

၁၆ ရင်ပတ်တော် အောက်ပိုင်း ရင်ညွန့်တော်၌—

မေတ္တာဥ္စ၊ မဟာရာဇာ ပူဇိတာ၊ သဗ္ဗဒုက္ခာ ပမုစ္စန္တု၊ သဗ္ဗဘယာ သဗ္ဗကောဓာ ဝိနဿန္တု၊ သဗ္ဗံ မိတ္တံဝ၊ ကုမာရောဝ၊ ကုမာရိဝ၊ ဒါသောဝ၊ ဘစ္စောဝ၊ ဉာတ္တိဝ၊ ပုရိသောဝ၊ ဧဟိဧဟိ· အာဂစ္ဆေယျ· အာဂစ္ဆာဟိ၊ ကာလပရိယန္တံ·ပိယံ၊ အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ သတ္တာဒေဝ မနုဿာနံ၊ လောကာသ္မိံ။

ရွှေအတူ ရွှေငွေ ပြား ရရာတွင် ရေး၍ လိပ်ပြီး ဌာပနာ။

၁၇ - ပလ္လင်တော် အောက်၌ ဌာပနာရန်တား—

(က) ဉာဏဒေဝါ မဟိဒ္ဓိကာ ဒက္ခိဏသာခါဗုဒ္ဓံ လောကာသ္မိံ ရက္ခန္တု။

(ခ) စတုလောကပါလာဒေဝါ မဟိဒ္ဓိကာ ဒက္ခိဏသာခါဗုဒ္ဓံ လောကာသ္မိံ ရက္ခန္တု။

(ဂ) ဘုမ္မဋ္ဌဒေဝတာ မဟိဒ္ဓိကာ ဒက္ခိဏသာခါ ဗုဒ္ဓံ လောကာသ္မိံ ရက္ခန္တု။

(ဃ) ရုက္ခဋ္ဌဒေဝတာ မဟိဒ္ဓိကာ ဒက္ခိဏသာခါဗုဒ္ဓံ လောကာသ္မိံ ရက္ခန္တု။

(င) အာကာသဋ္ဌဒေဝတာ မဟိဒ္ဓိကာ ဒက္ခိဏသာခါဗုဒ္ဓံ လောကာသ္မိံ ရက္ခန္တု။

(စ) သဗ္ဗဒေဝါဒေဝီ မဟိဒ္ဓိကာ ဒက္ခိဏသာခါဗုဒ္ဓံ လောကာသ္မိံ ရက္ခန္တု။

(၁၀) သူရဿတီဒေဝီ မဟိဒ္ဓိကာ ဒက္ခိဏသာခါပုဒ္ဓံ လောကာသ္မိံ ရက္ခတု။

(၁၁) စန္ဒာဒေဝီ မဟိဒ္ဓိကာ ဒက္ခိဏသာခါပုဒ္ဓံ လောကာသ္မိံ ရက္ခတု။

၎င်းတို့ကို ရွှေပြား ငွေပြား ရရာတွင် လက်ဖွဲ့ တလုံးစီ ထိုး၍ ပလ္လင်တော် အောက်၌ ဌာပနာလေ။

၁၈ - ပလ္လင်တော် အောက်ဆင့်၌—

ဂေါတမောစ သကျပုတ္တော၊ ဝိဇ္ဇာစရ စတု ဒေဝါ ယသဿိနော၊ ဗောဓိရုက္ခ ဝရာဓာတု၊ စတုရာသီတိ သဟဿ ဓမ္မက္ခန္ဓံ၊ ဗုဒ္ဓရူပံ အရဟံ၊ ရက္ခန္တု-သဗ္ဗဘယံ ဝိနဿန္တု။

ရွှေအတူ ရွှေငွေပြား ရရာတွင် ရေး၍ လိပ်ပြီး ဌာပနာ။

၁၉ - ပလ္လင်တော် အောက်ဘက်၌—

သူရဿတီ၊ စန္ဒီ၊ ပရမေသွာရော၊ ဝိနာယကော၊ ဂေါရမန္တော၊ ပဥ္စဒေဝါ၊ ဘောဂံ-ဓနံ-သုဝဏ္ဏံ-ရဇတံ-ဣစ္ဆိတံ သမိဇ္ဈတု။

ရွှေအတူ ရွှေငွေပြား ရရာတွင် ရေး၍ ဌာပနာ။

၂၀ - လက်ျာ လက်ဝဲ တင်ပါးတော် ၂-ဘက်၌—

ဣစ္ဆန္တော သာသပဂဗ္ဘော၊
ဣတော စိတော စက်မတိ။

ဣစ္စန္တော စက္ကဝါဠမ္ဟိ၊
အတ္တဘာဝေန ဆာဒယိ။

ရှေးအတူ ရွှေငွေပြားရရာတွင် ရေး၍ လိပ်ပြီး တဘက်လျှင်တခု စီ ဌာပနာလေ။

၂၁ - မြီးညှောင်းရိုးတော်၌—

ဣစ္စန္တော စက္ကဝါဠေသု၊
သဟာသောသု စက္ကမန္တော။
ပါဠိဟာရံ ဒဿေတွာန၊
ဒေသေတိ နာနာဓမ္မေပိ။

ရှေးအတူ ဌာပနာ။

၂၂ - လက်ဖဝါးတော်- ၂ ဘက်၌—

ဣစ္စန္တော ယာဝဘဝဂ္ဂါ၊
ယထာ ဗာဟံ သမိဉ္ဇိတံ။
စင်္ကမတိ သယိဒ္ဓိနာ၊
ဗုဒ္ဓတေဇေန သံယုတာ။

ရှေးအတူ ဌာပနာ။

၂၃ - လက်ကြွဒူးတော်၌—

ဣစ္စန္တော အသာခါရဏံ၊
အနန္တဗုဒ္ဓ နိမ္မိတံ။
တာဝတိံသေ ဌပေတွာန၊
စင်္ကမတိ ကုရုဒီပံ။

ရှေးအတူ ဌာပနာ။

၂၄ - လက်ဝဲဒူးတော်၌—

ဣစ္ဆန္တော ယုဂန္ဓရေနု၊
သမ်ဂန္တံ့ သူရစန္ဒံ၊၊
ဇောတဝနေ သယန္တေနု၊
ဟတ္ထပါဒေဟိ အာမသိ၊၊

ရှေးအတူ ဌာပနာ၊၊

၂၅ - ပလ္လင်တော်အောက်၌—

ဟေဟိ မိတ္တံ ဟိတံ ပုညံ၊
ယထာ ယာစိကာတံ ဖလံ၊၊
ဟေဟိနန္ဒာ ပိယာ မာတာ၊
ပိယာသိရိ မယှံ ပိယာ၊၊

၎င်းဂါထာကို ရွှေငွေပြား ရရာတွင် ရေးပြီး အပြားလိုက် ပလ္လင်တော်အောက်က ခံလေ။

၎င်းနောက် ဤကျမ်း အခဏ်း(၇)တွင် ပါရှိသော သိဒ္ဓိတင်ခြင်း အနေကဇာတင်ခြင်း ဂုဏ်တော်ကျူးခြင်းများ အတိုင်း ပြုလုပ်စီရင်လေ။

# အခန်း-၂

## ပါဠိလိပ်ကိုက်း ဒက္ခိဏာသာခါ အစီအမံ

ဤဒက္ခိဏာသာခါ အစီအမံကား မလွယ်ကူ၊ ကိုယ်တိုင် ပဌမီ ရှုပ်များကို တွက်တတ်ပါမှုရင်း၊ ဗုဒ္ဓမြတ်စွာနှင့် ပတ်သက်သော ဗောဓိများ မြေများ ရရှိပါမှုရင်း၊ စီရင်နိုင်ပေမည်။

စီရင်ရမည်ကား- သက်သတ်လွတ် စားလျက် ဥပုသ်ရက် ရှည် စောင့်နေစဉ် အောက်ပါအတိုင်း စီရင်ပါလေ။

၁- ဗုဒ္ဓဂယာမှ ဗောဓိ—အရွက်နှင့် အကိုင်း။

၂- သီဟိုဠ် ဗောဓိ—အရွက် နှင့် အကိုင်း၊

၃- အခြား ဗောဓိ ၈- ပင်မှ အရွက် နှင့် အကိုင်း။

၄- မြန်မာပြည်မှ ဗောဓိပေါင်း အရွက် နှင့် အကိုင်း။

၅- မင်းပေါင်း။

၆- ဂမုန်းပေါင်း— ၃၆၀။

၇- နံ့သာငါးပါး။

၈- အင်းပေါင်း ၅၀၀၀-ပြာ။

No 2

၉ - ပိဋကတ် ၃ - ပုံ ပြာ။
၁၀ - ဓာမ္မဝါ ၉ - ခဏ်းပြာ။
၁၁ - ပရိတ်ကြီး စောင်လုံးပြာ။
၁၂ - ဘုရား ၅ ဆူ ပဋ္ဌမ်ရုပ်မှုံ့။
၁၃ - ဒေဝဝိသုဒ္ဓိ ပဋ္ဌမ်ရုပ်မှုံ့။
၁၄ - နှစ်ကျိပ်ရှစ်ဆူ ပဋ္ဌမ်ရုပ်မှုံ့။
၁၅ - နဝကိုရ ပဋ္ဌမ် ရုပ်မှုံ့။
၁၆ - တြိသိဟော ပဋ္ဌမ် ရုပ်မှုံ့။
၁၇ - ဘုရားဖွားတော်မူရာမှ မြေ။
၁၈ - ပရိနိဗ္ဗာန်ပြုတော်မူရာမှ မြေ။
၁၉ - မေ့စကြာ ဟောတော်မူရာမှ မြေ။
၂၀ - မဟာစေတီမှ နဝရတ် ၉ - ပါး မြေ။

၎င်းအားလုံး စု၍ သစ္စာနှင့် သရီး ပြုပြီး ဒက္ခိဏာသာခါ ထုလုပ်စီမံရပေသည်၊ လူသာမန်တို့ ပြုနိုင်ခဲလှပေ၏။

၎င်းရုပ်ပွားတော်၏ ကိုယ်တော်တွင်း၌ အောက်ပါ ဂါထာ ၁၀ - ပုဒ်ကို ငွေပြားတွင် ရေး၍ ဌာပနာရမည်။

၁ - ဣစ္ဆန္တော သာသပ ဂတ္တော၊
စက်မတိ ဣတော စိတော။
ဣစ္ဆန္တော စက္ကဝါဠံပိ၊
အတ္တဘာဝေန ဆာဒယိ။

၂။ ဣစ္ဆန္တော စက္ကဝါဠေသု၊
သဟဿေသု စင်္ကမန္တော။
ပါဋိဟာရိယံ အကာသိ၊
နာနာဓမ္မ မဒေသယိ။

၃။ ဣစ္ဆန္တော အသာဓာရဏံ၊
အနန္တ ဗုဒ္ဓ နိမ္မိတံ။
စင်္ကမန္တောပိ ခဏေန၊
မောစေသိ ဗန္ဓနာ ဗဟူ။

၄။ ဣစ္ဆန္တော ယာဝဘဝဂ္ဂံ၊
သမိဒ္ဓိတံ ဗာဟုံ ယထာ။
စင်္ကမတိ သယိဒ္ဓိနာ၊
ဗုဒ္ဓတေဇေန သံယုတံ။

၅။ ဣစ္ဆန္တော ယုဂန္ဓရေန၊
သမံ ဂန္တုံ သူရစန္ဒံ။
ဇေတဝနေ သယန္တေန၊
ဟတ္ထပါဒေန အာမသိ။

၆။ ဣစ္ဆန္တော အဓိဋ္ဌဟိတွာ၊
နိရောဓ သမာပဇ္ဇနံ။
သမ္ပန္နော ဌိတံ ကေနစိ၊
နေဝသက္ကောတိ ပိဋ္ဌိတုံ။

၇ - ဂုစ္ဆန္တော မိတ္တဝဏ္ဏောစ၊
သမ္ဗုဒ္ဓေါ ကာယသိ ဂုစ္ဆိတံ။
လောကဇေဋ္ဌံ စက္ကဝါဠံ၊
အနန္တ ဘူမ ဆာဒယိ။

၈ - နိလ္လယေ ဒေဝသူရေန၊
သမ္ပန္နော သေဋ္ဌိယာ။
ဘာဂဝါ ဒေဝသူရဿ၊
စက္ခုစမ္မှိ နိလ္လယိ။

၉ - ဗုဒ္ဓေါ သမ္ဗုဓါ အသုရာ၊
နုလာဒ္ဓေ အတ္တကာဒယတ္တံ။
န ပဿတိ ဝတံ ဗုဒ္ဓံ၊
အစိန္တေယျံ အပ္ပမေယျံ။

၁၀ - အနန္တဂမ္ဘေ ဂုဏတော စိတော၊
ဂုဒ္ဓိဝဏ္ဏောဝ သာသပေ။
အတ္တဘာဝေန ဆာဒယေ၊
ဧတေမေ ဇယမင်္ဂလံ။

ဤဂါထာ ၁၀-ပုဒ်ကို အထက်ပါ အတိုင်း ဌာပနာခြင်းစာ အုန်းတိုးဝေဆာ လိုရာဆန္ဒ ပြည့်ဝ စေကြောင်း ဖြစ်သတည်း။

\+ \+ \+

## ဘုရင်များ ကိုးကွယ်သော ဒက္ခိဏသာခါ အစီအမံ

အထက်တွင် ဖော်ပြသည့် အတိုင်း ဒက္ခိဏသာခါ ရုပ်ပွားတော်ကို ပလ္လင်နှင့်တကွ ကောင်းစွာ ထုလုပ်ပြီးလျှင် အောက်ပါ အစီအမံအတိုင်း စီရင်ပူဇော်ပနာခြင်း ပြုရမည်။

၁ - ရင်ပတ်တော်တွင်— ဣတိပိ သောဘဂဝါ အရဟံ။

၂ - လက်ဝဲ တင်ပါးတွင်— ဣတိပိ သောဘဂဝါ သမ္မာ သမ္ဗုဒ္ဓေါ။

၃ - လက်ျာဒူးတွင်— ဣတိပိ သောဘဂဝါ ဝိဇ္ဇာစရဏ သမ္ပန္နော။

၄ - လက်ျာတင်ပါးတွင်— ဣတိပိ သောဘဂဝါ သုဂတော။

၅ - လည်ကုပ်တော်တွင်— ဣတိပိ သောဘဂဝါ လောကဝိဒူ။

၆ - လက်ဝဲပခုံးတွင်— ဣတိပိ သောဘဂဝါ အနုတ္တရောပုရိသ ဒမ္မသာရထိ။

၇ - လက်ဝဲ ဒူးတော်တွင်— ဣတိပိ သောဘဂဝါ သတ္ထာ ဒေဝ မနုဿာနံ။

၈ - လက်ျာပခုံးတွင်— ဣတိပိ သောဘဂဝါ ဗုဒ္ဓေါ။

၉ - ခါးဆစ်တွင်— ဣတိပိ သောဘဂဝါ ဘဂဝါ။

ရွှေပြားတွင် အထက်ပါ အတိုင်း တပါးစီ ရေး၍ လိပ်ပြီး ဌာပနာလေ။

၁ - ပထဝီ ဗလ သုန္ဒရီ၊
သဗ္ဗညု ဗောဓိမဏ္ဍလံ။
အသင်္ချေယျံ မာရသေနံ၊
ဇေယျော ဇေယျတု မင်္ဂလံ။

၂ - ပထဝိယံ ဗဟူဇနာ၊
နာနာ ဂုစ္ဆိတ္တိ တောဇနာ။
သဗ္ဗဘောဂါ ပဇာနာမိ၊
ဇေယံ လာဘံ ဘာဝိဿတိ။

၃ - ဇယစက္ကော ဇယန္တော ဇယော။
ဇယိတဗ္ဗေ ဇယာသနေ။
ဇယာပေသိ ဇယေသိနံ၊
ဇယံဒေတု ဇယုတ္တရော။

၄ - အာကာသဋ္ဌာစ ဘူမဋ္ဌာ၊
ဒေဝနာဂါ မဟိဒ္ဓိကာ။
ဗောဓိရုက္ခာ ဝရာဓာတု၊
ဓမ္မက္ခန္ဓံ ဗုဒ္ဓရူပံ။
အာရဟံ ရက္ခန္တု ဒေဝတာ။

၅ - သဗ္ဗေဒေဝါစ ဗြဟ္မာစ၊
သက္ကရာဇာ မဟိဒ္ဓိကာ။
ဗောဓိရုက္ခာ ဝရာဓာတု၊

ဓမ္မက္ခန္ဓံ ဗုဒ္ဓရူပံ။
အရဟံ စိရံ ရက္ခန္တု ဒေဝတာ။

၇။ ပုရတ္ထိမေန ဓတရဋ္ဌော၊
မဟိဒ္ဓိကော ယသဿိနော။
ဗောဓိရုက္ခာ ဝရာဓာတု၊
ဓမ္မက္ခန္ဓံ ဗုဒ္ဓရူပံ။
အရဟံ စိရံ ရက္ခန္တု ဒေဝတာ။

၈။ ဒက္ခိဏေန ဝိရူဠှကော၊
မဟိဒ္ဓိကော ယသဿိနော။
ဗောဓိရုက္ခာ ဝရာဓာတု၊
ဓမ္မက္ခန္ဓံ ဗုဒ္ဓရူပံ။
အရဟံ စိရံ ရက္ခန္တု ဒေဝတာ။

၉။ ပစ္ဆိမေန ဝိရူပက္ခော၊
မဟိဒ္ဓိကော ယသဿိနော။
ဗောဓိရုက္ခာ ဝရာဓာတု၊
ဓမ္မက္ခန္ဓံ ဗုဒ္ဓရူပံ။
အရဟံ စိရံ ရက္ခန္တု ဒေဝတာ။

၁၀။ ဥတ္တရေန စ ကုဝေရော၊
မဟိဒ္ဓိကော ယသဿိနော။
ဗောဓိရုက္ခာ ဝရာဓာတု၊

ဓမ္မက္ခန္ဓံ ဗုဒ္ဓရူပံ။
အရဟံ စီရံ ရက္ခန္တု ဒေဝတာ။

၁၁ · ဝိဇ္ဇာစရဏ စတုဒေဝါ၊
မဟိဒ္ဓိကာ ယသသိနော။
ဗောဓိရုက္ခာ ဝရာစေတု၊
ဓမ္မက္ခန္ဓံ ဗုဒ္ဓရူပံ။
အရဟံ ရက္ခန္တု သဗ္ဗဒေဝတာ၊
သဗ္ဗဘယာ ဝိနာသန္တု။

၁၂ · သူရဿတိ စန္ဒိ ပရမေသွာ၊
မဟာပိဿနု ဂေါရမန္တာ ပဉ္စဒေဝါ၊
ဗောဓိရုက္ခာ ဝရာစေတု၊
ဓမ္မက္ခန္ဓံ ဗုဒ္ဓရူပံ။
အရဟံ ရက္ခန္တု ဒေဝတာ၊
ဘောဂါ ဓနာ သုဝဏ္ဏ ရဇတာ၊
ဉာစိတ္တံ သမိဇ္ဈန္တု။

ဤဂါထာ ၁၂-ပုဒ် တို့ကိုလည်း ရွှေပြားတွင် ရေး၍ ပလ္လင်တော်တွင် မြှုပ်နှံရမည်။

၎င်းနောက် အနေကဇာ ၃-ကြိမ်တင်၊ ရွှေသက်နီး ၃-ထပ်ချ၍ ဆွမ်းတော်ကပ်၊ ဗလိနတ်စာ ပ, သ, ၍ နတ်အများကို တိုင်ကြားပြီး အပ်နှံလေ။

\+ \+ \+

## ဗလိနတ်စာ ပ,သ,၍ နတ်အများကို တိုင်ကြား အပ်နှံခြင်း

ဇေယျုတု။ ။သာသနာတော်၊ စောင့်သော်မကွာ၊ တေဇာ ရှိန်ပြင်း၊ နတ်မင်း များစွာ၊ နတ်ဒေဝါတို့....။

ဗောဓိရုက္ခ၊ ဓာတ်များ မွေ့တော်၊ ထိုရော် တဖြာ၊ ဓမ္မက္ခန္ဓာ အမြွက်၊ ပိဋကတ်ပေါင်း၊ စုပေါင်း ပြုထ၊ ဗုဒ္ဓ ကိုယ်စား၊ ရုပ်ပွား ရူပံ၊ အရဟံဂုဏ်၊ ပြည့်စုံ ပါပြီ။

ဘုမ္မရုက္ခာ၊ အာကာသဋ္ဌ၊ လောကပါလာ၊ ဒေဝါ စတု၊ ဝိရုဠှကာ၊ ဝိရူပက္ခ၊ ကုဝေရနှင့်၊ ဓတရဋ္ဌ၊ နာဂမ ထင်ရှား၊ ရှင်နတ် များပြင်၊ ငါးပါး ခေါ်မှတ်၊ သူရဿတီ၊ စန္ဒီ ပရမေသွာ၊ မဟာပိန္နဲ၊ ကျောက်ဆဲ ပေစွ၊ ဂေါရမန္တာ၊ နတ်ဒေဝါတို့၊ ဝိဇ္ဇာ လေးပါး၊ ၇-ပါး ဒေဝီ၊ တလီ မယှင်း၊ အတွင်း သုံးဆယ်၊ ၇-သွယ် နတ်မင်း၊ စောင့်ခြင်း နိစ္စ၊ ဘေးရန် ပ,အောင်၊ စောင့်ကြပ်ကြပါ၊ နတ်ဒေဝါတို့။

ဒါယကာပေါင်း၊ သူတော်ကောင်းကို၊ လျှင်ကြောင်း မ,စ,၊ သုခ ချမ်းသာ၊ မကွာ ရိပ်ငြိမ်၊ စည်း စိမ် ဥစ္စာ၊ ရတနာမိုး၊ ရွာသွန်း ဖြိုးသို့၊ မညှိုး စေရာ၊ တန်ခိုး ဖြာလျက်၊ မကွာ နေ့ည၊ စောင့်ကြပ် ကြပါ၊ နတ်ဒေဝါတို့။

ဒါယကာများ၊ မေတ္တာပွားရှ၍၊ စိတ်ထားဖြူဘိ၊ ဗလိနတ်စာ၊ ကျွေးမွေး ပါသည်၊ ဟေိ-ဟေိ၊ ဘုဉ္ဇာဟိ-ဘုဉ္ဇာဟိ၊ စားတော်ခေါ်ပါ၊ နတ်ဒေဝါတို့။

ဒိနေ ဒိနေ၊ ဗုဒ္ဓသာသနေ၊ စီရံ ရက္ခန္တု၊ သဗ္ဗဒေဝတာ၊ မယံ ဣစ္ဆိတံ သမိဇ္ဈတု။

နတ်ကြီးငါးပါးပွဲ
ဝိဇ္ဇာလေးပါးပွဲ
အာကာသစိုး၊ ဘုမ္မစိုး ရက္ခစိုးပွဲ
ဒေဝီ ၇-ပါးပွဲ
၂၇-မင်းပွဲ

ပွဲစုံ ခင်းကျင်း၍ သုံးကြိမ် စားတော်တိုက်လေ။

# အခန်း-၃

## သီရိဓမ္မာသောက မင်းကြီး၏ ဒက္ခိဏာသာခါ
## အစီအမံ

ဒက္ခိဏာသာခါ ရုပ်ပွားတော် ထုလုပ် ကိုးကွယ်ခြင်း အဦး အစကား မဇ္ဈိမဒေသ ပါဋလိပုတ်ပြည့်ရှင် ဘုရင် သီရိဓမ္မာသောက မင်းကြီးသည် မဟာဗောဓိပင် တောင်ကိုင်းကို ဆေးဒန်း မြင်းသီလာဖြင့် ရေးသား ဖြတ်ပိုင်း၍ သီဟိုဠ်ကျွန်းကို အစိုးရသော ဒေဝနံပိယတိဿ မင်းကြီးအား သာသနာ့ လက်ဆောင် ပေးခဲ့ရာမှ စတင်ကြောင်းကို ဤကျမ်း၏ အစတွင် ဖော်ပြခဲ့ပြီး ဖြစ်သည်။

ထိုသို့ ပေးလိုက်ရာမှ ဗောဓိသား အကြွင်းအကျန်တို့ကို ထုလုပ် သောကြောင့် ဗောဓိပင်၏ တောင်ကိုင်း (ဒက္ခိဏာသာခါ)

ကို အစွဲပြု၍ ၎င်း ရုပ်ပွားထော်ကို ဒက္ခိဏသာခါ ဘုရား (တောင်ကိုင်းဘုရား) ဟု ခေါ်စမှတ် ပြုခဲ့ကြခြင်း ဖြစ်ပေ၏။

## ထုလုပ်ပုံ အချင်းအရာ

၎င်းဒက္ခိဏသာခါ ရုပ်ပွားတော် ထုလုပ်ရာဝယ် လောကီ လောကုတ္တရာ အကျိုးနှစ်ပါးကို ရည်သန်သောအားဖြင့်—

ကြာ ၉-ဖက် ဆောင်းခြင်း၊

ဂုဏ်တော် ၉-ပါး သွင်းရန် မို့ ၉-ချက် ရိုက်ခြင်း၊

ပလ္လင်တော် အောက်၌ ကြာပင် ကြာရုံ ထည့်သွင်းခြင်း၊

ငါး-ခရု-ပုဇွန်လုံး ပုံများ ထည့်သွင်းခြင်း၊

တို့ကို ပြုလျက် ကောင်းစွာ ထုလုပ် စီရင်ပြီးလျှင် ဓမ္မာ သောက မင်းကြီးသည် သာသနာတော် အရှည် စည်ပင်ပြန့် ပွားစေရန် မြို့ရွာ ဒေသ များသို့ ပေးပို့ လှူဒါန်းတော်မူလေခဲ့ သည်။

\+ \+ \+

## မိဖုရားကြီး၏ ဒက္ခိဏသာခါ အစီအမံ

ဤသို့ မင်းတရားကြီး ဒက္ခိဏသာခါ ရုပ်ပွားတော် ထုလုပ် စီရင်တော်မူသည်ကို မိဖုရားကြီး သိမြင်လေလျှင် ၎င်းသည် လည်း ဒက္ခိဏသာခါ ထုလုပ်ကိုးကွယ်ရန် အကြံ ဖြစ်ပေါ်၍ လာပေတော့၏။

သို့နှင့် မိဖုရားကြီးသည် အောက်ပါအတိုင်း ဒက္ခိဏာသာခါ ရုပ်ပွားတော်ကို ထုလုပ် စီမံလေ၏။

## မိဖုရားကြီး ထုလုပ်ပုံ အချင်းအရာ

မိဖုရားကြီး၏ ဒက္ခိဏာသာခါ ထုလုပ်ပုံ အစီအမံကား မင်းကြီး ထုလုပ်ရာမှ ကြွင်းကျန်သော ဗောဓိသားများနှင့် မဟာဗောဓိပင်မှ အလိုအလျောက် သွေ့ခြောက်၍ ကျလာသော ဗောဓိ အကိုင်း အခက် အရွက် အခြောက်တို့ကို စုပေါင်း ထုထောင်း၍ သစ္စေးဖြင့် သရိုးပြုကာ ထုလုပ်ပြီးလျှင်—

ကြာဖက် ၇-ရွက် ဆောင်းခြင်း၊
မှို ၇- ချက် ရိုက်ခြင်း၊
ပလ္လင်တော်အောက်၌ ကြာပင် ကြာရုံ ထည့်သွင်းခြင်း၊
ငါး- ခရု- ပုဇွန်လုံး ပုံများ ထည့်သွင်းခြင်း၊

တို့ကို ပြုစေကာ ကောင်းစွာ ထုလုပ် စီရင်စေ၏၊

ဤမှ စပြီးလျှင် ဘုရင် ထုလုပ်သော ဒက္ခိဏာသာခါ ဘုရားနှင့် မိဖုရား ထုလုပ်သော ဒက္ခိဏာသာခါ ဘုရား ဟူ၍ ၂-မျိုး ၂-စား ဖြစ်ပေါ်လာ ပေတော့၏။

ရင်း- ဒက္ခိဏာသာခါဘုရား ၂- မျိုး၏ ခြားနားခြင်းကား မှို ၉-ချက် ရိုက်၍ ကြာ ၉- ဖက်ဆောင်းသော ဘုရားမှာ ဘုရင် ထုမသာ ဘုရား၊ မှို ၇-ချက် ကြာ ၇-ဖက် ဆောင်းသော

ဘုရားမှာ မိဖုရား ထုသော ဘုရား ဟူ၍ မှို နှင့် ကြာများ ၉-ချက် ၉-ဖက် နှင့် ၇-ချက် ၇-ဖက် ကွာခြားပေသတည်း။

+ + +

## တိုက် သူကြီး၏ ဒက္ခိဏသာခါဘုရား

ရှေးအခါက ရန်ကုန်မြို့ သက်န်းကျွန်းဘက်၌ တိုက်သူကြီး ဘဦး၏ နေအိမ်တွင် မှန်ဘီဒို ကျောင်းဆောင်နှင့် ကောင်းမွန်စွာ ကိုးကွယ် ထားသော ရုပ်ပွားတော် ၃-ဆူ အနက် ဒက္ခိဏသာခါ ရုပ်ပွားတော်သည် တောင်ဘက်သို့ မျက်နှာ ပြု ထားရာမှ အရှေ့ဘက်သို့ မျက်နှာလှည့်၍ နေတတ်လေသည်။

သို့နှင့် တောင်ဘက်သို့ ပြန်၍ လှည့်ထားရာ ၁-ရက် ၂-ရက် အတွင်း အရှေ့ဘက်သို့ပင် လှည့်၍ နေပြန်လေသည်။

တိုက်သူကြီးကား ဘုရားကျောင်းဆောင် ရှိရာဘက်ကို ဦး ခေါင်းပြု၍ အိပ်နေကျဖြစ်ရာ တနေ့သော နံနက် အရုဏ်ဘက် တွင် လူတယောက် ဘုရားရှိခိုးနေသံကို ကြားရလေသည်၊ ဤ တွင် အိမ်သားများ၏ အသံ မဟုတ်ကြောင်း သိရသဖြင့်....

'ဟေ့....ဘယ်သူလဲ'

ဟု မေးလိုက်မိရာ....

'ငါပါကွ....'

ဟု ဘုရားရှိခိုးသူက ပြန်ပြောလေသည်။

ရှင်းပြင် ထိုဘုရားရှိခိုးလာသူက....

'ဟော့.... ငါပြောတာ မှတ်ထား၊ ငါဆိုပြမယ်....ဉမ် ဒက္ခိဏာသာခါ ဆောင်လေ၊ အသွားမတော် ရန်သူပေါ် ဂူဏ်တော်တံမြှက်လှဲ' ဟု ဆိုပြကာ အိမ်ပေါ်မှ ဆင်းသွားလေသည်။

ဤကား တိုက်သူကြီး၏ ကြုံတွေ့ရပုံ ဖြစ်ပေသည်။

ဒက္ခိဏာသာခါ ရုပ်ပွားတော်ကို ကိုးကွယ်ရခြင်းကား လော်ကီ လောကုတ္တရာ နှစ်ဖြာသောအကျိုး အတွက် ထူးကဲမွန်မြတ်လှပေကြောင်း လေးစား ယုံကြည်ကြရာ သတည်း။

—

# အခန်း-၄

## ရှေးပညာရှင်တို့၏ ဒက္ခိဏာသာခါ·ထုလုပ် ကိုးကွယ်နည်း

ဒက္ခိဏာသာခါဘုရား ထုပ်လုပ်ကိုးကွယ်ရာတွင် မိမိ၏ မွေးနံကို အမြစ်နံ· အညွန့်နံ ညှပ်၍ နေသော သစ်သားကို ထုလုပ်နိုင်လျှင် လွန်စွာ ကောင်းလှပေသည်။

သို့သော် ထိုသစ်မျိုးမှာ ရခဲသဖြင့် မိမိ မွေးနံ၏ အမြစ်အညွန့် ၂-နံပေါင်း သစ်သားကို ထုလုပ်လျှင် သင့်လှပေပြီ။

ဤကား နံသင့်သစ်ဖြင့် မခဲယဉ်း မပင်ပမ်းဘဲ ဒက္ခိဏာသာခါ ထုလုပ်ရန် ပြဆိုခြင်း ဖြစ်၏။

## ဒက္ခိဏာသာခါ ထုရန် နံ့သင့်သစ်များ

| | | |
|---|---|---|
| ၁ - | တနင်္ဂနွေ | ထောက်ကြန့် |
| ၂ - | တနင်္လာ | ဩဇာ |
| ၃ - | အင်္ဂါ | ကလော |
| ၄ - | ဗုဒ္ဓဟူး | စိန်ပန်း |
| ၅ - | ကြာသပတေး | လောက်သေ |
| ၆ - | သောကြာ | ပတောက် |
| ၇ - | စနေ | သစ်အယ် |

ဤနံ့သင့် သစ်များကား အမြစ်နှင့် အညွန့်တွဲ သစ်များပင် ဖြစ်ပေ၏၊ ၎င်းတို့ကို ရုပ်ပွားတော် သပ္ပါယ်စွာ ထုလုပ်လေ။

\+ + +

## ဒက္ခိဏာသာခါ ထုပုံ အချိုးအစား ၄-မျိုး

၁ - ရုပ်ပွားတော်၏ ပလ္လင်ခွေ ထိုင်တော်မူရာ ဒူးတော် အစွန်း ၂-ဘက် အကွာအဝေး၏ တပြန်ကို စမ္ဗခဏ်အခင်းမှ သို့မဟုတ် ထိုင်တော်မူရာ ပလ္လင်မျက်နှာပြင်မှ ထောက်၊ မေး တော်အထိ ထောက်၍ ထုလုပ်သော အချိုးအစားမှာ မေးတော် စား ဖြစ်၏။

ဆိုလိုသည်ကား မေးတော်စား ရုပ်ပွားတော်၏ မေးတော်

No. 3

အထိ ဉာဏ်တော် အမြင့်သည် ထိုဒူးစွန်း ၂ ဘက် တပြန် အထိ အကျ ရှိရမည်ဟု ဆိုလို၏။

၂ ‧ ဝင်းဒူးတော် ၂ ဘက်စွန်း တပြန်ဖြင့် နှုတ်ခမ်းတော်နှင့် အညီ ထုလျှင် နှုတ်ခမ်းတော်စား‧ အချိုးအစား ဖြစ်၏။

၃ ‧ ဝင်းဒူးတော် ၂ ‧ ဘက်စွန်း တပြန်ဖြင့် နှာသီးဖျားနှင့် အညီ ထုသော ရုပ်ပွားတော်မှာ နှာသီးတော်စား ဖြစ်၏။

၄ ‧ ဝင်းဒူးတော် ၂ ဘက်စွန်း တပြန်ဖြင့် မျက်မှောင်တော်နှင့်အညီထုသော ရုပ်ပွားတော်မှာ မျက်မှောင်တော်စား ဖြစ်၏။

ဤသို့လျှင် ရုပ်ပွားတော်၏ ဉာဏ်တော်အမြင့်နှင့် မျက်နှာတော်၏ ငုံ့ပုံ မော့ပုံ အချိုးအစားမှာ ၄ ‧ မျိုး ကွဲပြားပေ၏။

\+ \+ \+

ဒက္ခိဏသာခါ အချိုးအစား ၄ ‧ မျိုးနှင့်
ကိုးကွယ်အပ်သူ ၄ ‧ မျိုး

၁ ‧ မေးတော်စား–အချိုးအစားဖြင့် ထုလုပ်သော ရုပ်ပွားတော်ကား အတန်လျှင် မော့သော မျက်နှာတော် အနေအထား ရှိ၏။

‘ ငါသည်–ဤမိုးသောက်ယံ၌ အဘယ်သူအား ကယ်တင်အံ့နည်း ’ ဟု မဟာကရုဏာဉာဏ်တော်ဖြင့် လှမ်း

မျှော်၍ ကြည့်ရှုတော်မူသောအသွင်ကို ဆောင်တော်မူ၏။

၎င်းမေးတော်စား ရုပ်ပွားတော်ကို၊ ဆင်းရဲသားနှင့် ကုန်သည် လယ်လုပ်တို့ ကိုးကွယ်အပ်၏။

၂ - နှုတ်ခမ်းတော်စား- အချိုးအစားဖြင့် ထုလုပ်သော ရုပ်ပွားတော်တား မတ်သော မျက်နှာတော် အနေအထား ရှိ၏။

ပစ္စည်းလေးပါး စသည်တို့၌ တပ်မက်တော်မမူဘဲ အာလယ ပြတ်သောအသွင်ကို ဆောင်တော်မူ၏။

၎င်းနှုတ်ခမ်းတော်စား အမျိုးအစားဖြင့် ထုသော ရုပ်ပွားတော်ကို သူဌေးသူကြွယ်တို့ ကိုးကွယ်အပ်၏။

၃ - နှာသီးတော်စား-အချိုးအစားဖြင့် ထုလုပ်သော ရုပ်ပွားတော်ကား သင့်ရုံမျှ မော့တော်မူဟန့် မျက်နှာတော် အနေအထား ရှိ၏။

'ငါသည် ယနေ့ မည်သည့်တရားကို ဟော၍ မည်သည့်သိက္ခာပုဒ်တော်ကို ပညတ်ရအံ့နည်း' ဟု ရဟန်းပရိသတ်ကိုကြည့်ကာ 'ကာယနုတ္တ ဘိက္ခဝေ' စသည်ဖြင့် မေးတော်မူမည့် ဟန်အသွင်ကို ဆောင်တော်မူ၏။

၎င်းနှာသီးတော်စား ရုပ်ပွားတော်ကို ရဟန်းများနှင့် သူတော်စင်များ ကိုးကွယ်အပ်၏။

၄ - မျက်မှောင်တော်စား အချိုးအစားဖြင့် ထုလုပ်သော ရုပ်ပွားတော်ကား အတန်လျှင် ငုံ့သော မျက်နှာတော် အနေအထား ရှိတော်မူ၏။

စက္ခုန္ဒြေ မျက်လွှာတော် ချကာ အတုမရှိသော သီရိသမ္ပတ္တိကို ဆောင်လျက် လောကသုံးပါး၌ အထွဋ်အမြတ်ဆုံး ပုဂ္ဂိုလ် ဟူသော အသွင်ကို ဆောင်တော်မူ၏။

၎င်းမျက်မှောင်တော်စား ရုပ်ပွားတော်ကို မင်းမျိုး မင်းနွယ်များ မင်းဧကရာဇ်များ ကိုးကွယ်အပ်၏။

ဤသို့လျှင် ဒက္ခိဏာသာခါ ရုပ်ပွားတော်များကို ကိုးကွယ်ရာ၌ မျက်နှာတော် အနေအထားနှင့် အချိုးအစားအား လျော်စွာ မိမိတို့နှင့် ထိုက်သင့်သည့် အတိုင်း ထုလုပ် ကိုးကွယ်ရာသတည်း။

\+ + +

## ဒက္ခိဏာသာခါ စီရင် မှန်းမံခြင်း

ပြဆိုခဲ့သည့်အတိုင်း အချိုးအစားအား လျော်စွာ ပလ္လင်တော်နှင့်တကွ ထုလုပ်ပြီးသော ဒက္ခိဏာသာခါ ရုပ်ပွားတော်ကို အောက်ပါအတိုင်း ဆက်လက် စီရင် မှန်းမံပါလေ။

၁ - ပလ္လင်တော်ကို ပတ်၍ 'ဣတိပိ သော ဘဂဝါ အရဟံ' စသော ဂုဏ်တော်ကိုးပါးတို့ကို ကံညစ်နှင့်ရေးပါ။

၂ - ပလ္လင်တော် အောက်ဝယ် ကြာပင်ပုံ ငါးပုံ ခရုပုံ ပုဇွန်လုံးပုံ ဤပုံ ၄ - ခုတို့ကို သရိုးနှင့် ရုပ်လုံးပေါ် အောင် မွမ်းမံ။

၃ - ဦးခေါင်းတော် ပေါ်၌ သရိုးနှင့် ကြာဖက်ဆောင်းပုံ ပေါ်အောင် မွမ်းမံ။

၄ - မှို ၉ - ချက် အတွက်—

(က) မျက်မှောင်တော် ဗဟိုချက်
(ခ) လက်ျာ နားထင်
(ဂ) လက်ဝဲ နားထင်
(ဃ) လက်ျာ ပခုံးစွန်း
(င) လက်ဝဲ ပခုံးစွန်း
(စ) လက်ျာ လက်ကောက်ဝတ် အပေါ်ဘက်
(ဆ) လက်ဝဲ လက်ကောက်ဝတ် အပေါ်ဘက်
(ဇ) လက်ျာဒူး
(ဈ) လက်ဝဲဒူး

တို့တွင် အပေါက်ငယ် တပေါက်စီ ဖောက်ရမည်။

၅ - ပလ္လင်တော်နောက်ဘက်မှ ဌာပနာရန် အပေါက်ငယ် တခု ဖောက်ရမည်။

ဤအစီအမံများ ပြီးဆုံးပြည့်စုံခဲ့သော် အောက်ပါအတိုင်း ဆက်လက် စီရင်ပါလေ။

## မှို ၉ - ချက် အစီအမံ

၁ - သောဘဂဝါ ဣတိပိ အရဟံ

ဂုဏ်ကို ငွေပြားတွင် ရေးလိပ်ပြီး မျက်မှောင်တော် ဗဟိုချက် တည့်တည့်တွင် သွင်း။

၂ - သောဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ

ဂုဏ်ကို အလားတူရေးပြီး လကျ်ာနားထင်တွင် သွင်း။

၃ - သောဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏ သမ္ပန္နော

ဂုဏ်ကို အလားတူရေးပြီး လက်ဝဲ နားထင်တွင် သွင်း။

၄ - သောဘဂဝါ ဣတိပိ သုဂတော

ဂုဏ်ကို အလားတူရေးပြီး လကျ်ာပခုံးစွန်းမှာ သွင်း။

၅ - သောဘဂဝါ ဣတိပိ လောကဝိဒူ

ဂုဏ်ကို အလားတူ ရေးပြီး လက်ဝဲပခုံးစွန်းမှာ သွင်း။

၆ - သောဘဂဝါ ဣတိပိ အနုတ္တရောပုရိသ ဒမ္မသာရထိ

ဂုဏ်ကို အလားတူရေးပြီး လကျ်ာလက်ကောက်ဝတ်၏ အပေါက်မှာ သွင်း။

၇ - သောဘဂဝါ ဣတိပိ သတ္တာဒေဝမနုဿာနံ
ဂုဏ်ကို အလားတူရေးပြီး လက်ဝဲ လက်ထောက်ဝတီ မှာ သွင်း။

၈ - သောဘဂဝါ ဣတိပိ ဗုဒ္ဓေါ
ဂုဏ်ကို အလားတူရေးပြီး လက်ျာဒူးမှာ သွင်း။

၉ - သောဘဂဝါ ဣတိပိ ဘဂဝါ
ဂုဏ်ကို အလားတူ ရေးပြီး လက်ဝဲဒူးမှာ သွင်း။

ဂုဏ်မို့ ၉ - ချက်သွင်းရာတွင်၊ ဓာတ်တော် ၉- ဆူပါ သွင်းလေ၊ မရလျှင် မျက်မှောင်တော် အတွက် အနည်းဆုံး ၁ - ဆူ ရအောင် ရှာ၍ ထည့်ပါလေ။

\+ \+ \+

## ဒက္ခိဏာသာခါ ကိုးကွယ်ပုံ

ဒက္ခိဏာသာခါ ကိုးကွယ် ပူဇော်သောသူသည် နေ့စဉ် ဆွမ်း ရေချမ်း ပန်း ဆီမီးများ ကပ်လှူပူဇော်ရမည် ဖြစ်၏။

အရေးကိစ္စ တစုံတရာ ပေါ်ပေါက်ခဲ့သော် မိမိ ကိုယ်တိုင် အတွက်ဖြစ်စေ အခြားသူ အတွက် ဖြစ်စေ အောက်ပါအတိုင်း ပူဇော်၍ ဆုပန်ယူပါလေ။

ညဉ့်ဦးတွင် ဒက္ခိဏာသာခါ ရုပ်ပွားတော်ကို အရေးကိစ္စ ရှိသူ အတွက် ရေချမ်း ပန်း ဆီမီး ပူဇော်၍ ၎င်းနံက် အရုဏ်တက်တွင် ဆွမ်းတော်ကပ်လှူပြီး အရေးကိစ္စ ရှိသူ၏ အမည် နှင့် ကိစ္စကိုပါ ထည့်သွင်း၍....

'ဒက္ခိဏာသာခါ အရှင်မြတ်ဘုရား....၊ ဘုရား တပည့် တော် မောင်................ရိုသေစွာ လျှောက်ထားပါသည် ဘုရား၊ ယခုဆောင်ရွက်လျက်ရှိသော................ကိစ္စများ ထမြောက်အောင်မြင်ခြင်းသို့ ရောက်စေရန် စောင့်ရှောက် မ,စ,တော်မူပါ ဘုရား.... '

'သမ္မာဒေဝ နတ်အပေါင်း တို့ကိုလည်း အမျှပေး ဝေပါ၏၊ အမှုကိစ္စအောင်မြင်ခြင်းသို့ ရောက်ရန် စောင့် ရှောက်တော်မူကြပါကုန်လော့ '

ဤသို့ ဒက္ခိဏာသာခါ ရုပ်ပွားတော်အား လျှောက်ကြားပြီး သမ္မာဒေဝ နတ်များအားလည်း အမျှဝေ မေတ္တာပို့ကာ ဆုပန် ယူခြင်း ပြုရမည်။

ဤမျှ ဖော်ပြခဲ့သည် တို့ကား ရှေးပညာရှင်များ၏ ဒက္ခိဏာ သာခါစီရင် ထုလုပ် ကိုးကွယ် ပူဇော်ခြင်း ဖြစ်ပေသတည်း။

—

# အခန်း-၅

## ဆင်းတု ရုပ်ပွားတော် စတင်ပေါ်ပေါက်ခြင်း

ဒုက္ခိတာသာခါ ရုပ်ပွားတော်များ စီရင် ကိုးကွယ်ခြင်းနှင့် ပတ်သက်၍ ရုပ်ပွားတော် ဟူသော မြတ်စွာဘုရား၏ ကိုယ်စား ဆင်းတုတော်များသည် အတယ်တာလမှ စတင်ပေါ်ပေါက်လာသည် ရုပ်ပွားတော်ထုသွန်းအပ်သော အရာများသည် မည်သည့် အရာများဖြစ်သည်- မည်သို့သော ပုံသဏ္ဍာန်မျိုးများထုလုပ်အပ်သည်- ရုပ်ပွားတော် ထုသွန်းရာ၌ မည်သို့သော အချက်များကို သတိပြုအပ်သည်....စသော အချက်ရပ်များကို ဤကဏ္ဍတွင် ဖော်ပြပေအံ့။

မြတ်စွာဘုရားသခင်သည် ဝါပအံဓါတွင် ဒေသစာရီ ကြွချီတော်မူမြဲအတိုင်း ကြွချီတော်မူခိုက် တနေ့သ၌ ပသေနဒီ ကောသလမင်းကြီးသည် ဇေတဝန်ကျောင်းတော်တွင် မြတ်စွာ ဘုရား

ရှိနေတော်မူ၏ ဟူသောအမှတ်ဖြင့် ဖူးမြော်ကန်တော့ရန် သွား၍ ရောက်ခဲ့လေသည်။

ဇေတဝန်ကျောင်းတော်တား မြတ်စွာဘုရား ရှိတော်မူခိုက် မဟုတ်သဖြင့် ဆိတ်ဆိတ်ဖြစ်ခဲ့ရာ မင်းကြီးသည် စိတ်တော် မသာ မယာဖြစ်လျက် ကျောင်းတော်ကို ပန်း နံ့သာ ဆီမီး တို့ဖြင့် ပူဇော်၍ နန်းတော်သို့ ပြန်ကြွခဲ့ရပေတော့၏။

မြတ်စွာ ဗုဒ္ဓလည်း ဒေသစာရီ ကြွချီရာမှ ဇေတဝန်ကျောင်း-တော်သို့ တဖန် ရောက်ခဲ့ပြန်ပေရာ ဗုဒ္ဓ ပြန်လည်ရောက်ရှိတော်မူပြီဟု ကြားလျှင် ကောသလမင်းကြီးလည်း မှူးမတ် ဗိုလ်ပါ ခြံရံလျက် ဗုဒ္ဓအထံတော်သို့ သွားရောက်ပြီး....

'ဘုန်းတော် ၆-ပါးနှင့် ပြည့်စုံတော်မူသော ဗုဒ္ဓ ရှင်တော်ဘုရား....၊ အရှင်သည် ကျောင်းတော်၌ရှိပါသော် တရားကိုလည်း နာယူရပါ၏၊ သီလတော်ကိုလည်း ဆောက်တည် ရပါ၏၊ ဗုဒ္ဓသည် ကျောင်းတော်၌ မရှိခဲ့သော် ကျွန်ုပ်တို့သည် အလှူလည်း မပြုရ၊ တရားတော်လည်း မနာရ၊ သီတင်း သီလလည်း မတည်ဆောက်ရ ဖြစ်ခဲ့ရပါ၏၊ ထို့ကြောင့် ဗုဒ္ဓကိုယ်စား ရုပ်ပွားတော်ကို ထုလုပ်လိုပါသည်၊ ခွင့်ပြုတော်မူပါလော့ '

ဟု လျှောက်ထား တောင်းပန်၏။

မြတ်စွာဗုဒ္ဓလည်း သာဓု သုံးကြိမ် ခေါ်မြွက်ပြီးနောက် မင်းကြီး၏ လျှောက်ထားချက်ကို ခွင့်ပြုတော်မူခဲ့ပေ၏။

ထိုအခါမှ စလျက် ဆင်းတု ရုပ်ပွားတော်များ ပေါ်ပေါက်၍ လာခဲ့ပေတော့ သတည်း။

+ + +

## ရုပ်ပွားတော် ထုအပ်, သွန်းအပ်သည့် အရာဝတ္ထုများ

ရှင်တော်ဗုဒ္ဓသည် ကောသလမင်းကြီးအား မိမိ၏ ကိုယ်စားတော် ရုပ်ပွား ဆင်းတု ထုသွန်းရန် ခွင့်ပြုတော်မူရာ၌ ရုပ်ပွားတော် ထုအပ် သွန်းအပ် ပြုအပ်သည့် အရာဝတ္ထုများကိုပါ ဤသို့ မိန့်တော်မူခဲ့၏။

' မင်းကြီး....သဒ္ဓါ ပညာ ဝိရိယနှင့် ပြည့်စုံသော မင်း-ပုဏ္ဏား သူဌေး- သူကြွယ်- ဆင်းရဲသားတို့သည် မိမိတို့ တတ်စွမ်းသည်အား လျော်စွာ ငွေဖြင့်ရင်း ရွှေဖြင့်ရင်း ပတ္တမြားဖြင့်ရင်း ကြေးဖြင့်ရင်း သံဖြင့်ရင်း ခဲဖြင့်ရင်း ခပ်ပြာဖြင့်ရင်း ကြေးနီဖြင့်ရင်း သစ်ဖြင့်ရင်း အုတ်ဖြင့်ရင်း ကျောက်ဖြင့်ရင်း အဆင်းရှိသော ဆေးဖြင့်ရင်း ကျောက်မျက်ရှဲ တို့ဖြင့်ရင်း သွန်းသော်လည်း သွန်းအပ်၏၊ ထုသော်လည်း ထုအပ်၏၊ ရေးသော်လည်း ရေးအပ်၏ '

ဟု မြတ်စွာဘုရား၏ ကိုယ်စား ရုပ်ပွားတော် ထုလုပ်ခွင့် ပြုရာ၌ ထုအပ် သွန်းအပ် ပြုလုပ်အပ်သော အရာဝတ္ထုများကို ထုတ်ဖော် မိန့်မြွက်တော်မူခဲ့ပေ၏။

ဤမိန့်တော်မူချက်ကို အကြောင်းပြုလျက် ဆရာမြတ်တို့သည် အုတ်ကို ဘုရားတည်ရာဝယ် အင်္ဂတေသရွတ်များ ပါရသကဲ့သို့ သစ်ဖြင့်ရင်း ကျောက်မျက်ရွဲတို့ဖြင့်ရင်း ရုပ်ပွားထုရာ၌ သရိုးပါ အပ်၏ ဟူ၍ရင်း သစ်ကို အမှုန့်ပြုကာ သရိုးပြုလျက် ထုလုပ်အပ် ၏ ဟူ၍ရင်း သရိုးတွင် ဗောဓိပြာ ဂုဏ်တော်ပြာ ပိဋကတ်ပြာ များထည့်သွင်းအပ်၏ ဟူ၍ရင်း မိန့်ဆိုတော် မူကြပေ၏။

\+ \+ \+

## ရုပ်ပွားတော် ထုအပ် သွန်းအပ်သည့် ပုံသဏ္ဌာန်များ

ဗုဒ္ဓကိုယ်စား ရုပ်ပွားတော်များ ထုလုပ်ရာဝယ် မည်သို့သော ပုံသဏ္ဌာန်များကို ထုလုပ်ရမည် ဟူသော အချက်နှင့် ပတ်သက်၍ မြတ်စွာဘုရားသည် ကောသလမင်းကြီးအား မိန့်ကြားရာတွင်....

ထိုသို့ရုပ်ပွားတော် ထုသော် သွန်းသော် ရေးသော်—

ငါဘုရားသည် ဗောဓိပင်နှင့် ရွှေပလ္လင်၌ မာရ်စစ်သည် တို့ကို အောင်တော်မူဟန်ကိုရင်း။

ရတနာ စင်္ကြံ၌ စင်္ကြံသွားတော်မူဟန်ကိုရင်း။

အနိမ္မိသကုန်း၌ ရပ်တော်မူလျက် ဗောဓိပင်နှင့် ပလ္လင်တော် ကို မမှိတ်သော မျက်စိဖြင့် ကြည့်တော်မူဟန်ကိုရင်း။

ပဥ္စဝဂ္ဂီ ငါးဦးတို့အား ဓမ္မစက္က ဟောတော်မူဟန်ကိုရင်း။

အာဠဝရနှင့် ဥဒကတို့ ရှုံးခြင်းကြီးရှုံးလေစွတကား ဟု ရင် သက်ခတ်တီး၍ အံ့တော်မူဟန်ကိုရင်း။

အရှင်အာနန္ဒာအား လက်သန်းတော်ဖြင့် မြေမှုန့်ကို ကော်တော်မူပြီး 'အာနန္ဒာ—လက်သည်းဖျားတွင် ပါသော မြေမှုန့်သည် များသလော၊ နှစ်သိန်းလေးသောင်း ယူဇနာ အထုရှိသော မြေကြီးသည် များသလော' ဟု လက်သန်းတော်ကို မြှောက်လျက် ပြတော်မူဟန်ကိုရင်း။

ကပ္ပိန္နမင်းကို ရုပ်တုဖန်ဆင်း၍ ပြတော်မူဟန်ကိုရင်း။

လျှောင်းစက် ကျိန်းတော်မူဟန်ကိုရင်း။

ပရိနိဗ္ဗာန်ပြုတော်မူဟန်ကိုရင်း ထုရာ၏၊ သွန်းရာ၏၊ ရေးရာ၏ ဟု မိန့်မြွက်တော်မူခဲ့လေသည်။

ဤသို့ မိန့်မြွက်ရာ၌—

(၁) မာရ်စစ်သည် အောင်တော်မူဟန်။
ဓမ္မစက္က ဟောတော်မူဟန်။
ရင်လက်ခတ်တီးဟန်။
အရှင်အာနန္ဒာအား မြေမှုန့်ပြတော်မူဟန်။
ကပ္ပိန္နမင်းကြီးကို ဖန်ဆင်းပြတော်မူဟန်။
တို့မှာ ပလ္လင်ခွေ ထိုင်တော်မူပုံများ ဖြစ်၏။

(၂) ရတနာစင်္ကြံ၌ စင်္ကြံသွားတော်မူပုံမှာ လှမ်းတော်မူပုံဖြစ်ပေ၏။

( ၃ ) အနိမ္မိသကုန်း၌ မမှိတ်သော မျက်စိဖြင့် ကြည့်တော
မူပုံမှာ ရပ်တော်မူပုံများ ဖြစ်၏။

( ၄ ) လျှောင်းစက်ကျိန်းတော်မူပုံ နှင့် ပရိနိဗ္ဗာန်ပြုတော်
ပုံတို့မှာ လျှောင်းတော်မူပုံများ ဖြစ်ကြပေ၏။

မှတ်ချက်။ ။ဆရာမြတ် အချို့ အလိုအားဖြင့် မြေမှုန့်ကို ပြ
တော်မူဟန်မှာ ရပ်တော်မူပုံ ဖြစ်ပေ၏။

စင်္ကြံသွားတော် မူပုံ ဖြစ်သည့် လှမ်းတော်မူပုံသည်
လည်း ရပ်တော်မူပုံ၌ ပါဝင်ပေ၏။

\+ \+ \+

## လျှောင်းတော်မူ ၄-မျိုး

လျှောင်းတော်မူပုံ အမျိုးအစားကား ကျိန်းစက်တော်မူပုံနှင့် ပရိနိဗ္ဗာန်ပြုတော်မူပုံဟူ၍ ၂-မျိုးသာ ရှိပေ၏၊ အကြောင်းသော် မြတ်စွာဘုရားတို့ မည်သည် အိပ်လျက် (ဝါ) လျှောင်းလျက် ပြောဟောတော်မူမြဲ မဟုတ်သောကြောင့်တည်း။

ထို ၂-မျိုးတွင် ကျိန်းစက်တော်မူဟန်၌—

၁- ရှင်ပင်ပေါင်းလဲ ( ဝါ ) ရှင်ပင်ပေါင်းလောင်း။

၂- ရှင်ပင်သာလျှောင်း။

၃- ရှင်ပင်နေရဗာန်။

ဟူ၍ ၃-မျိုးရှိရာ ထို၃-မျိုးတွင် နှစ်ကျိပ်ရှစ်ဆူ ဆရာတော်ဘုရား၏ အလိုအားဖြင့်—

၁ · အရှေ့သို့ ဦးခေါင်းပြုလျှင် ရှင်ပင်ပေါင်းလောင်း။

၂ · တောင်သို့ ဦးခေါင်းပြုလျှင် ရှင်ပင်သာလျှောင်း။

၃ · အနောက်သို့ ဦးခေါင်းပြုလျှင် ရှင်ပင်နေရဗာန်။

ဟူ၍ ပြဆိုတော်မူပေ၏။

ဆရာမြတ် အချို့ကမူ—

အရှေ့ ဦးခေါင်းပြုလျှင် ရှင်ပင်သာလျှောင်း။

အနောက် ဦးခေါင်းပြုလျှင် ရှင်ပင်ပေါင်းလဲ။

တောင်သို့ ဦးခေါင်းပြုလျှင် ရှင်ပင်နေရဗာန်။

ဟု မိန့်တော်မူ ကြပေ၏။

ပရိနိဗ္ဗာန်ပြုတော်မူဟန်တွင်ကား မြောက်အရပ်သို့ ဦးခေါင်းပြုခြင်း ၁-မျိုးသာရှိပေ၏၊ ထို့ကြောင့် မြောက်အရပ်သို့ဦးခေါင်းပြုလျှင် ရှင်ပင်ပရိနိဗ္ဗာန် ဟူ၍ မှတ်ရာ၏။

နှစ်ကျိပ်ရှစ်ဆူဆရာတော်ဘုရား အလိုကျ လင်္ကာ—

အရှေ့ ပေါင်းလောင်း၊ တောင် သာလျှောင်း၊
နောက်စောင်း နေရဗာန်၊ မြောက် နိဗ္ဗာန်၊
မှတ်ရန် အလွယ်တည်း။

\+ \+ \+

## ရုပ်ပွားတော် ထုရာ သွန်းရာ၌ သတိ ပြုအပ်သည့် အချက်များ

ရုပ်ပွားတော်များ ထုသွန်းရာ၌ ပါသာဒိက ဂုဏ်တော်နှင့် ပြည့်စုံအောင် ကြည်ညိုဖွယ် အသရေတော် ဆောင်နေသည့် ပုံမျိုး ထုရမည်။

တတ်နိုင်သမျှ လက္ခဏာတော်ကြီး လက္ခဏာတော်ငယ်တို့နှင့် ပြည့်စုံသည့် အသွင်ကို ဆောင်အောင် ထုလုပ်ရမည်။

လှပစေရန် ဟူသော ရည်ရွယ်ချက်ဖြင့် မိန်းမတို့၏ မျက်နှာ အသွင်မျိုး ကဲ့သို့ မထုလုပ်အပ်။

၁ - ကြည်ညိုဖွယ် ကောင်းသော လက်တဘက်ကို ဆန့်တန်း၍ ထားခြင်း၊

၂ - လည်ကုပ်တို့နှင့် ပူးအိုင့်စွာ ထုခြင်း၊

၃ - ဝမ်းဗိုက်ပူနှင့် ထုခြင်း၊

၄ - မျောက် မျက်နှာ ပမာ မျက်နှာပေါက် ဆိုးစွာ ထုခြင်း၊

၅ - မြေဘုတ် ဘီလူးပမာ ကြောက်မက်ဖွယ် မျက်နှာ ထုခြင်း—

စသော ကြည်ညိုဖွယ် တင့်တယ်မှု ကင်းသော ပုံသဏ္ဌာန်မျိုးများ မထုလုပ်အပ်ပေ။

ပါသာဒိကာ ဂုဏ်တော်နှင့် ပြည့်စုံရမည် ဟူသော သဘောကို မသိနားမလည်ကြသူတို့ကား—

'ဒက္ခိဏာသာခါ ရုပ်ပွားတော် ထုလုပ်ရာဝယ် ယာ လက်တော်ကို တန်း၍ ဆင်းရမည်၊ မကွေးရ၊ လည်ကုပ် တို့နှင့် ပုဒ်ဒိုင့်စွာ ထုရမည်၊ မျက်နှာပေါက် ဆိုးရမည်'

ဟူ၍ပင် ပြောဆိုနေကြရုံမျှ မက ပန်းပုဆရာကိုပင် ထိုပုံမျိုး အတိုင်း ထုခိုင်းတတ်ကြသဖြင့် ပန်းပုဆရာများကလည်း ထိုပုံ မျိုးကိုပင် အသင့် ထုလုပ်ကာ ရောင်းချတတ်ပေ၏။

ထို့ကြောင့် ထိုကဲ့သို့သော မပြုအပ်သည့် ပါသာဒိကဂုဏ် ကင်းမဲ့သော ရုပ်သဏ္ဌာန်မျိုး မထုမလုပ်ကြမိစေရန် သတိရှိကြ ဘို့ အကျဉ်းမျှ ဖော်ပြရပေသတည်း။

—

No. 4

# အခန်း – ၆

## ဝိဇ္ဇာမယ ဒက္ခိဏသာခါ အစီအမံများ

ဤ၌ ဝိဇ္ဇာမယ ဒက္ခိဏသာခါ အစီအမံများ ဟူရာဝယ် ဒက္ခိဏသာခါ ရုပ်ပွားတော် ထုလုပ် ကိုးကွယ်ရာ၌ လောကီ အစီအမံ ပညာရပ်များ တွဲဘက်၍ စီမံ ကိုးကွယ်ခြင်းကို ဆိုလို ပေ၏။

ကျွန်ုပ်တို့ကား ဤအခန်း၌ ကျွန်ုပ်တို့၏ ဆရာကြီး များ အစဉ်အဆက် ပြုလုပ် စီရင်ခဲ့သော အစီအမံများကိုသာ ပြဆို မည် ဖြစ်ပေ၏။

ဝိဇ္ဇာမယ ဒက္ခိဏသာခါ အစီအမံများကား—

၁ . နံသင့်သစ်ဖြင့် ဝိဇ္ဇာမယ ပညာ တွဲဘက်ကာ စီမံ ခြင်း—

၂ - ဗေဒါခံပေါင်းဖြင့် ဝိဇ္ဇာမယ ပညာနှင့် စီမံခြင်း—
၃ - ဂမုန်းပေါင်းဖြင့် ဝိဇ္ဇာမယ ပညာနှင့် စီမံခြင်း—
၄ - အင်းပေါင်းဖြင့် ဝိဇ္ဇာမယ ပညာနှင့် စီမံခြင်း—
၅ - ဒက္ခိဏသာခါ ဓမ္မစေတီဘုရား စီမံခြင်း—
၆ - ဒက္ခိဏသာခါ ပုံတော်ရေး အစီအမံ—
၇ - ဒက္ခိဏသာခါ ဒီပံ အစီအမံများ—

စသည်ဖြင့် များပြားလှပေရာ ဤတွင် ကျွန်ုပ်တို့သည် အစီအမံရှိ မခဲယဉ်းလှတဲ့ ပညာလိုလားသူတိုင်း ပြုလုပ်နိုင်မည့် အစီအမံလည်း ဖြစ်စေ - ဝိဇ္ဇာမယိဒ္ဓိ သိဒ္ဓိထူးခြား စီးပွားလည်းပေး ရန်ဘေးကင်းကွာ ဂူဠ္ဌာသယ ဆန္ဒပြည့်စုံ ဂုဏ်အင်ကြီးမားလှသည့် အစီရင်လည်း ဖြစ်စေ ဟူသော စေတနာဖြင့် ကောင်းစွာ ရေးသား ဖော်ပြမည် ဖြစ်ပေ၏။

ရှေ့ပိုင်းတွင် ပြခဲ့သော ဒက္ခိဏသာခါ အစီအမံ များမှာ လောကီဝိဇ္ဇာမယ အစီအမံနှင့် မကင်းကွာစေဘဲမူ ဝိဇ္ဇာမယ သက်သက် အစီအမံကား မဟုတ်ပေ။

ထို့ကြောင့် ဤကဏ္ဍတွင် ဝိဇ္ဇာမယ အစီအမံ သက်သက် အဖြစ် ဆရာကြီးများထံမှ လဒ္ဓေါပဒေသအတိုင်း ရေးသား ဖော်ပြမည် ဖြစ်ပေသတည်း။

\+ + +

## နံသင့် ဝိဇ္ဇာမယ ဒက္ခိဏာသာခါ အစီအမံ

စည်းစိမ်ဥစ္စာ ရာထူးဌာနန္တရ တည်တံ့စေရန် ရည်စူးရာဝယ် အမြစ် အညွန့် နှစ်နံတွဲ သစ်ကို ယူ၍– စီးပွား လာဘ်လာဘကို လိုရာဝယ် ပဥ္စပွတ်သစ်ကို ယူပြီး– အနာရောဂါ ကင်း၍ အသက်ရှည်စေ လိုရာဝယ် မွေးနံသစ်ကို ယူကြရပေသည်။

မိမိ နံ နှင့် တြိရန်းနံ တွဲနေသော သစ်ကိုင်း စတုရန်းနံ သစ်ကိုင်း မည်သည့်အခါမျှ အသုံးမပြုရပေ၊ အကယ်၍ အသုံးပြုလျှင် လိုအင်ဆန္ဒ ဟူသမျှ ပျက်စီးရတတ်ပေသည်။

၎င်းကား နံသင့်သစ်များကို အကျိုးပေးပုံနှင့် တကွ ဖော်ပြရခြင်း ဖြစ်၏။

၎င်းသို့ အမြစ် အညွန့် ၂-နံတွဲ သစ်သည် စီးပွားဥစ္စာ အလုပ်အကိုင် တည်တံ့စေခြင်း, ပဥ္စပွတ်သစ်သည် စီးပွား လာဘ်လာဘကို ရစေတတ်ခြင်း, မွေးနံသစ်သည် အန္တရာယ်ကင်း၍ အသက်ရှည်စေ တတ်ခြင်း, သဘောများ အသီးသီး ရှိကြစေကာမူ ဒက္ခိဏာသာခါ အတွက် အစီအမံ ပြုရာ၌–

(က) အမြစ် အညွန့် ၂-နံတွဲကို ယူသည် ဖြစ်စေ–

(ခ) ပဥ္စပွတ်ကို ပင် ယူသည် ဖြစ်စေ–

(ဂ) မွေးနံသစ်ကို ပင် ယူသည် ဖြစ်စေ–

စီးပွားဥစ္စာ ရာထူးဌာနန္တရ အလုပ်အကိုင် တည်တံ့ခြင်း, စီးပွား လာဘ်လာဘ ရစေခြင်း, ရောဂါအနာ နှင့် အန္တရာယ် ဘေး

အပေါင်း ဇာင်း၍ အသက်ရှည်ခြင်း ဟူသော အကျိုးအားလုံးကို ရရှိစေသည်သာ ဖြစ်၏။

အကြောင်းကား ဒက္ခိဏာသာခါ ဟူသော ဗုဒ္ဓမြတ်စွာ၏ ကိုယ်စား ရုပ်ပွားတော်ကို အမှီပြုရသောကြောင့်တည်း။

ထို့ကြောင့် ဤ၌ ထိုသစ် ၃ - မျိုး အနက် နှစ်သက်ရာ သို့မဟုတ် ရလွယ်ရာ သစ်ကို စီရင်ပါလေ။

\+ \+ \+

## အမြစ် အညွန့်တွဲ သစ်များ

| | |
|---|---|
| တနင်္ဂနွေ | ထောက်ကြန့် |
| တနင်္လာ | ဩဇာ |
| အင်္ဂါ | ကလော |
| ဗုဒ္ဓဟူး | စိန်ပန်း |
| ကြာသပတေး | လောက်သေ |
| သောကြာ | ပိတောက် |
| စနေ | သစ်အယ် |

\+ \+ \+

## ပဋ္ဌပွတ် သစ်များ

| | |
|---|---|
| တနင်္ဂနွေ | ပေါက် |
| တနင်္လာ | သီး |
| အင်္ဂါ | ထိန် |
| ဗုဒ္ဓဟူး | အင် |
| ကြာသပတေး | ကျွန်း |
| သောကြာ | ညောင် |
| စနေ | လင်းလွန်း |

+ + +

## မွေး နံ သစ် များ

| | |
|---|---|
| တနင်္ဂနွေ | အင် |
| တနင်္လာ | ကျွန်း |
| အင်္ဂါ | ညောင် |
| ဗုဒ္ဓဟူး | လင်းလွန်း |
| ကြာသပတေး | ပေါက် |
| သောကြာ | သီး |
| စနေ | ထိန် |

## ရင်း နံ့ သင့် သစ်များကို ပလ္လင်တော် စီမံခြင်း

ဤပြခဲ့သော နံ့သင့် သစ်များကို ဒက္ခိဏာသာခါရုပ်ပွားတော် ထုလုပ်ရမည်လော။

မဟုတ်ပေ၊ ဒက္ခိဏာသာခါ ဟူသည်မှာ ဗောဓိပင် တောင်ကိုင်း၏ အခေါက် အသား အရွက် ပါရှိမှ ဒက္ခိဏာသာခါ မည်ပေသည်၊ အခြားသစ်များကို ဒက္ခိဏာသာခါ မစီမံရ။

ရင်း နေ့သင့် သစ်များကား ဒက္ခိဏာသာခါ ရုပ်ပွားတော် စီမံရန်မဟုတ်၊ ဒက္ခိဏာသာခါ ရုပ်ပွားတော်အတွက် ပလ္လင် စီမံရန်သာ ဖြစ်၏။

ပလ္လင်တော်ကို နံ့သင့်သစ်နှင့် စီမံခြင်းသည် ပင်လျှင် နံ့သင့် ဝိဇ္ဇာမယ ဒက္ခိဏာသာခါ အစီအမံ မည်ပေတော့၏။

မှတ်ချက်။ ။ ဒက္ခိဏာသာခါ ရုပ်ပွားတော်၏ ကိုယ်တော်တခုလုံးတွင် ဓာတ်တော် နှင့် ပိဋကတ်တော်၊ ဂုဏ်တော် ဆိုင်ရာ အစီအမံများမှ အပ အခြား အင်းများ၊ စာမများ၊ ပစ္စည်းများ၊ မိမိ၏ ဖွားသက္ကရာဇ် - နေ့ - နံ စသည်များ ဌာပနာခြင်း မပြုရ။

ပလ္လင်တော်တွင်သာ ဓာတ်တော်၊ ပိဋကတ်တော်၊ ဂုဏ်တော်တို့နှင့် မဆိုင်သော အစီအမံများ အရာများကို စီမံနိုင်- ထည့်သွင်းနိုင်ပေ၏။

ဤ၌ ကျွန်ုပ်တို့ အနှစ် သက်ဆုံး ဖြစ်သော အမြစ် အညွန့် ၂-နံတွဲ သစ်ဖြင့် ပလ္လင်တော် စီမံခြင်းကို ပြပေအံ့။

\+ \+ \+

## ပလ္လင်တော် အစီအမံ

မိမိအတွက် စီမံရာဝယ် မိမိ၏ အမြစ် အညွန့် ၂-နံတွဲ သစ်ကို ပလ္လင်တော် ပြုရသကဲ့သို့ အခြားသူ တဦးဦး အတွက် စီမံရာတွင်လည်း ထိုသူ၏ အမြစ် အညွန့် ၂-နံတွဲသစ်ဖြင့် ပြု စီမံရမည် ဖြစ်၏။

ပလ္လင်တော်၏ အရှည် ပမာဏကား ဒက္ခိဏာသာခါ ရုပ်တုတော်နှင့် သင့်ရုံ ပမာဏ ဖြစ်သင့်ပေ၏။

ပလ္လင်တော်ကို ၃-ဆင့် ၅-ဆင့် ၉-ဆင့် ပြုလုပ်နိုင်ပြီး တမျက်နှာလျှင် ၃-ကွက် ၅-ကွက် ၉-ကွက်မျှ အခဏ်းအကွက် ဖော်နိုင်ပေ၏။

ပလ္လင်တော်ကို ၃-ဆင့် ၃-ခဏ်း ပြုလုပ်ရခြင်းမှာ သရဏဂုံ ၃-ပါးကို ရည်ရွယ်ခြင်း ဖြစ်၏။

၅-ဆင့် ၅-ခဏ်းမှာ ဘုရား ၅-ဆူကို ရည်ရွယ်၏။

၉-ဆင့် ၉-ခဏ်းမှာ ဂုဏ်တော် ၉-ပါးကို ရည်ရွယ်၏။

ဤကား အဆင့်ထားပုံနှင့် အခဏ်းအကွက် ဖော်ပုံ အတွက် ပြဆိုခြင်း ဖြစ်ပေ၏။

မှတ်ချက်။ ။ပလ္လင်စီရင်ရာ၌ အဆင့် မည်မျှပင် ရှိစေ—အထက် အောက် အဆင့် အားလုံး၏ အလယ်ဗဟို ဖြစ်သော အလယ်ပိုင်းတွင်သာ အခဏ်းအကွက် ဖော်လေ။

ကျန် အဆင့်များကို အခဏ်း အကွက် ဖော်ရန် မလို၊ ပြူရိုးအတိုင်း ပြုရန်သာ ဖြစ်ပေ၏။

အလယ်ပိုင်းကို သေးငယ် ကျဉ်းမြောင်းလှစွာ မ ပြုရပေ၊ မျက်နှာပြင် အကျယ်နှင့် မျှစွာ ပြုလေ။

( ၁ ) ၃-ဆင့် ၃-ကွက် ပြုလုပ်သော ပလ္လင်၌ တကွက်လျှင် တခုစီ သရဏဂုံ သုံးပါးကို ငွေပြားတွင်ရေး၍ ဌာပနာရမည် ဖြစ်၏။

( ၂ ) ၅-ဆင့် ၅-ခဏ်း ပြုလုပ်သော ပလ္လင်၌ အောက်ပါ ဘုရား ၅-ဆူကို တခဏ်းလျှင် တပိုဒ်စီ ငွေပြားတွင် ရေး၍ ဌာ ပနာရမည် ဖြစ်၏။

ဘုရား ၅-ဆူ ဂါထာ

နကာရေ ကကု သန္ဓောစ၊
မောကာရေ ကောဏာဂမနော။
ဗုကာရေ ကဿပေါ ဗုဒ္ဓေါ၊
ဒ္ဓါကာရေ သကျပုင်္ဂဝေါ။
ယျကာရေ အရိမေတ္တေယျော၊
ပဉ္စဗုဒ္ဓါ နမာမဟံ။

( ၃ ) ၉-ဆင့် ၉-ခဏ်းပြုသောပလ္လင်၌ ဂုဏ်တော် ၉-ပါးကို ငွေပြားတွင် တပါးစီ ရေး၍ ဌာပနာရမည်။

\+ \+ \+

## ၇-ခဏ်း ပလ္လင်

ပလ္လင် အစီအမံဝယ် ၃-ဆင့် ၃-ခဏ်း- ၅-ဆင့် ၅-ခဏ်း- ၉-ဆင့်-၉-ခဏ်း ပလ္လင်များကို ပြဆိုပြီးခဲ့ပေပြီ။

သို့သော် ပြုလုပ်လိုသော သူများ ပြုလုပ်နိုင်ရန် ဤ၌ ၇-ခဏ်း ပလ္လင်တို့ ထပ်မံ ပြဆိုရပေမည်၊ ဤ ၇-ခဏ်း ပလ္လင်ကား ၇-ဆူ ကုန်သော ရှင်တော် မြတ်ဘုရား တို့ကို ရည်စူးလျက် ပြု လုပ်ခြင်း ဖြစ်ပေ၏။

အဆင့် ၇-ဆင့်ထားကာ အလယ်ဆင့်ကို ၇-ခဏ်း ဖွဲ့လျက် အောက်ပါ ဘုရား ၇-ဆူ ပဏ္ဏာမကို တခဏ်းလျှင် တပုဒ်ကျ စီမံ ဌာပနာ ရပေ၏။

### ဘုရား ၇- ဆူ ပဏ္ဏာမ

ဝိပဿိဿစ နမတ္ထု

သိခိဿာပိစ နမတ္ထု

ဝေဿဘုဿစ နမတ္ထု

နမတ္ထု ကကုသန္ဓဿ
ကောဏာဂမနဿ နမတ္ထု
ကဿပဿစ နမတ္ထု
အင်္ဂီရသဿ နမတ္ထု

+ + +

## ပလ္လင်တော်အောက် မျက်နှာပြင် အစီအမံ

ထိုပလ္လင်တော်၏ အောက်မျက်နှာပြင်ဝယ် ထွင်းထု ပါရှိရမည့် အစီအမံကား အောက်ပါအတိုင်း ဖြစ်၏။

၁ - မုဉ္စလိန္ဒာအိုင် သဏ္ဍာန်။

၂ - ကြာရုံ—အရွက် ၅ - ရွက်၊ အပွင့်၄-ပွင့်၊ အငုံ-၁။

၃ - ငရုံ့မင်း—ကြာရုံကို ပတ်ခွေလျက်။

( ဤ၌ အချို့အလိုအားဖြင့် ငါးကြီး အာနန္ဒာဟု ဆိုကြပေ၏။ )

ဤကား ထွင်းထု ရမည့် အစီအရင် ဖြစ်ရာ ၎င်းတို့၏ အဓိပ္ပါယ်မှာ—

၁ - မုဉ္စလိန္ဒာအိုင် အရ အေးချမ်း သာယာ ရတနာ ရွှေငွေ ဆန်ရေ စပါး ပေါများစေကြောင်း နိမိတ်ကောင်းကို ဆို၏။

၂ - ကြာရှိတွင် ကြာ၄-ပွင့်မှာ ဤဘဒ္ဒကပ်၌ ပွင့်တော်ပြီး ရှင်တော်မြတ်ဘုရား ၄-ဆူတို့ကို ရည်ညွှန်း၍ ကြာငုံ ၁-ငုံမှာ ပွင့်တော်မူလတံ့ မေတ္တေယျ ရှင်တော်မြတ်ဘုရားကို ဆိုလိုကာ သာသနာအတွင်း သစ္စာလေးပါး တရား အလင်းပွင့်ပြီး အနိဋ္ဌဘေးဒဏ် ရန်မာန်ခပ်သိမ်း ကင်းငြိမ်းဝေးစွာ ကိုးကွယ်ရာရခြင်းအကြောင်းကို ဆိုလို၏။

၃ - ငရဲ့မင်းကား လေမိုးမှန်စွာ သာယာ ချမ်းအေး ရန်ဘေးကင်းပ အေးမြခြင်းကို ဆိုပေ၏။

\+ + +

## ပလ္လင်တော်အထက် မျက်နှာပြင် အစီအမံ

ဤပလ္လင်တော် အထက် မျက်နှာပြင် တွင်ကား ဂါထာတော် ၉-ပါးကို ငွေပြားတွင် စီရင်၍ ပလ္လင် မျက်နှာပြင်နှင့် မကွာရအောင် ငွေမှို ၄-ချက်စွဲ၍ ထားရပေမည်။

သို့မဟုတ်....

ဧဝံ အစိန္တိယာ ဗုဒ္ဓါ၊
ဗုဒ္ဓဂုဏာ အစိန္တိယာ။
အစိန္တိယေ ပသန္နာနံ၊
ပါကော ဟောတိ အစိန္တိယော။

ဤဂါထာကို ငွေပြားတွင် ရေး၍ ပလ္လင် မျက်နှာပြင်ဝယ် ငွေမှို ၄-ချက် စွဲသားလေ။

## တကဲ အစီအမံ

ပလ္လင်တော် နောက်ဘက်မှ တွဲ၍ စီရင်ရမည့် တကဲမှာလည်း ပလ္လင်တော်အလားတူ အမြစ်အညွန့် ၂-နံတွဲသစ်ဖြင့်ပင် ရှေးပုံမှန် အတိုင်း ပြုလုပ်ပြီး ထို 'ဝေံ အစိန္တိယာ' ဂါထာကိုပင် ငွေပြား မှာရေး၍ တကဲ၏ ဘုရားကျောပြုရာ ဘက်တွင် ကပ်၍ ငွေမှိုစွဲ ထားလေ။

\+ \+ \+

## ဗောဓိပေါင်း ဒက္ခိဏာသာခါ အစီအမံ

နှစ်ကျိပ်ရှစ်ဆူ ဗောဓိများ လက်ျာတောင်ကိုင်းမှ အခေါက် အသား အရွက်တို့ကိုစုရမည်၊ ပွင့်သီးရှိသော အပင်ဖြစ်က ပွင့်သီး ပါ ထည့်ရမည်။

သို့မှ နှစ်ကျိပ်ရှစ်ဆူ ဗောဓိတို့ကို မရနိုင်လျှင် ဗောဓိညောင် ၁၀၈-ပင်၏ တောင်ကိုင်းမှ အခေါက် အသား အသီး အရွက် တို့ကို စုလေ၊ ၎င်းတို့ကို အခြောက်လှမ်း၊အမှုန့်ပြု၊အညက်ကြိတ်။

၎င်းဗောဓိပေါင်းမှုန့်တွင်—

ဗုဒ္ဓဂယာမှ မဟာဗောဓိမြေ။

ကျွန် ဆဋ္ဌာနတို့မှ မြေ။

ဘုရား၅-ဆူ ပဋ္ဌမံရုပ်မှုံ — ၅-ကြိမ်တွက်။

| | | |
|---|---|---|
| အရဟံ- သဒ္ဒါရုပ်မှုံ့ | — | ၉-ကြိမ်တွက်၊ |
| သမ္မာသမ္ဗုဒ္ဓေါ- သဒ္ဒါရုပ်မှုံ့ | — | ။ |
| ဝိဇ္ဇာစရဏသမ္ပန္နော ။ | = | ။ |
| သုဂတော ။ | = | ။ |
| လောကဝိဒူ ။ | — | ။ |
| အနုတ္တရောပုရိသဒမ္မသာရထိ။ | — | ။ |
| သတ္ထာဒေဝမနုဿာနံ ။ | — | ။ |
| ဗုဒ္ဓေါ ။ | — | ။ |
| ဘဂဝါ ။ | — | ။ |

ဤမြေများ ရုပ်မှုံ့များကို ရော၍ ထပ်မံပြီး ကြိတ်လေ၊ ၎င်းနောက်မှ သစ္စေးနှင့် တော၍ ထုလုပ်ရမည်။

ဤ၌ အချို့ပုဂ္ဂိုလ်များအတွက် မဟာဗောဓိမြေနှင့် ကျန် ဆဋ္ဌာနမြေတို့သည်၎င်း ဘုရား ၅-ဆူ ပဋ္ဌမံရုပ်မှုံ့သည်၎င်း ရနိုင်ရန် ခဲယဉ်းလှ ပေမည်၊ ပဋ္ဌမံ ရုပ် တွက်တတ်သော ဆရာရှိပါမှ ပဋ္ဌမံရုပ်မှုံ့မှာလည်း ရနိုင်ပေမည်။

အရဟံ စသော ဂုဏ်တော် ၉-ပါး သဒ္ဒါရုပ်များမှာမူ သဒ္ဒါ တတ် ရဟန်းတော်များထံ ဆည်းကပ်ပါက ရနိုင်ပေသည်။

ထို့ကြောင့် ဆရာမြတ် အချို့က သတ္တဋ္ဌာနမြေနှင့် ပဋ္ဌမံ ရုပ်မှုံ့မထည့်နိုင်ခဲ့သော် ဗောဓိပေါင်းမှုံ့တွင် ဂုဏ်တော် ၉-ပါး၊ သဒ္ဒါရုပ်မှုံ့များနှင့်ပင် စီမံလေဟု ညွှန်ကြားခဲ့ပေ၏။

ဤကျမ်း၌ ဘုရား ၅-ဆူ ပဌမံ ရုပ်တွက်ပုံကို ဖော်ပြရန် မဖြစ်နိုင်ပေ၊ ယနေ့ထိ အမှန်အကန် ရုပ်တွက်နည်းမှာလည်း စာအုပ်အဖြစ် မရှိခဲ့သေးပေ၊ ရုပ်တွက်နည်း အမှန်ကို အများ နားလည်လွယ်အောင် အသေးစိပ် တွက်ပြကာ အစီအမံ ဂါထာမန္တာ အမှန် အစာန် များနှင့် ရေးရမည် ဆိုပါက စာတစောင် ကျမ်းတဖွဲ့ ဖြစ်ရပေတော့မည်။

အရဟံ စသော ဂုဏ်တော် ၉-ပါးကို သဒ္ဒါရုပ် တွက်ပြဘိုရာပင် စာမျက်နှာ အတော် ကုန်ပေမည်။

ဤသို့သော အကြောင်းများကြောင့် မဖော်ပြနိုင်ဘဲ ချန်လှပ်ခဲ့ရသဖြင့် မိမိတို့ မတတ်နိုင်ပါက တတ်နိုင်သည့် ပညာရှင်များထံတွင် ဆည်းကပ်၍ ရယူကြပါကုန်၊ သဒ္ဒါရုပ်မှုံ့မှာမူ မထည့်၍မရပေ၊ ထည့်ဖြစ်အောင် ထည့်ကြပါလေ။

ဤပြဆိုခဲ့သည်ကား ဗောဓိပေါင်း ဒက္ခိဏာသာခါ ထုလုပ်ရန်သရိုးအစီအမံ ဖြစ်ပေ၏၊ ထုလုပ်ပုံ စီမံပုံ အချင်းအရာများနောက်ပိုင်းတွင် ထင်ရှားလတံ့။

အထူးမှတ်ချက်။ ။မဟာဗောဓိမြေ အပါအဝင် သတ္တဌာနမြေတို့ကို ရုပ်ပွားတော် ထုရာတွင် မထည့်ရ၊ ပလ္လင်တော်အတွင်းမှာသာ အပေါ်မျက်နှာမှ ထွင်း၍ထည့်ဟု ကျွန်ုပ်တို့ ဆရာကြီး မိန့်ဘူး၏။

ဒင်းပြင် မဟာဗောဓိမှ အပ နှစ်ကျိပ်ရှစ်ဆူ ဗောဓိများ မထည့်အပ်ဟုလည်း မိန့်ဘူးပေ၏၊ အကြောင်းမူ

ဤဘုရား၏ အာဏာခေတ် အတွင်းဝယ် အခြား ဘုရား လက်ထက်များက ဗောဓိများမှာ ဗောဓိ အရာ၌ မတည် သောကြောင့် ဖြစ်ပေ၏။

\+ +

## ဂမုန်းပေါင်း ဒက္ခိဏာသာခါ အစီအမံ

ဒက္ခိဏာသာခါ ဟူသည် ဗောဓိပင်၏ လက်ျာတောင်ကိုင်း ဖြစ်ကြောင်း၊ ၎င်းဗောဓိ တောင်ကိုင်း ပါရှိမှ ဒက္ခိဏာသာခါ မည်ကြောင်း သိခဲ့ကြပြီး အတိုင်း ဤကဏ္ဍတွင် ပါရှိသော ဒက္ခိဏာသာခါ အစီအမံတိုင်းတွင် ဗောဓိပေါင်း အမှုံ့ ပါရှိရ မည်သာ ဖြစ်ပေသည်။

ဗောဓိပေါင်းမှုံ့—

ဂုဏ်တော် ၉-ပါး သဒ္ဒါရုပ်မှုံ့—

ပန်းပေါင်း—

မင်းပေါင်း—

ဂမုန်းပေါင်း—

၎င်းတို့ကို အမှုံ့ကြိတ်၍ သစ္စေးနှင့် သရိုး ပြုရမည် ဖြစ် ပေ၏၊ ပန်းပေါင်းမှာ ရှင်းဖွယ် မလို၊ ၁၂-ရာသီ ပန်းပေါင်းပင် ဖြစ်၍ မင်းပေါင်းမှာ ရာသီလိုက် မင်းမူသော သစ်ပင်များ၏ အညွန့်ပင် ဖြစ်ပေ၏။

၎င်း ၁၂-ရာသီ မင်းမူသော အပင်များတွင် သကြြန်မင်းမူသော အပင်, သီဟရာဇာ, ကေရာဇ် စသည် ထည့်လေ။

ဂမုန်းပေါင်း တွင်ကား မြတ်ရာ ဂမုန်း တို့ကိုသာ စုရမည် ဖြစ်၏၊ ဂမုန်း ဘီလူးမျိုးများ, ခန္တီမျိုးများ, ဂမုန်း ကမြင်း, ဂမုန်းကွင်းထိုး စသည် မပါရှိရပေ။

၎င်းပြင် သတိပြုရန်မှာ ဗုဒ္ဓသရဏာပင်ကို ဂမုန်းအရေအတွက်တွင် မထည့်သွင်းကြသဖြင့် ကျန်ရှိနေတတ်ခြင်းပင် ဖြစ်၏။

၎င်းဗုဒ္ဓသရဏာပင်မှာ ဂုဏ်တော်ဂမုန်း ဖြစ်ရာ အဖြူ အနီ အဝါ အကြား အနက် ရသလောက် ထည့်ရမည် ဖြစ်၏။

သဇင်မျိုး သစ်ခွမျိုးတို့ကိုလည်း ရသလောက် ထည့်လေ။

၍ကား ဂမုန်းပေါင်း ဒက္ခိဏာသာခါ အတွက် လိုအပ်သော အရာများပင် ဖြစ်ပေ၏။

+ + +

## ဒက္ခိဏာသာခါ
## ဓမ္မစေတီ ဘုရား အစီအမံ

၍မ္မစေတီ ဒက္ခိဏာသာခါ အစီအမံကား လွန်စွာ လေးစားအပ်သော အစီအမံကြီး ဖြစ်ပေသည်၊ ထူးမြတ်လှသလောက် ထူးမြတ်လှသော အကျိုးကို ပေးစွမ်းပေသည့် အစီအရင်လည်း ဖြစ်ပေ၏။

အစီအရင်ကား—

၁ - ဗောဓိပေါင်းမှု—
၂ - ဂုဏ်တော် ၉-ပါး သဒ္ဒါရုပ်မှု—
၃ - ဂုဏ်တော်ပြာ—
၄ - သုတ္တန်ကျမ်းဦး၊ သုတ် ၃-ကျမ်း ကျမ်းဦးပြာ—
၅ - ဝိနည်းကျမ်းဦး၊ ဝိနည်း ၅-ကျမ်း ကျမ်းဦးပြာ—
၆ - အဘိဓမ္မာ ၇-ကျမ်းပြာ—
၇ - တရားဂုဏ်တော်ပြာ နှင့် ဓမ္မစကြာပြာ—

၁ - ဗောဓိပေါင်းမှုမှာ ပြခဲ့ပြီး ဖြစ်၏။
၂ - ဂုဏ်တော် ၉-ပါး သဒ္ဒါရုပ်မှာလည်း ပြခဲ့ပြီး ပေပြီ။
၃ - ဂုဏ်တော် ပြာကား—

သောဘဂဝါ ဣတိပိ အရဟံ—
သောဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ—
သောဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏ သမ္ပန္နော—
သောဘဂဝါ ဣတိပိ သုဂတော—
သောဘဂဝါ ဣတိပိ လောကဝိဒူ—
သောဘဂဝါ ဣတိပိ အနုတ္တရောပုရိသဒမ္မသာရထိ—
သောဘဂဝါ ဣတိပိ သတ္ထာဒေဝမနုဿာနံ—

သောဘဂဝါ ဣတိပိ ဗုဒ္ဓေါ—
သောဘဝါ ဣတိပိ ဘဂဝါ—

ယံကိဉ္စိဝိတ္တံ ဣဓဝါ ဟုရံဝါ၊
သဂ္ဂေသုဝါ ယံရတနံ ပဏီတံ။
နနောသမံ အတ္ထိ တထာဂတေန၊
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ။
ဧတေန သစ္စေန သုဝတ္ထိဟောတု။

ဝနပ္ပဂုမ္ဗေ ယထဖုဿိတဂ္ဂေ၊
ဂိမှာနမာသေ ပဌသ္မိံ ဂိမှေ။
တထူပမံ ဓမ္မဝရံ အဒေသယိ၊
နိဗ္ဗာနဂါမိံ ပရမံ ဟိတာယ။
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိဟောတု။

ဝရော ဝရညူ ဝရဒေါ ဝရာဟရော၊
အနုတ္တရော ဓမ္မဝရံ အဒေသယိ။
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိဟောတု။

ယာနီဓ ဘူတာနိ သမာဂတာနိ၊
ဘုမ္မာနိဝါ ယာနိဝ အန္တလိက္ခေ။
တထာဂတံ ဒေဝ မနုဿ ပူဇိတံ၊
ဗုဒ္ဓံ နမဿာမ သုဝတ္ထိ ဟောတု။

ဤဂုဏ်တော် ၉-ပါးနှင့် ရတနသုတ္တန်လာ ဂါထာ ၄-ပုဒ်ကို မိုင်းကိုင်စက္ကူတွင် ရေး၍ ပြာပြု၊ ဂုဏ်တော်ပြာ ဖြစ်၏။

၄ - သုတ္တန်ကျမ်းဦး နှင့် သုတ် ၃-ကျမ်း ကျမ်းဦးတို့ကား—

**သုတ္တန် ကျမ်းဦး**

ဧဝံ မေ သုတံ ဧကံ သမယံ ဘဂဝါ အန္တရာစ ရာဇဂဟံ အန္တရာစ နာဠန္ဒံ အဒ္ဓါနမဂ္ဂပဋိပန္နော ဟောတိ မဟတာ ဘိက္ခုသံဃေန သဒ္ဓိံ ပဉ္စမတ္တေဟိ ဘိက္ခုသတေဟိ၊ သုပ္ပိယောပိ ခေါ ပရိဗ္ဗာဇကော အန္တရာစ ရာဇဂဟံ အန္တရာစ နာဠန္ဒံ အဒ္ဓါနမဂ္ဂပဋိပန္နော ဟောတိ သဒ္ဓိံ အန္တေဝါသိနာ ဗြဟ္မဒတ္တေန မာဏဝေန၊ တတြ သုဒံ သုပ္ပိယော ပရိဗ္ဗာဇကော အနေကပရိယာယေန ဗုဒ္ဓဿ အဝဏ္ဏံ ဘာသတိ ဓမ္မဿ အဝဏ္ဏံ ဘာသတိ သံဃဿ အဝဏ္ဏံ ဘာသတိ၊ သုပ္ပိယဿ ပန ပရိဗ္ဗာဇကဿ အန္တေဝါသီ ဗြဟ္မဒတ္တော မာဏဝေါ အနေက ပရိယာယေန ဗုဒ္ဓဿ အဝဏ္ဏံ ဘာသတိ ဓမ္မဿ အဝဏ္ဏံ ဘာသတိ သံဃဿ အဝဏ္ဏံ ဘာသတိ၊ ဣတိဟတေ

ဥဘော အာစရိယန္တေဝါသီ အညမညာ ဥဇုဝိပစ္စနိကဝါဒါ ဘဂဝန္တံ ပိဋ္ဌိတော ပိဋ္ဌိတော အနုဗန္ဓာ ဟောန္တိ ဘိက္ခုသံဃဉ္စ....။

## သုတ်သီလက္ခန် ကျမ်းဦး

ဧဝံ မေ သုတံ ဧကံ သမယံ ဘဂဝါ အန္တရာစ ရာဇဂဟံ အန္တရာစ နာဠန္ဒံ အဒ္ဓါနမဂ္ဂပဋိပန္နော ဟောတိ....။

## သုတ်မဟာဝါ ကျမ်းဦး

ဧဝံ မေ သုတံ ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ ကရေရိကုဋိကာယံ....။

## သုတ်ပါထေယျ ကျမ်းဦး

ဧဝံ မေ သုတံ ဧကံ သမယံ ဘဂဝါ မလ္လေသု ဝိဟရတိ အနုပိယံနာမ မလ္လာနံ နိဂမော၊ အထ ခေါ ဘဂဝါ ပုဗ္ဗဏှသမယံ နိဝါသေတွာ ပတ္တစီဝရမာဒါယ အနုပိယံ ပိဏ္ဍာယ ပါဝိသိ....။

ဤသုတ္တန် ကျမ်းဦး နှင့် သုတ် ၃-ကျမ်း ကျမ်းဦးတို့ကို မိုင်းကိုင်စက္ကူတွင် ရေး၍ ပြာပြု။

၅-ဝိနည်း ကျမ်းဦးနှင့် ဝိနည်း ၅-ကျမ်း ကျမ်းဦးတို့ကား—

**ဝိနည်း ကျမ်းဦး**

တေန သမယေန ဗုဒ္ဓေါ ဘဂဝါ ဝေရဉ္ဇာယံ ဝိဟရတိ နဠေရုပုစိမန္ဒမူလေ မဟတာ ဘိက္ခုသံဃေန သဒ္ဓိံ ပဉ္စမတ္တေဟိ ဘိက္ခု သတေဟိ၊ အဿောသိ ခေါ ဝေရဉ္ဇော ဗြာဟ္မဏော သမဏော ခလု ဘော ဂေါတမော သကျပုတ္တော သကျကုလာ ပဗ္ဗဇိတော ဝေရဉ္ဇာယံ ဝိဟရတိ နဠေရုပုစိမန္ဒမူလေ မဟတာ ဘိက္ခုသံဃေန သဒ္ဓိံ ပဉ္စမတ္တေဟိ ဘိက္ခုသတေဟိ။

တံ ခေါ ပန ဘဂဝန္တံ ဂေါတမံ ဧဝံ ကလျာဏော ကိတ္တိသဒ္ဒေါ အဗ္ဘုဂ္ဂတော။

ဣတိပိ သော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ
ဝိဇ္ဇာစရဏ သမ္ပန္နော သုဂတော လောကဝိဒူ
အနုတ္တရော ပုရိသ ဒမ္မသာရထိ သတ္ထာဒေဝ
မနုဿာနံ ဗုဒ္ဓေါ ဘဂဝါ။

သော ဣမံ လောကံ သဒေဝကံ သမာရကံ သဗြဟ္မကံ သဿမဏဗြာဟ္မဏိံ ပဇံ သဒေဝမနုဿံ သယံ အဘိညာ သစ္ဆိကတွာ ပဝေဒေတိ၊ သော ဓမ္မံ ဒေသေတိ အာဒိကလျာဏံ မဇ္ဈေကလျာဏံ ပရိယောသာနကလျာဏံ သာတ္ထံ သဗျဉ္ဇနံ ကေဝလပရိပုဏ္ဏံ ပရိသုဒ္ဓံ ဗြဟ္မစရိယံ ပကာသေတိ၊ သာဓု ခေါ ပန တထာရူပါနံ အရဟတံ ဒဿနံ ဟောတီတိ....။

**ပါရာဇိကဏ် ကျမ်းဦး**

တေန သမယေန ဗုဒ္ဓေါ ဘဂဝါ ဝေရဉ္ဇာယံ ဝိဟရတိ နဠေရုပုစိမန္ဒမူလေ မဟတာ ဘိက္ခုသံဃေန သဒ္ဓိံ ပဉ္စမတ္တေဟိ ဘိက္ခုသတေဟိ....။

**ပါစိတ် ကျမ်းဦး**

ဣမေ ခေါ ပနာယသ္မန္တော ဒွေနဝုတိ ပါစိတ္တိယာ ဓမ္မာ ဥဒ္ဒေသံ အာဂစ္ဆန္တိ....။

**မဟာဝါ ကျမ်းဦး**

တေန သမယေန ဗုဒ္ဓေါ ဘဂဝါ ဥရုဝေဠာယံ ဝိဟရတိ....။

**စူဠဝါ ကျမ်းဦး**

တေန သမယေန ဗုဒ္ဓေါ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ....။

**ပရိဝါ ကျမ်းဦး**

ယံတေန ဘဂဝတာ ဇာနတာ ပဿတာ အရဟတာ သမ္မာသမ္ဗုဒ္ဓေန ပဌမံ ပါရာဇိကံ ကတ္ထ ပညတ္တံ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ....။

ဤဝိနည်း ကျမ်းဦး နှင့် ဝိနည်း ၅- ကျမ်း ကျမ်းဦးတို့ကို မိုင်းကိုင် စက္ကူတွင် ရေး၍ ပြာပွါ။

၆ - အဘိဓမ္မာ ၇- ကျမ်းကား—

ဓမ္မသင်္ဂဏီ

ကုသလာဓမ္မာ၊ အကုသလာဓမ္မာ၊အဗျာကတာဓမ္မာ။

သုခါယ ဝေဒနာယ သမ္ပယုတ္တာ ဓမ္မာ၊ ဒုက္ခာယ ဝေဒနာယ သမ္ပယုတ္တာ ဓမ္မာ၊ အဒုက္ခ မသုခါယ ဝေဒနာယ သမ္ပယုတ္တာ ဓမ္မာ။

ဝိပါကာ ဓမ္မာ၊ ဝိပါက ဓမ္မ ဓမ္မာ၊ နေဝဝိပါက နဝိပါက ဓမ္မ ဓမ္မာ။

ဥပါဒိန္နုပါဒါနိယာ ဓမ္မာ၊ အနုပါဒိန္နု ပါဒါနိယာ ဓမ္မာ၊ အနုပါဒိန္န အနုပါဒါနိယာ ဓမ္မာ။

သံကိလိဋ္ဌ သံကိလေသိကာ ဓမ္မာ၊ အသံကိလိဋ္ဌ သံကိ လေသိကာ ဓမ္မာ၊ အသံကိလိဋ္ဌ အသံ ကိလေ သိကာ ဓမ္မာ။

သဝိတက္က သဝိစာရာ ဓမ္မာ၊ အဝိတက္က ဝိစာရမတ္တာ ဓမ္မာ၊ အဝိတက္က အဝိစာရာ ဓမ္မာ။

ပီတိ သဟဂတာ ဓမ္မာ၊ သုခ သဟဂတာ ဓမ္မာ၊ ဥပေက္ခာ သဟဂတာ ဓမ္မာ။

ဒဿနေန ပဟာ တဗ္ဗာ ဓမ္မာ၊ ဘာဝနာယ ပဟာ တဗ္ဗာ ဓမ္မာ၊ နေဝ ဒဿနေန နဘာဝနာယ ပဟာတဗ္ဗာ ဓမ္မာ။

ဒဿနေန ပဟာတဗ္ဗ ဟေတုကာ ဓမ္မာ၊ ဘာဝနာယ ပဟာတဗ္ဗဟေတုကာ ဓမ္မာ၊ နေဝဒဿနေန နဘာဝနာယ ပဟာတဗ္ဗဟေတုကာ ဓမ္မာ။

အာစယဂါမိနော ဓမ္မာ၊ အပစယဂါမိနော ဓမ္မာ၊ နေဝါစယဂါမိနာပစယ ဂါမိနော ဓမ္မာ။

သေက္ခာ ဓမ္မာ၊ အသေက္ခာ ဓမ္မာ၊ နေဝသေက္ခာ နာသေက္ခာ ဓမ္မာ။

ပရိတ္တာ ဓမ္မာ၊ မဟဂ္ဂတာ ဓမ္မာ၊ အပ္ပမာဏာ ဓမ္မာ။

ပရိတ္တာရမ္မဏာ ဓမ္မာ၊ မဟဂ္ဂတာ ရမ္မဏာ ဓမ္မာ၊ အပ္ပမာဏာ ရမ္မဏာ ဓမ္မာ။

ဟီနာ ဓမ္မာ၊ မဇ္ဈိမာ ဓမ္မာ၊ ပဏီတာ ဓမ္မာ။

မိစ္ဆတ္တနိယတာ ဓမ္မာ၊ သမ္မတ္တနိယတာ ဓမ္မာ၊ အနိယတာ ဓမ္မာ။

မဂ္ဂါရမ္မဏာ ဓမ္မာ၊ မဂ္ဂဟေတုကာ ဓမ္မာ၊ မဂ္ဂါဓိပတိနော ဓမ္မာ။

ဥပ္ပန္နာ ဓမ္မာ၊ အနုပ္ပန္နာ ဓမ္မာ၊ ဥပ္ပါဒိနော ဓမ္မာ။

အတီတာ ဓမ္မာ၊ အနာဂတာ ဓမ္မာ၊ ပစ္စုပ္ပန္နာ ဓမ္မာ။

အတီတာ ရမ္မဏာ ဓမ္မာ၊ အနာဂတာ ရမ္မဏာ ဓမ္မာ၊ ပစ္စုပ္ပန္နာ ရမ္မဏာ ဓမ္မာ။

အဇ္ဈတ္တာ ဓမ္မာ၊ ဗဟိဒ္ဓါ ဓမ္မာ၊ အဇ္ဈတ္တ ဗဟိဒ္ဓ ဓမ္မာ။

အဇ္ဈတ္တာ ရမ္မဏာ ဓမ္မာ၊ ဗဟိဒ္ဓါ ရမ္မဏာ ဓမ္မာ၊ အဇ္ဈတ္တ ဗဟိဒ္ဓါ ရမ္မဏာ ဓမ္မာ။

သနိဒဿန သပ္ပဋိဃာ ဓမ္မာ၊ အနိဒဿန သပ္ပဋိဃာ ဓမ္မာ၊ အနိဒဿန အပ္ပဋိဃာ ဓမ္မာ။

ဝိဘင်း

အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပ ပစ္စယာ သဠာယတနံ၊ သဠာယတန ပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာမရဏံ၊ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ သမ္ဘဝန္တိ ဧဝ မေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

တတ္ထ ကတမာ အဝိဇ္ဇာ၊ ဒုက္ခေ အညာဏံ ဒုက္ခသမုဒယေ အညာဏံ ဒုက္ခနိရောဓေ အညာဏံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါယ အညာဏံ အယံ ဝုစ္စတိ အဝိဇ္ဇာ။

တတ္ထ ကတမေ အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ ပုညာဘိသင်္ခါရော၊ အပုညာဘိသင်္ခါရော အာနေဉ္ဇာဘိ သင်္ခါ

ရော၊ ကာယသင်္ခါရော ဝစီသင်္ခါရော စိတ္တသင်္ခါရော၊ တတ္ထ ကတမော ပုညာဘိသင်္ခါရော ကုသလာစေတနာ ကာမာဝစရာ ရူပါဝစရာ ဒါနမယာ သီလမယာ ဘာဝနာမယာ အယံ ဝုစ္စတိ ပုညာဘိ သင်္ခါရော၊ တတ္ထ ကတမော အပုညာဘိ သင်္ခါရော အကုသလာ စေတနာ ကာမာဝစရာ အယံ ဝုစ္စတိ အပုညာဘိ သင်္ခါရော၊ တတ္ထ ကတမော အာနေဉ္ဇာဘိ သင်္ခါရော ကုသလာ စေတနာ အရူပါဝစရာ အယံ ဝုစ္စတိ အနေဉ္ဇာဘိ သင်္ခါရော၊တတ္ထကတမော ကာယသင်္ခါရော ကာယသဉ္စေတနာ ကာယသင်္ခါရော ဝစီသဉ္စေတနာ ဝစီသင်္ခါရော မနော သဉ္စေတနာ စိတ္တသင်္ခါရော ဣမေ ဝုစ္စန္တိ အဝိဇ္ဇာပစ္စယာ သင်္ခါရာ။

တတ္ထ ကတမံ သင်္ခါရပစ္စယာ ဝိညာဏံ၊ စက္ခုဝိညာဏံ သောတဝိညာဏံ ဃာနဝိညာဏံ ဇိဝှာ ဝိညာဏံ ကာယဝိညာဏံ မနောဝိညာဏံ ဣဒံ ဝုစ္စတိ သင်္ခါရပစ္စယာ ဝိညာဏံ။

တတ္ထ ကတမံ ဝိညာဏပစ္စယာ နာမရူပံ၊ အတ္ထိ နာမံ အတ္ထိ ရူပံ၊ တတ္ထ ကတမံ နာမံ ဝေဒနာ သညာ စေတနာ ဖဿော မနသိကာရော ဣဒံ ဝုစ္စတိ နာမံ၊ တတ္ထ ကတမံ ရူပံ စတ္တာရော စ မဟာဘူတာ စတုန္နံ မဟာဘူတာနံ ဥပါဒါယရူပံ ဣဒံ ဝုစ္စတိ ရူပံ၊ ဣတိ ဣဒဉ္စ နာမံ ဣဒဉ္စ ရူပံ ဣဒံ ဝုစ္စတိ ဝိညာဏပစ္စယာ နာမရူပံ။

တတ္ထ ကတမံ နာမရူပ ပစ္စယာ သဠာယတနံ၊ စက္ခာယတနံ သောတာယတနံ ဃာနာယတနံ ဇိဝှာယတနံ ကာယာယတနံ မနာယတနံ ဣဒံ ဝုစ္စတိ နာမရူပ ပစ္စယာ သဠာယတနံ။

တတ္ထ ကတမော သဠာယတန ပစ္စယာ ဖဿော၊ စက္ခုသမ္ဖဿော သောတ သမ္ဖဿော ဃာနသမ္ဖဿော ဇိဝှာသမ္ဖဿော ကာယသမ္ဖဿော မနော သမ္ဖဿော အယံ ဝုစ္စတိ သဠာယတနပစ္စယာ ဖဿော။

တတ္ထ ကတမာ ဖဿပစ္စယာ ဝေဒနာ၊ စက္ခုသမ္ဖဿဇာ ဝေဒနာ သောတသမ္ဖဿဇာ ဝေဒနာ ဃာနသမ္ဖဿဇာ ဝေဒနာ ဇိဝှာ သမ္ဖဿဇာ ဝေဒနာ ကာယသမ္ဖဿဇာ ဝေဒနာ မနောသမ္ဖဿဇာ ဝေဒနာ အယံ ဝုစ္စတိ ဖဿပစ္စယာ ဝေဒနာ။

တတ္ထ ကတမာ ဝေဒနာပစ္စယာ တဏှာ၊ ရူပတဏှာ သဒ္ဒတဏှာ ဂန္ဓတဏှာ ရသတဏှာ ဖောဋ္ဌဗ္ဗ တဏှာ ဓမ္မ တဏှာ အယံ ဝုစ္စတိ ဝေဒနာပစ္စယာ တဏှာ။

တတ္ထ ကတမံ တဏှာ ပစ္စယာ ဥပါဒါနံ၊ ကာမုပါဒါနံ ဒိဋ္ဌုပါဒါနံ သီလဗ္ဗတုပါဒါနံ အတ္တဝါဒုပါဒါနံ ဣဒံ ဝုစ္စတိ တဏှာပစ္စယာ ဥပါဒါနံ။

တတ္ထ ကတမော ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝေါ ဒုဝိဓေန အတ္ထိ ကမ္မဘဝေါ အတ္ထိ ဥပပတ္တိဘဝေါ၊

တတ္ထ ကတမော ကမ္မဘဝေါ ပုညာဘိ သင်္ခါရော အပုညာဘိ သင်္ခါရော အာနေဉ္ဇာဘိ သင်္ခါရော အယံ ဝုစ္စတိ ကမ္မဘဝေါ၊ သဗ္ဗံပိ ဘဝဂါမိကမ္မံ ကမ္မဘဝေါ၊ တတ္ထ ကတမော ဥပပတ္တိဘဝေါ ကာမဘဝေါ ရူပဘဝေါ အရူပဘဝေါ သညာဘဝေါ အသညာဘဝေါ နေဝသညာ နာသညာဘဝေါ ဧကဝေါကာရဘဝေါ စတုဝေါကာရဘဝေါ ပဉ္စဝေါကာရ ဘဝေါ အယံ ဝုစ္စတိ ဥပပတ္တိဘဝေါ၊ အယံ ဝုစ္စတိ ဥပါဒါန ပစ္စယာ ဘဝေါ။

တတ္ထ ကတမာ ဘဝပစ္စယာ ဇာတိ၊ ယာ တေသံ တေသံ သတ္တာနံ တမှိ တမှိ သတ္တ နိကာယေ ဇာတိ သဉ္ဇာတိ ဩက္ကန္တိ အဘိနိဗ္ဗတ္တိ ခန္ဓာနံ ပါတုဘာဝေါ အာယတနာနံ ပဋိလာဘော အယံ ဝုစ္စတိ ဘဝပစ္စယာ ဇာတိ။

တတ္ထ ကတမံ ဇာတိပစ္စယာ ဇရာမရဏံ၊ အတ္ထိ ဇရာ အတ္ထိ မရဏံ၊ တတ္ထ ကတမာ ဇရာ၊ ယာ တေသံ တေသံ သတ္တာနံ တမှိ တမှိ သတ္တနိကာယေ ဇရာ ဇီရဏတာ ခဏ္ဍိစ္စံ ပါလိစ္စံ ဝလိတ္တစတာ အာယုနော သံဟာနိ ဣန္ဒြိယာနံ ပရိပါကော အယံ ဝုစ္စတိ ဇရာ၊ တတ္ထ ကတမံ မရဏံ၊ ယာ တေသံ တေသံ သတ္တာနံ တမှာ တမှာ သတ္တနိကာယာ စုတိ စဝနတာ ဘေဒေါ အန္တရဓာနံ မစ္စု မရဏံ ကာလံ ကိရိယာ ခန္ဓာနံ ဘေဒေါ ကဠေ

ဝရဿ နိက္ခေပေါ ဇီဝိတိန္ဒြိယဿ ဥပစ္ဆေဒေါ ဣဒံ ဝုစ္စတိ မရဏံ၊ ဣတိ အယဉ္စ ဇရာ ဣဒဉ္စ မရဏံ ဣဒံ ဝုစ္စတိ ဇာတိပစ္စယာ ဇရာမရဏံ။

တတ္ထ ကတမော သောကော၊ ဉာတိဗျသနေနဝါ ဖုဋ္ဌဿ ဘောဂ ဗျသနေနဝါ ဖုဋ္ဌဿ ရောဂဗျသနေနဝါ ဖုဋ္ဌဿ သီလဗျသနေနဝါ ဖုဋ္ဌဿ ဒိဋ္ဌိဗျသနေနဝါ ဖုဋ္ဌဿ အညတရညတရေန ဗျသနေန သမန္နာဂတဿ အညတရညတရေန ဒုက္ခဓမ္မေန ဖုဋ္ဌဿ သောကော သောစနာ သောစိတတ္တံ အန္တော သောကော အန္တော ပရိသောကော စေတသော ပရိဇ္ဈာယနာ ဒေါမနဿံ သောကသလ္လံ အယံ ဝုစ္စတိ သောကော။

တတ္ထ ကတမော ပရိဒေဝေါ ဉာတိဗျသနေနဝါ ဖုဋ္ဌဿ ဘောဂဗျသနေနဝါ ဖုဋ္ဌဿ ရောဂဗျသနေနဝါ ဖုဋ္ဌဿ သီလဗျသနေနဝါ ဖုဋ္ဌဿ ဒိဋ္ဌိဗျသနေနဝါ ဖုဋ္ဌဿ အညတရညတရေန ဗျသနေန သမန္နာဂတဿ အညတရညတရေန ဒုက္ခဓမ္မေန ဖုဋ္ဌဿ အာဒေဝေါ ပရိဒေဝေါ အာဒေဝနာ ပရိဒေဝနာ အာဒေဝိတတ္တံ ပရိဒေဝိတတ္တံ ဝါစာပလာပေါ ဝိပ္ပလာပေါ လာလပ္ပေါ လာလပ္ပနာ လာလပ္ပိတတ္တံ အယံ ဝုစ္စတိ ပရိဒေဝေါ။

တတ္ထ ကတမံ ဒုက္ခံ ယံ ကာယိကံ အသာတံ ကာယိကံ ဒုက္ခံ ကာယသမ္ဖဿဇံ အသာတံ ဒုက္ခံ ဝေဒယိ

တံ ကာယသမ္ဖဿဇာ အသာတာ ဒုက္ခာ ဝေဒနာ ဣဒံ ဝုစ္စတိ ဒုက္ခံ။

တတ္ထ ကတမံ ဒေါမနဿံ ယံ စေတသိကံ အသာတံ စေတသိကံ ဒုက္ခံ စေတောသမ္ဖဿဇံ အသာတံ ဒုက္ခံ ဝေဒယိတံ စေတောသမ္ဖဿဇာ အသာတာ ဒုက္ခာ ဝေဒနာ ဣဒံ ဝုစ္စတိ ဒေါမနဿံ။

တတ္ထ ကတမော ဥပါယာသော၊ ဉာတိဗျသနေန ဝါ ဖုဋ္ဌဿ ဘောဂဗျသနေန ဝါ ဖုဋ္ဌဿ ရောဂဗျသနေန ဝါ ဖုဋ္ဌဿ သီလဗျသနေန ဝါ ဖုဋ္ဌဿ ဒိဋ္ဌိဗျသနေန ဝါ ဖုဋ္ဌဿ အညတရညတရေန ဗျသနေန သမန္နာဂတဿ အညတရညတရေန ဒုက္ခဓမ္မေန ဖုဋ္ဌဿ အာယာသော ဥပါယာသော အာယာသိတတ္တံ ဥပါယာသိတတ္တံ အယံ ဝုစ္စတိ ဥပါယာသော။

ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတီတိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သင်္ဂတိ ဟောတိ သမာဂမော ဟောတိ သမောဓာနံ ဟောတိ ပါတုဘာဝေါ ဟောတိ တေန ဝုစ္စတိ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတီတိ။

## ဓာတုကထာ

သင်္ဂဟော အသင်္ဂဟော၊ သင်္ဂဟိတေန အသင်္ဂဟိတံ၊ အသင်္ဂဟိတေန သင်္ဂဟိတံ၊ သင်္ဂဟိတေန သင်္ဂဟိတံ၊ အသင်္ဂဟိတေန အသင်္ဂဟိတံ။

သမ္ပယောဂေါ ဝိပ္ပယောဂေါ၊ သမ္ပယုတ္တေန ဝိပ္ပယုတ္တံ၊ ဝိပ္ပယုတ္တေန သမ္ပယုတ္တံ၊ သမ္ပယုတ္တေန သမ္ပယုတ္တံ၊ ဝိပ္ပယုတ္တေန ဝိပ္ပယုတ္တံ။

သင်္ဂဟိတေန သမ္ပယုတ္တံ ဝိပ္ပယုတ္တံ၊ သမ္ပယုတ္တေန သင်္ဂဟိတံ အသင်္ဂဟိတံ၊ အသင်္ဂဟိတေန သမ္ပယုတ္တံ ဝိပ္ပယုတ္တံ၊ ဝိပ္ပယုတ္တေန သင်္ဂဟိတံ အသင်္ဂဟိတံ။

ပဉ္စက္ခန္ဓာ ဒွါဒသာယတနာနိ အဋ္ဌာရသဓာတုယော စတ္တာရိ သစ္စာနိ ဗာဝီသတိန္ဒြိယာနိ ပဋိစ္စသမုပ္ပါဒေါ စတ္တာရော သတိပဋ္ဌာနာ စတ္တာရော သမ္မပ္ပဓာနာ စတ္တာရော ဣဒ္ဓိပါဒါ စတ္တာရိ ဈာနာနိ စတဿော အပ္ပမညာယော ပဉ္စိန္ဒြိယာနိ ပဉ္စဗလာနိ သတ္တဗောဇ္ဈင်္ဂါ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ ဖဿော ဝေဒနာ သညာ စေတနာ စိတ္တံ အဓိမောက္ခော မနသိကာရော။

တီဟိ သင်္ဂဟော တီဟိ အသင်္ဂဟော၊ စတူဟိ သမ္ပယောဂေါ စတူဟိ ဝိပ္ပယောဂေါ၊ သဘာဂေါ ဝိသဘာဂေါ၊ သဗ္ဗာပိ ဓမ္မသင်္ဂဏီ ဓာတုကထာယ မာတိကာတိ။

## ပုဂ္ဂလပညတ်

ဆ ပညတ္တိယော ခန္ဓပညတ္တိ အာယတနပညတ္တိ ဓာတုပညတ္တိ သစ္စပညတ္တိ ဣန္ဒြိယပညတ္တိ ပုဂ္ဂလပညတ္တီတိ။

ကိတ္တာဝတာ ပုဂ္ဂလာနံ ပုဂ္ဂလာပညတ္တိ၊ သမယဝိမုတ္တော၊ အသမယဝိမုတ္တော၊ ကုပ္ပဓမ္မော၊ အကုပ္ပဓမ္မော၊ ပရိဟာနဓမ္မော၊ အပရိဟာနဓမ္မော၊ စေတနာ ဘဗ္ဗော၊ အနုရက္ခနာ ဘဗ္ဗော၊ ပုထုဇ္ဇနော၊ ဂေါတြဘူ၊ ဘယူပရတော၊ အဘယူပရတော၊ ဘဗ္ဗာဂမနော၊ အဘဗ္ဗာဂမနော၊ နိယတော၊ အနိယတော၊ ပဋိပန္နကော၊ ဖလေဋ္ဌိတော၊ သမသီသီ၊ ဌိတကပ္ပီ၊ အရိယော၊ အနရိယော၊ သေခေါ၊ အသေခေါ၊ နေဝသေခါနာသေခေါ၊ တေဝိဇ္ဇော၊ ဆဠဘိညော၊ သမ္မာသမ္ဗုဒ္ဓေါ၊ ပစ္စေကသမ္ဗုဒ္ဓေါ၊ ဥဘတော ဘာဂဝိမုတ္တော၊ ပညာဝိမုတ္တော၊ ကာယသက္ခိ၊ ဒိဋ္ဌိပ္ပတ္တော၊ သဒ္ဓါဝိမုတ္တော၊ ဓမ္မာနုသာရီ၊ သဒ္ဓါနုသာရီ၊ သတ္တက္ခတ္တုပရမော၊ ကောလံကောလော၊ ဧကဗီဇီ၊ သကဒါဂါမီ၊ အနာဂါမီ၊ အန္တရာပရိနိဗ္ဗာယီ၊ ဥပဟစ္စပရိနိဗ္ဗာယီ၊ အသင်္ခါရပရိနိဗ္ဗာယီ၊ သသင်္ခါရ ပရိနိဗ္ဗာယီ၊ ဥဒ္ဓံသောတော၊ အကနိဋ္ဌဂါမီ၊ သောတာပန္နော၊ သောတာပတ္တိဖလသစ္ဆိကိရိယာယ ပဋိပန္နော၊ သကဒါဂါမီ၊ သကဒါဂါမိဖလသစ္ဆိကိရိယာယ ပဋိပန္နော၊ အနာဂါမီ၊ အနာ

ဂါမိဖလသစ္ဆိကိရိယာယ ပဋိပန္နော၊ အရဟာ၊ အရဟတ္တဖလသစ္ဆိကိရိယာယ ပဋိပန္နော။

**ကထာဝတ္ထု**

ပုဂ္ဂလော ဥပလဗ္ဘတိ သစ္စိကဋ္ဌပရမတ္ထေနာတိ အာမန္တာ။

ယော သစ္စိကဋ္ဌော ပရမတ္ထော တတော သော ပုဂ္ဂလော ဥပလဗ္ဘတိ သစ္စိကဋ္ဌပရမတ္ထေနာတိ။

နဟေဝံ ဝတ္တဗ္ဗေ အာဇာနာဟိ နိဂ္ဂဟံ ဟဉ္စိ ပုဂ္ဂလော ဥပလဗ္ဘတိ သစ္စိတဋ္ဌပရမတ္ထေန။

တေန ဝတ ရေ ဝတ္တဗ္ဗေ ယော သစ္စိကဋ္ဌော ပရမတ္ထော တတော သော ပုဂ္ဂလော ဥပလဗ္ဘတိ သစ္စိကဋ္ဌပရမတ္ထေနာတိ ယံ တတ္ထ ဝတ္တဗ္ဗေ ခေါ ပုဂ္ဂလော ဥပလဗ္ဘတိ သစ္စိကဋ္ဌပရမတ္ထေန။

နော စ ဝတ္တဗ္ဗေ ယော သစ္စိကဋ္ဌော ပရမတ္ထော တတော သော ပုဂ္ဂလော ဥပလဗ္ဘတိ သစ္စိကဋ္ဌပရမတ္ထေနာတိ မိစ္ဆာ။

နောစေ ပန ဝတ္တဗ္ဗေ ယော သစ္စိကဋ္ဌော ပရမတ္ထော တတော သော ပုဂ္ဂလော ဥပလဗ္ဘတိ သစ္စိကဋ္ဌပရမတ္ထေနာတိ။

နောစ .ဝတ ရေ ဝတ္တဗ္ဗေ ပုဂ္ဂလော ဥပလဗ္ဘတိ သစ္စိကဋ္ဌပရမတ္ထေနာတိ ယံ တတ္ထ ဝဒေသိ ဝတ္တဗ္ဗေ ခေါ ပုဂ္ဂလော ဥပလဗ္ဘတိ သစ္စိကဋ္ဌ ပရမတ္ထေန။

နောစ ဝတ္တဗ္ဗေ ယော သစ္စိကဋ္ဌော ပရမတ္ထော တတော သော ပုဂ္ဂလော ဥပလဗ္ဘတိ သစ္စိကဋ္ဌပရမတ္ထေနာတိ မိစ္ဆာ။

မှိုက်

ယေကေစိ ကုသလာ ဓမ္မာ သဗ္ဗေ တေ ကုသလမူလာ၊ ယေ ဝါ ပန ကုသလမူလာ သဗ္ဗေ တေ ဓမ္မာ ကုသလာ။

ယေ ကေစိ ကုသလာ ဓမ္မာ သဗ္ဗေ တေ ကုသလမူလေန ဧကမူလာ၊ ယေ ဝါ ပန ကုသလမူလေန ဧကမူလာ သဗ္ဗေ တေ ဓမ္မာ ကုသလာ။

ယေကေစိ ကုသလမူလေန ဧကမူလာ ဓမ္မာ သဗ္ဗေ တေ ကုသလမူလေန အညမညမူလာ၊ ယေ ဝါ ပန ကုသလမူလေန အညမညမူလာ သဗ္ဗေ တေ ဓမ္မာ ကုသလာ။

ယေကေစိ အကုသလာ ဓမ္မာ သဗ္ဗေ တေ အကုသလမူလာ၊ ယေ ဝါ ပန အကုသလမူလာ သဗ္ဗေ တေ ဓမ္မာ အကုသလာ။

ယေကေစိ အကုသလာဓမ္မာ သဗ္ဗေ တေ အကုသလာမူလေန ကေမူလာ၊ ယေဝါ ပန အကုသလမူလေန တေမူလာ သဗ္ဗေ တေ ဓမ္မာ အကုသလာ။

ယေကေစိ အကုသလာမူလေန ကေမူလာ ဓမ္မာ သဗ္ဗေ တေ အကုသလမူလေန အညမညမူလာ၊ ယေဝါ ပန အကုသလမူလေန အညမညမူလာ သဗ္ဗေ တေ ဓမ္မာ အကုသလာ။

ယေကေစိ အဗျာကတာ ဓမ္မာ သဗ္ဗေ တေ အဗျာကတမူလာ၊ ယေဝါ ပန အဗျာကတမူလာ သဗ္ဗေ တေ ဓမ္မာ အဗျာကတာ။

ယေကေစိ အဗျာကတာ ဓမ္မာ သဗ္ဗေ တေ အဗျာကတမူလေန ကေမူလာ၊ ယေဝါ ပန အဗျာကတမူလေန ကေမူလာ သဗ္ဗေ တေ ဓမ္မာ အဗျာကတာ။

ယေကေစိ အဗျာကတမူလေန ကေမူလာ ဓမ္မာ သဗ္ဗေ တေ အဗျာကတမူလေန အညမညမူလာ၊ ယေဝါ ပန အဗျာကတမူလေန အညမညမူလာ သဗ္ဗေ တေ ဓမ္မာ အဗျာကတာ။

ယေကေစိ နာမာ ဓမ္မာ သဗ္ဗေ တေ နာမမူလာ ယေဝါ ပန နာမမူလာ သဗ္ဗေ တေ ဓမ္မာ နာမာ။

ယေကေစိ နာမာ ဓမ္မာ သဗ္ဗေ တေ နာမမူလေန ကေမူလာ၊ ယေဝါ ပန နာမမူလေန ကေမူလာ သဗ္ဗေ တေ ဓမ္မာ နာမာ။

ယေကေစိ နာမမူလေန ကေမူလာ ဓမ္မာ သဗ္ဗေ တေ နာမမူလေန အညမညမူလာ ယေဝါပန နာမမူလေန အညမညမူလာ သဗ္ဗေ တေ ဓမ္မာ နာမာ။

ပဋ္ဌာန်း

ဟေတုပစ္စယော၊ အာရမ္မဏပစ္စယော၊ အဓိပတိပစ္စယော၊ အနန္တရပစ္စယော၊ သမနန္တရပစ္စယော၊ သဟဇာတပစ္စယော၊ အညမညပစ္စယော၊ နိဿယပစ္စယော၊ ဥပနိဿယပစ္စယော၊ ပုရေဇာတပစ္စယော၊ ပစ္ဆာဇာတပစ္စယော၊ အာသေဝနပစ္စယော၊ ကမ္မပစ္စယော၊ ဝိပါကပစ္စယော၊ အာဟာရပစ္စယော၊ ဣန္ဒြိယပစ္စယော၊ ဈာနပစ္စယော၊ မဂ္ဂပစ္စယော၊ သမ္ပယုတ္တပစ္စယော၊ ဝိပ္ပယုတ္တပစ္စယော၊ အတ္ထိပစ္စယော၊ နတ္ထိပစ္စယော၊ ဝိဂတပစ္စယော၊ အဝိဂတပစ္စယော တိ။

ဘတ်နိုင်ပါက ပဋ္ဌာန်း ပစ္စယနိဒ္ဒေသ အကုန်ထည့်လေ ဟု ဆရာမြဘော်တို့ မိန့်မှာပေ၏။

၎င်း အဘိဓမ္မာ ၇-ကျမ်းကို မိုင်းကိုင်စက္ကူတွင် ရေး၍ ပြာပြီ။

၇ - တရားဂုဏ်တော်နှင့် ဓမ္မစကြာ ပြာများအတွက်ကား....

သွာက္ခာတော ဘဂဝတာ ဓမ္မော သန္ဒိဋ္ဌိကော အကာလိကော ဧဟိပဿိကော ဩပနေယျိကော ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ—

ခယံ ဝိရာဂံ အမတံ ပဏီတံ၊
ယဒဇ္ဈဂါ သကျမုနီ သမာဟိတော။
နတေန ဓမ္မေန သမတ္ထိ ကိဉ္စိ၊
ဣမ္ပိ ဓမ္မေ ရတနံ ပဏီတံ။
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

ယံ ဗုဒ္ဓသေဋ္ဌော ပရိဝဏ္ဏယီ သုစိံ၊
သမာဓိမာနန္တရိကညာမာဟု။
သမာဓိနာ တေန သမော န ဝိဇ္ဇတိ။
ဣဒမ္ပိ ဓမ္မေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

ယာနီဓ ဘူတာနိ သမာဂတာနိ၊
ဘုမ္မာနိဝါ ယာနိဝ အန္တလိက္ခေ၊
တထာဂတံ ဒေဝမနုဿပူဇိတံ၊
ဓမ္မံ နမဿာမ သုဝတ္ထိ ဟောတု။

ဓမ္မစက္ကပ္ပဝတ္တနသုတ် (ဓမ္မစကြာ) ကို 'ဒွေ မေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန န သေဝိတဗ္ဗာ' မှ 'အယမန္တိမာ ဇာတိ နတ္ထိ ဒါနိ ပုနဗ္ဘဝေါတိ' တိုင်အောင် ရေး။

ဤတရားဂုဏ်တော်နှင့် ရတနသုတ္တန်လာ ဂါထာ သုံးပုဒ် ဓမ္မစကြာ တို့ကို မှိုင်းကိုင်စက္ကူတွင် ရေး၍ ပြာပူ။

ဤ ဆိုခဲ့သည့် အားလုံးတို့ကို ကောင်းမွန်စွာ သစ္စေ့နှင့် တော လေ၊ ဤကား ဒက္ခိဏာသာခါ မမ္မစေတီဘုရား အစီအမံ အတွက် ဖြစ်ပေ၏။

\+ \+ \+

## အစီအမံပြုရာ၌ သတိပြုရန်

ဒက္ခိဏာသာခါ ရုပ်ပွားတော် ထုလုပ်ရန် အစီအမံပါ အချက် အလက်များကို စုဆောင်းရာ၌ ဗောဓိပေါင်းမှု့နှင့် သတ္တဌာ နေမြေတို့မှာ တကြိမ်စုဆောင်းထားက ဘုရားဆူခရ မည်မျှပင် ခွဲခြား ထုလုပ်သည် ဖြစ်စေ ထုလုပ်နိုင်ပေ၏။

သို့သော် ဂုဏ်တော် ၉-ပါး, သဒ္ဒါရုပ်မှုံ့, ဂုဏ်တော်ပြာ, ကျမ်းဦးပြာ စသော ကျန် အစီအရင် များမှာကား တကြိမ် ပြုလုပ် စုဆောင်းပြီး ၎င်းအထဲမှ ခွဲဝေ၍ အခြားတဆူ အတွက် မထည့်ရပါ၊ တဆူစီ တဆူစီ အတွက် သီးသန့် ပြုလုပ်ရပေ၏၊ အချို့အဝက် ခွဲချန်ထား၍လည်း မရပေ။

ထို့ကြောင့် ဤအချက်ကို ကြပ်ကြပ် သတိပြုပြီးလျှင် ဗောဓိ ပေါင်းမှုံ့, သတ္တဌာနမြေ တို့မှ အပ ဖြစ်သော ဂုဏ်တော်, သဒ္ဒါ မှုန့်, ဂုဏ်တော်ပြာ စသည်တို့ကို ဂရုမပြု ပြုကာ တဆူစီ တဆူစီ အတွက် ခွဲခြား၍ သီးသန့် ပြုလုပ်ကြပါကုန်။

\+ \+ \+

## ဒက္ခိဏာသာခါ အစီအမံအတွက် ကြိုတ်ရန် ကျောက်ပျဉ် ကျောက်တုံး အစီအမံ

ပြဆိုခဲ့သော ဗေဒပေါင်းမှုန့်မှုအစ စုဆောင်းပြီး အရာဝတ္ထုများကို သမအောင် အမှုန့်ပြုကြိတ်ရာ၌ အောက်ပါ အစီအမံအတိုင်း ပြုစီမံရမည် ဖြစ်ပေ၏။

ပဌမ– ကျောက်ပျဉ်ဝယ် 'ဇေ၀ံ အစိန္တိယာ' ဂါထာကို တကြောင်းလျှင်တပိုဒ်ဖြင့် ၄-ကြောင်းရေး၊ အောက်ပါအတိုင်းပင် ဖြစ်သည်။

ဧ၀ံ အစိန္တိယာ ဗုဒ္ဓါ၊
ဗုဒ္ဓဂုဏာ အစိန္တိယာ။
အစိန္တိယေ ပသန္နာနံ၊
ပါကော ဟောတိ အစိန္တိယော။

အကယ်၍ 'ဝိပါကော ဟောတိ' ဟု ဆိုခဲ့လျှင် အက္ခရာ တလုံး ပိုနေကာ ဂါထာပျက်မည်၊ ၎င်းပြင် ဒုတိယပိုဒ်၌ 'ဗုဒ္ဓဂုဏာ' ဟုဆိုလျှင် ဆန်းပျက်သည်၊ ထို့ကြောင့် 'ဗုဒ္ဓဂုဏာ' ဟု ရေးရမည် ဖြစ်၏။

ကျောက်တုံးတွင်မူ 'သောဘဂ၀ါ ဣတိပိ အရဟံ' စသည်ဖြင့် ဂုဏ်တော်တပါးလျှင် တကြောင်းကျ ၉– ကြောင်း ရေး။

✢ ✢ ✢

## ဒက္ခိဏာသာခါ ထုလုပ် ကိုးကွယ်နည်း

### အစီအမံပါ အင်းများ သိဒ္ဓိတင်ရန်

ဥမ် သိဒ္ဓိ သိဒ္ဓိ မဟာသိဒ္ဓိ သိဒ္ဓိကိစ္စံ သိဒ္ဓိကမ္မံ
ဇယော ဟောတု ဇယ မင်္ဂလံ သဗ္ဗမင်္ဂလံ ဇယသိဒ္ဓိ
သဗ္ဗသိဒ္ဓိ ဒက္ခိဏာသာခါ ဗုဒ္ဓါနုဘာဝေန သိဒ္ဓါ ဘဝန္တု။
( ၁၀၈-ကြိမ်စုတ် )

ဂုဏ်းနောက် ဂုဏ်းဂါထာဖြင့်ပင် 'ဓမ္မာနုဘာဝေန' 'သံဃာနုဘာဝေန' ဟု ပြောင်းလဲထည့်ကာ ၁၀၈-ကြိမ်စီ စုတ်လေ။

---

# အခန်း-၇

## ဒက္ခိဏာသာခါ ထုလုပ်ခြင်း

ပြဆိုခဲ့သော ဗေဒမိပေါင်, ဂမုန်းပေါင်း, ဓမ္မစေတီ ဒက္ခိဏာ သာခါ ရုပ်ပွားတော်များကို ထုလုပ်ရာဝယ် မိမိတို့ သင့်ရာ နှစ်သက်ရာ မေးတော်စား, နှုတ်ခမ်းတော်စား, နှာခေါင်းတော်စား, မျက်မှောင်တော်စား အချိုးအစားများဖြင့် ထုလုပ်ရမည် ဖြစ်၏။

ဤတွင် ရုပ်ပွားတော် ထုပုံ စံနစ်ကို အကျယ်ပြရန် လိုအပ်မထင်ပေ၊ အကြောင်းသော် ကြီးမားသော ရုပ်ပွားတော်များတွင်သာ အချိုးမကျမည် စိုးရိမ်ရ၍ ဤမျှ ငယ်သော တမိုက်ထက် မပိုသော ရုပ်ပွားတော်များ၌ စိုးရိမ်ဖွယ် မရှိသောကြောင့် ဖြစ်ပေ၏။

သို့သော် ရှေ့ပိုင်းတွင် ပြဆိုခဲ့ပြီးသည့် အတိုင်း ပါသာဒိက ဂုဏ်နှင့် ပြည့်စုံစေရန် အထူး ဂရုပြု၍ ထုရမည် ဖြစ်၏။

ပလ္လင်ခွေ အနေအထား လက်တော် နှစ်ဘက် အနေအထား တို့မှာ အခြားရုပ်ပွားတော်များ အလားတူပင် ဖြစ်၏။

နဖူးတော်တွင် သင်းကျစ်တော် ဟူ၍ ကပ်ထားသကဲ့သို့ အပြားကြီး မပေါ်နေစေရ၊ ဆံတော်သည် လက်ျာရစ်လည်၍ အပေါ်သို့ စုချွန်ကာ တက်လျက် တည်ရှိနေသည့်သဖွယ် ဖြစ်စေရမည်။

ပခုံးတော် နှစ်ဘက်တွင် လက်ပြင်ဘက်မှ ခြုံကာ အစချထားသော ဒုကုဋ်သင်္ကန်းတော် ပါရှိရမည်။

ဦးခေါင်းတော်တွင် ကြာပွင့်သော်ရင်း ကြာဖက်သော်ရင်း ဆောင်းရန် မလိုပေ။

ပလ္လင်ခွေအောက်တွင် ဓမ္မခဏ် အခင်း တဆက်ထည်း ပါရှိရမည်၊ ဤမျှဖြင့် ရုပ်ပွားတော်၏ အနေအထား ပြည့်စုံပေပြီ။

အရေးကြီးသည်ကား ပါရှိသောအရာများ နည်းကျ်နိုင် သမျှ နည်းကျ်ပြီး သစ္စေးနှင့် တေသားကောင်းမှ ထုလုပ်ရာတွင် လွယ်ကူ ကောင်းမွန်နိုင်ခြင်း ပင် ဖြစ်ပေ၏။

## မှို ၉-ချက် အစီအမံ

၁ - နဖူးတော် ဗဟိုချက်
၂ - လက်ျာ နားသယ်
၃ - လက်ဝဲ နားသယ်
၄ - လက်ျာ ပခုံး
၅ - လက်ဝဲ ပခုံး
၆ - လက်ျာ လက်ဖမိုး
၇ - လက်ဝဲ လက်ဖဝါး
၈ - လက်ျာ ဒူး
၉ - လက်ဝဲ ဒူး

ဤ ၉- ဌာနတို့တွင် မှို ၉-ချက် စီရင်ရမည် ဖြစ်ရာ အောက်ပါ အတိုင်း ဂုဏ်တော် ၉-ပါးကို ငွေပြားတွင် ရေး၍ လက်ဖွဲ့သဖွယ် လိပ်၍ သွင်းပြီးမှ ငွေမှို ရိုက်ပါ၊ တတ်နိုင်ပါစာ ရွှေပြားနှင့် ရွှေမှိုကို အသုံးပြုပါလေ။

၁ - ဣတိပိ သော ဘဂဝါ-အရဟံ
နဖူးတော် ဗဟိုချက်

၂ - ဣတိပိ သော ဘဂဝါ-သမ္မာသမ္ဗုဒ္ဓေါ
လက်ျာ နားသယ်

၃ - ဣတိပိ သော ဘဂဝါ-ဝိဇ္ဇာစရဏ သမ္ပန္နော
လက်ဝဲ နားသယ်

၄ - ဣတိပိ သော ဘဂဝါ-သုဂတော
လက်ျာ ပခုံး

၅ - ဣတိပိ သော ဘဂဝါ-လောကဝိဒူ
လက်ဝဲ ပခုံး

၆ - ဣတိပိ သော ဘဂဝါ - အနုတ္တရော ပုရိသဒမ္မ သာရထိ
လက်ျာ လက်ဖမိုး

၇ - ဣတိပိ သော ဘဂဝါ-သတ္ထာ ဒေဝမနုဿာနံ
လက်ဝဲ လက်ဖဝါး

၈ - ဣတိပိ သော ဘဂဝါ-ဗုဒ္ဓေါ
လက်ျာ ဒူး

၉ - ဣတိပိ သော ဘဂဝါ-ဘဂဝါ
လက်ဝဲ ဒူး

ဤကား မှု ၉-ချက် ဖြစ်၏၊ ဤ မှု ၉-ချက်တွင် ဓာတ်တော် ဌာပနာရန် မလိုပေ၊ အခြား အဂ္ဂိရတ် ဓာတ်သေ စသည်တို့ လည်း ထည့်သွင်းရန် မလိုပေ။

\+ \+ \+

## ခေတ်တော် ဌာပနာခြင်း

တတ်နိုင်ပါက သရီရခေတ်တော် အစစ်တဆူ ရအောင် ရှာလျက် ရုပ်ပွားတော်၏ ဦးခေါင်းတော် အလည်ဗဟို ဆံတော်အညွန့်စုရာ အလည်တည့်တည့်၌ ခေတ်တော်ကို မြှုပ်နှံ ဌာပနာပါလေ။

ရုပ်ပွားတော် စိမ်ခိုက်ဝယ် ခေတ်တော် မရှိပါက မည်သည့်အခါတွင် မဆို ခေတ်တော် ရရှိသော အခါ၌ ထည့်သွင်း ဌာပနာလေ။

ဆရာမြတ် အချို့ကား အမိဋ္ဌာန် ဥပုသ်စောင့်ကာ ခေတ်တော်ကို ပင့်ယူကြပေ၏။

မြတ်စွာဘုရား၏ သရီရခေတ်တော် ဟူသည် အပူဇော်ပြုသူ-အလေးအမြတ် ကိုးကွယ်သူ ရှိရာသို့ သာ ကြွမြန်းတတ်ရာ အကယ်တိ ခေတ်တော်စစ် ရပါလျက် မြတ်နိုးတနာ ပူဇာသက္ကာရပြုလျက် ကိုးကွယ်ခြင်း မရှိပါက ပြန်လည် ကြွမြန်းသွားမည်သာ ဖြစ်ပေ၏။

ခေတ်တော်စစ်ကို ဌာပနာနိုင်ပါက လွန်စွာ ကောင်းမြတ်လှပေ၏၊ ဗုဒ္ဓပမုခ သံဃိက အလှူတော် ပြုလိုပါက ထိုခေတ်တော်စစ် ဌာပနာထားသော ရုပ်ပွားတော်မှာ ဗုဒ္ဓ၏ နေရာ၌ သက်တော်ထင်ရှား မြတ်စွာဘုရား အဖြစ် သီတင်းသုံး တည်နေတော်မူမည် ဖြစ်ရာ လွန်စွာ ထူးမြတ်လှပေတော့၏။

ထို့ကြောင့် လွန်စွာသော ကြိုးပမ်းခြင်းဖြင့် ဓာတ်တော်စစ် တဆူ ရအောင် ကြံဆောင်လျက် သွင်းနှံ ဌာပနာခြင်း ပြုအပ် လှပေသတည်း။

\+ \+ \+

## ရုပ်ပွားတော်ကို မွမ်းမံခြင်း

ရုပ်ပွားတော်ကို ထူးမွန် သပ္ပါယ် တင့်တယ်စေရန် မွမ်းမံ ခြင်း ပြုလိုပါက ရွှေမျက်ပါး ကပ်လူခြင်းကို ပြုနိုင်သော်လည်း သင်္ကန်းတော်ကို သာ ရွှေချခြင်း ပြုပါလေ။

သင်္ကန်းတော်မှ လွတ်သော ကိုယ်တော် အစိတ်အပိုင်းတို့၌ ရွှေချခြင်း မပြုရ။

ပလ္လင်တော် နှင့် တကဲကို ရွှေချရာ၌လည်း အင်းများကို ချန်လှပ်၍ ချပါလေ။

ရွှေချရာတွင် အကြိမ်ကြိမ် အထပ်ထပ် တတ်နိုင်သမျှ ချနိုင် ခွင့် ရှိပေ၏။

ဤသို့ပြင် ရုပ်ပွားတော် တည်ရှိရာ၏ အပေါ်၌ အမြဲတမ်း ပိတ်ဖြူ မျက်နှာကျက် ဗိတာန် ရှိနေရပေမည်။

\+ \+ \+

## ဗုဒ္ဓါဘိသေက မင်္ဂလာ အနေကဇာ တင်ခြင်း

အနေကဇာတင်ခြင်း (၀၁) ဗုဒ္ဓါဘိသေက မင်္ဂလာဖြင့် ပူဇော် ကန်တော့ခြင်းကို များသောအားဖြင့် ရဟန်းတော်များ ပြုနေကျအတိုင်း မဟုတ်ဘဲ ပိုမို ပြည့်စုံသော အစီအရင်ကို ဤတွင် ဖော်ပြပေအံ့။

ရုပ်ပွားတော်အား လက်အုပ်ချီကာ ရှိခိုးလျက် အောက်ပါအတိုင်း ရွတ်ဆို ရင့်ကျူးကာ ပူဇော်ပါလေ။

တေန သမယေန ဗုဒ္ဓေါ ဘဂဝါ ဥရုဝေဠာယံ ဝိဟာရတိ နဇ္ဇာ နေရဥ္ဇရာယ တီရေ ဗောဓိရုက္ခမူလေ ပဌမာဘိသမ္ဗုဒ္ဓေါ။

တေန ခေါ ပန သမယေန ဘဂဝါ သတ္တာဟံ ဧကပလ္လင်္ကေန နိသိန္နော ဟောတိ ဝိမုတ္တိသုခံ ပဋိသံဝေဒီ။

အထ ခေါ ဘဂဝါ တဿ သတ္တာဟဿ အစ္စယေန သမာဓိမှာ ဝုဋ္ဌဟိတွာ ရတ္တိယာ ပဌမံ ယာမံ ပဋိစ္စသမုပ္ပါဒံ အနုလောမံ သာဓုကံ မနသာကာသိ၊ ဣတိ သတိ ဣဒံ ဟောတိ ဣမဿုပ္ပါဒါ ဣဒံ ဥပ္ပဇ္ဇတိ ယဒိဒံ....

အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပ ပစ္စယာ သဠာယတနံ၊ သဠာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာ ပစ္စယာ

ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိ ပစ္စယာ ဇရာမရဏံ၊ သောက ပရိဒေဝ ဒုက္ခဒေါမနဿု ပါယာသာ သမ္ဘဝန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ တိ....။

အထ ခေါ ဘဂဝါ ဧတမတ္ထံ ဝိဒိတွာ တာယံ ဝေလာယံ ဣမံ ဥဒါနံ ဥဒါနေသိ....။

ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊
အာတာပိနော ဈာယတော ဗြာဟ္မဏဿ။
အထဿ ကင်္ခါဝပယန္တိ သဗ္ဗာ၊
ယတော ပဇာနာတိ သဟေတုဓမ္မံ–တိ....။

တေန သမယေန ဗုဒ္ဓေါ ဘဂဝါ ဥရုဝေဠာယံ ဝိဟရတိ နဇ္ဇာ နေရဉ္ဇရာယ တီရေ ဗောဓိရုက္ခမူလေ ပဌမာဘိသမ္ဗုဒ္ဓေါ....။

တေန ခေါ ပန သမယေန ဘဂဝါ သတ္တာဟံ ဧကပလ္လင်္ကေန နိသိန္နော ဟောတိ ဝိမုတ္တိသုခံ ပဋိသံဝေဒီ။

အထ ခေါ ဘဂဝါ တဿ သတ္တာဟဿ အစ္စယေန တမှာ သမာဓိမှာ ဝုဋ္ဌဟိတွာ ရတ္တိယာ မဇ္ဈိမံ ယာမံ ပဋိစ္စသမုပ္ပါဒံ ပဋိလောမံ သာဓုကံ မနသာကာသိ ဣတိ ဣမသ္မိံ အသတိ ဣဒံ န ဟောတိ ဣမဿ နိရောဓာ ဣဒံ နိရုဇ္ဈတိ ယဒိဒံ....။

အဝိဇ္ဇာ နိရောဓာ သင်္ခါရနိရောဓော၊ သင်္ခါရ နိရောဓာ ဝိညာဏနိရောဓော၊ ဝိညာဏနိရောဓာ နာမရူပ နိရောဓော၊ နာမရူပ နိရောဓာ သဠာယတန နိရောဓော၊ သဠာယတန နိရောဓာ ဖဿနိရောဓော၊ ဖဿနိရောဓာ ဝေဒနာ နိရောဓော၊ ဝေဒနာနိရောဓာ တဏှာနိရောဓော၊ တဏှာနိရောဓာ ဥပါဒါန နိရောဓော၊ ဥပါဒါန နိရောဓာ ဘဝနိရောဓော၊ ဘဝနိရောဓာ ဇာတိနိရောဓော၊ ဇာတိနိရောဓာ၊ ဇရာမရဏံ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ နိရုဇ္ဈန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတီတိ....။

အထခေါ ဘဂဝါ ဧတမတ္ထံ ဝိဒိတွာ တာယံ ဝေလာယံ ဣမံ ဥဒါနံ ဥဒါနေသိ....။

ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊
အာတာပိနော ဈာယတော ဗြာဟ္မဏဿ။
အထဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ၊
ယတော ခယံ ပစ္စယာနံ အဝေဒီ–တိ။

တေနသမယေန ဗုဒ္ဓေါ ဘဂဝါ ဥရုဝေဠာယံ ဝိဟရတိ နဇ္ဇာ နေရဉ္ဇရာယ တီရေ ဗောဓိရုက္ခမူလေ ပဌမာဘိသမ္ဗုဒ္ဓေါ....။

တေန ခေါ ပန သမယေန ဘဂဝါ သတ္တာဟံ ဧက ပလ္လင်္ကေန နိသိန္နော ယောတိ ဝိမုတ္တိသုခံ ပဋိသံ ဝေဒီ....။

အထ ခေါ ဘဂဝါ တဿ သတ္တာဟဿ အစ္စယေ န တမှာ သမာဓိမှာ ဝုဋ္ဌဟိတွာ ရတ္တိယာ ပဌမံ ယာမံ ပဋိစ္စသမုပ္ပါဒံ အနုလောမ ပဋိလောမံ သာဓုကံ မန သာကာသိ ဣတိ ဣမသ္မိံ သတိ ဣဒံ ဟောတိ ဣမဿုပ္ပါဒါ ဣဒံ ဥပဇ္ဇတိ ဣမသ္မိံ အသတိ ဣဒံ နဟော တိ ဣမဿ နိရောဓာ ဣဒံ နိရုဇ္ဈတိ ယဒိဒံ....။

အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ (လ) ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ....။

အဝိဇ္ဇာယတွေဝ အသေသ ဝိရာဂ နိရောဓာ သင်္ခါရနိရောဓော (လ) ဒုက္ခန္ဓဿ နိရောဓော ဟောတီတိ....။

အထခေါ ဘဂဝါ ဧတမတ္ထံ ဝိဒိတွာ တာယံ ဝေလာ ယံ ဣမံ ဥဒါနံ ဥဒါနေသိ....။

ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊
အာတာပိနော ဈာယတော ဗြာဟ္မဏဿ။
ဝိဓူပယံ တိဋ္ဌတိ မာရသေနံ၊
သူရိယောဝ ဩဘာသယ မန္တလိက္ခံ-တိ....။

အနေကဇာတိ သံသာရံ
သံဓာဝိဿံ အနိဗ္ဗိသံ။
ဂဟကာရံ ဂဝေသန္တော၊
ဒုက္ခာ ဇာတိ ပုနပ္ပုနံ....။

ဂဟကာရက ဒိဋ္ဌောသိ၊
ပုန ဂေဟံ န ကာဟသိ။
သဗ္ဗာ တေ ဖာသုကာ ဘဂ္ဂါ၊
ဂဟကူဋံ ဝိသင်္ခတံ....။

ဝိသင်္ခါရဂတံ စိတ္တံ၊
တဏှာနံ ခယမဇ္ဈဂါ....။

( 'အနေကဇာတိ သံသာရံ' မှ 'တဏှာနံ ခယမဇ္ဈဂါ' အထိ ၃ ခေါက် ရွတ်ပါ။ )

ဣတိပိ သော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ ဝိဇ္ဇာစရဏသမ္ပန္နော သုဂတော လောကဝိဒူ အနုတ္တရောပုရိသဒမ္မသာရထိ သတ္ထာဒေဝမနုဿာနံ ဗုဒ္ဓေါ ဘဂဝါ။

ဇယော ဟိ ဗုဒ္ဓဿ သိရီမတော အယံ
မာရဿ စ ပါပိမတော ပရာဇယော
ဥဃောသယုံ ဗောဓိမဏ္ဍေ ပမောဒိတာ
ဇယံ တဒါ နာဂဂဏာ မဟေသိနော....

ဇယော ဟိ ဗုဒ္ဓဿ သိရိမတော အယံ
မာရဿ စ ပါပိမတော ပရာဇယော
ဥဃ္ဃောသယျုံ ဗောဓိမဏ္ဍေ ပမောဒိတာ
ဇယံ တဒါ သုပဏ္ဏဂဏာ မဟေသိနော....

ဇယော ဟိ ဗုဒ္ဓဿ သိရိမတော အယံ
မာရဿ စ ပါပိမတော ပရာဇယော
ဥဃ္ဃောသယျုံ ဗောဓိမဏ္ဍေ ပမောဒိတာ
ဇယံ တဒါ ဒေဝဂဏာ မဟေသိနော....

ဇယော ဟိ ဗုဒ္ဓဿ သိရိမတော အယံ
မာရဿ စ ပါပိမတော ပရာဇယော
ဥဃ္ဃောသယျုံ ဗောဓိမဏ္ဍေ ပမောဒိတာ
ဇယံ တဒါ ဗြဟ္မဂဏာ မဟေသိနော....

ဇယန္တော ဗောဓိယာ မူလေ
သကျာနံ နန္ဒိဝဍ္ဎနော
ဧဝမေဝ ဇယော ဟောတု
ဇယဿု ဇယမင်္ဂလေ....။

အပ္ပရာဇိတ ပလ္လင်္ကေ
သီသေ ပုထုဝိ ပုက္ခလေ.
အဘိသေကေ သဗ္ဗဗုဒ္ဓါနံ
အဂ္ဂပ္ပတ္တော ပမောဒတိ....။

ဤအနေကဇာတင် ပါဠိများဖြင့် နေ့စဉ် နံနက်တွင် ဖြစ်

စေ- ညဦးယာမ်တွင် ဖြစ်စေ- ရွတ်ဆို ကျူးရင့် ပူဇော်ပြီးလျှင် ဂုဏ်တော်ကို ၁၀၈-ကြိမ်မျှ အမြဲ ရွတ်ဆို ပူဇော်ပါလေ။

+ + +

## ပူဇော် မင်္ဂလာ ပြုခြင်း

ဒက္ခိဏာသာခါ ရုပ်ပွားတော်အား ဆွမ်း ရေချမ်း ပန်း ဆီမီး နေ့စဉ် ပူဇော်ဝတ်ကို မပျက်စေရာ။

ညဉ့်ဦးယံတွင် ပန်း ဆီမီး ရေချမ်းတို့ဖြင့် ပူဇော်ကာ ဂုဏ်တော်ကို အနည်းဆုံး ၁၀၈-ကြိမ်မျှ ရွတ်ဆို ပူဇော်၍ အဆုံးတွင် 'ဧဝံ အစိန္တိယာ' ဂါထာဖြင့် ဆုယူလေ။

အရှက်တက်တွင် ဆွမ်း ရေချမ်း ဆီမီးများ ပူဇော်ကာ အလားတူ ဂုဏ်တော်ဖြင့် ပူဇော်ခြင်း—'ဧဝံ အစိန္တိယာ' ဂါထာဖြင့် ဆုယူခြင်းများ ပြုပြင်—

ဒက္ခိဏာသာခါ တောဇေနု၊
သမိဇ္ဈတု ယထိစ္ဆိတံ။

ဂါထာပံ့ကို ၉-ခေါက် ရွတ်ဆို၍ လိုရာဆုများကို တောင်းလေ။

ဤသို့ ဂုဏ်တော်ကို ၁၀၈-ကြိမ်မျှ ရွတ်ဆို ပူဇော်ရန် ဆိုသော်လည်း ထိုကဲ့သို့ မဟုတ်ဘဲ ဂုဏ်တော် ၉-ပါးကို တပါးလျှင် တပုတီကျ 'သော ဘဂဝါ ဣတိပိ အရဟံ'စသည်ဖြင့်

ဒက္ခိဏာသာခါ ရုပ်ပွားတော်အား သဗ္ဗညု မြတ်စွာဘုရား၏ ကိုယ်စားတော် အဖြစ် ထင်မြင်အောင် ရှုကာ ပုတီး ၉- ပတ်မျှ စိပ်နိုင်ခဲ့လျှင်သည်း မှန်မြတ်လှပေ၏။

ဂုဏ်တော် တပါးလျှင် တပတ် ဆိုသော်လည်း ပုတီးမှာ ၁၀၈-လုံး ရှိသဖြင့် တပါးလျှင် ၁၀၈-ကြိမ် ရွတ်ဆိုရသည်နှင့် မခြားတော့ပေ။

\+ \+ \+

ဒက္ခိဏာသာခါ ပူဇော်ရခြင်း အကျိုး

ဒက္ခိဏာသာခါ ရုပ်ပွားတော် ထုလုပ် ကိုးကွယ် ပူဇော်ရခြင်း၏ အကျိုးကား အနန္တတည်း။

ဒက္ခိဏာသာခါ ဓမ္မစေတီ စီမံကာ ပလ္လင် တကဲတို့ကို အမြစ်အညွန့် ၂-နံတွဲ သစ်ဖြင့် ပြုလုပ် စီရင်၍ ကိုးကွယ် ပူဇော် ရဘိမူကား ဒိဋ္ဌဓမ္မ အကာလိက အကျိုးကို ပေးစွမ်းကြောင်း ယုံမှား မရှိရာ။

ထိုအနန္တသော အကျိုးများမှ မျက်မှောက်သော ဘဝ၌ လောကီ အကျိုးခံစားရခြင်းတို့ကို အမြွက်မျှ ဖော်ပြပါအံ့။

**စုန်း သူရဲ ပယောဂ**

စုန်း- နတ်- သူရဲ- စသည်တို့ ဖမ်းစားသောကြောင့် ငိုခြင်း ရယ်ခြင်း စသော စုန်းရူး နတ်ရူး မှော်ရူးတို့အပြင် သွေးရူး လေရူး

စသည်ဖြင့် ရှုးသွပ်ခြင်းများ ဖြစ်သည် ရှိသော် ဒက္ခိဏာသာခါ ဘုရားကို ပလ္လင်တော်အထိ ရေသပ္ပါယ်၍ ဂုဏ်ရေကို တိုက်ရမည်၊ ကိုယ်တွင်းသို့ ရောက်ရှိနေသော ပယောဂ အပင်း အလုံး ဗူးမျှ မကျန် ကွဲကျေ၍ ကျ၏၊ စိတ်နှလုံး တည်ကြည်ငြိမ်သက်စွာဖြင့် အကောင်း ပကတိ ပြန်၍ ဖြစ်၏။

**ဂြိုဟ်စီး ဂြိုဟ်နင်း**

ဂြိုဟ်စီး ဒသာ ကြမ္မာမကောင်း စန်းပြတ် လွန်းပြတ် နက္ခတ် ဂြိုဟ်ဆိုး ဓာတ်မျိုး ခြောက်ခြား ရှားမီး သံဒေါင်း မကောင်း နံနိပ် အိပ်မက်ဆိုး နိမိတ်ဆိုးများနှင့် တွေ့ကြုံလျှင် ဒက္ခိဏာ သာ ခါ ဘုရားအား ဆီမီး ခုနစ်ခွက် ပူဇော်၍ အဆိုပါ ဂြိုဟ်စီး ဒသာ စသည်တို့မှ ကင်းလွတ်လိုကြောင်း ဆုတောင်း ပတ္ထနာပြု ရမည်၊ မကောင်းသော ဂြိုဟ်စီး ဂြိုဟ်နင်းတို့ မနှိပ်စက်နိုင်ဘဲ လွတ်ကင်း ချမ်းသာမည်၊ အိပ်မက်ကောင်းများ မက်မည်။

**တန်ခိုး အာဏာ**

တန်ခိုးအာဏာကြီးလိုသော် ဒက္ခိဏာသာခါ ဘုရားအား ဆွမ်း ရေချမ်း ပန်း ဆီမီး သက်စေ့ ပူဇော်၍ လိုရာဆုကို တောင်းရ မည်၊ ပြည့်စုံ၏။

**ခရီးသွားလျှင်**

ခရီးဝေးသို့သွားမည့်အခါဒက္ခိဏာသာခါဘုရားကို ရေသပ္ပါယ် ၍ ဂုဏ်ရေဖြင့် မျက်နှာသစ်၍ သွားရမည်၊ ဘေးအန္တရာယ်ကင်း

ချင်း၍ တွေ့မြင်သမျှ သူတို့၏ ချစ်ခင် မြတ်နိုးခြင်းကို ခံရ၏၊ သူ တပါးတို့က မိမိကို မကောင်းကြံလျှင် မကောင်းကြံစည်သူတို့ကို သာလျှင် တန်ပြန်၏။

## ကပ်ရောဂါ အမျိုးမျိုး

မိမိနေထိုင်သော မြို့ရွာတို့၌ ကပ်ရောဂါ ဝေဒနာများ ဖြစ်ပွားခဲ့သော် ဒက္ခိဏာသာခါ ဘုရားကို ရေသပ္ပါယ်ပြီးလျှင် ၎င်းရေဖြင့် ပက်ဖျန်းရမည်၊ ကပ်ရောဂါ အမျိုးမျိုးတို့မှ ပျောက်ပျက် ချမ်းသာရာ ရ၏။

## အကွယ် အကာ

ဒက္ခိဏာသာခါဘုရားကို ပန်း ၇-ပွင့်တင်၍ ဘေးအန္တရာယ်လွတ်ကြောင်း အကွယ် အကာဆုကို တောင်းရမည်၊ မိမိကို မကောင်းပျက်စီးအောင် ကြံစည် ပြုလုပ် သူတို့ မတတ်နိုင်သည့်ပြင် ထိုသူတို့ပင် တန်ပြန် ပျက်စီးရမည်။

## မင်းကောရာဇ်ပမာ

ဒက္ခိဏာသာခါဘုရားကို ဦးခေါင်းပေါ်တင်ဆောင်၍ သွားပါက လက်နက်များဖြင့် ပစ်ခတ်သော်သည်း မပေါက်မထိနိုင်၊ မြင်ရသူ အပေါင်းက ဘုရင် ကောရာဇ်ခင်းကဲ့သို့ ထင်၍ ရှိခိုးရမည်။

## ရန်သူများ ထွက်ပြေးရခြင်း

ဒက္ခိဏာသာခါဘုရားကို ရင်ခွင်၌ ပင့်ဆောင်၍ ထားသော် အမြောက်သေနတ် စသော လက်နက်များ မပေါက်မရောက် မထိနိုင်၊ မိမိ၏ နောက်တပါသောသူ အားလုံးပါ လုံခြုံ၏၊ ရန်သူ့ စစ်သည်အပေါင်းတို့လည်း ရှောင်တိမ်း ထွက်ပြေးရ၏။

## နောက်က ရန်သူ မလိုက်နိုင်

ဒက္ခိဏာသာခါဘုရားကို ပုခုံးပေါ်သို့ ပင့်တင်၍ သွားသော် ရန်သူများ နောက်က လိုက်၍ မမှီနိုင်ပေ။

## တရားရုံး၌ တရားနိုင်လိုလျှင်

တရားရုံ၌ တရားဆိုင်၍ အနိုင်ရလိုပါက ဒက္ခိဏာသာခါဘုရားကို ရေသပ္ပါယ်၍ ၎င်းရေဖြင့် မျက်နှာသစ်၍ တရားဆိုင်ရမည်၊ မြင်သမျှ သတ္တဝါအပေါင်း ချစ်မြတ်နိုး၍ ပြောတိုင်း ဆိုတိုင်း အောင်လိမ့်မည်။

## နတ်ချစ် လူချစ်

ဒက္ခိဏာသာခါ ဘုရားအား ဆီသုံးကျပ်သား မီးပူဇော်၍ တကျပ်သားမျှသာ ကြွင်းကျန်သောအခါ မီးကို ငြိမ်းသတ်ပါ၊ ၎င်းဆီဖြင့် နဖူးဆံစတို့၌ လိမ်းသွားပါက ခုနစ်ရက် သားသမီးဖြစ်သော လူအပေါင်းနှင့်တကွ နတ်များကပါ ချစ်ခင်ကြ၏၊ အလိုရှိရာကို ပြောက ပြောတိုင်း အောင်၏။

**မြေဆိပ် ကင်းဆိပ်**

မြွေကင်း စသော အဆိပ်ရှိသောသတ္တဝါများ ကိုက်သည့်ရှိသော် ဒက္ခိဏသာခါဘုရားကို ရေသပ္ပါယ်၍ ၎င်းရေကို တကိုယ်လုံး၌လိမ်းလည်းလိမ်း၊ သောက်လည်း သောက်ရမည်၊ အဆိပ်ဟူသမျှ ပြေပျောက်၏။

**ဥစ္စာ ရလိုလျှင်**

ပျားဖယောင်း တဆယ်သားကို မင်းကိုချည် မီးဇာပြု၍ မီးတိုင် ခုနစ်တိုင် ပြုလုပ်ပါ၊ ဒက္ခိဏသာခါ ဘုရားအား မိမိ၏မွေးနေ့ကစ၍ တညလျှင် တတိုင်ကျ ပူဇော်ပြီးလျှင် လိုရာဆုတောင်း၍အိပ်ပါ၊ ဥစ္စာစောင့်တို့က ဥစ္စာရရန် အိမ်မက်ကောင်းလာ၍ ပေးကြလိမ့်မည်။

**သူတပါးကို အိမ်မက်ပေးခြင်း**

သူတပါးတို့အား အိပ်မက် အထူးထူးကို မြင်မက်စေလိုသော် ဒက္ခိဏသာခါဘုရားအား ဆီမီး ရေချမ်း ပန်း ပေါက်ပေါက် ထီး တန်ခွန် ကြက်လျှာတို့ဖြင့် ငါးရက် ငါးည ပူဇော်၍ ဆုတောင်းပတ္တနာပြုပါ၊ တအိမ်လုံး တရွာလုံး တမြို့လုံး ဒက္ခိဏသာခါဘုရား၏ တန်ခိုးတော်ကို ကိုင်းညွတ်ရန် အိမ်မက်မြင်၍ ကိုးကွယ်ပူဇော်ကြလိမ့်မည်။

**အန္တရာယ်ကင်း**

တအိမ်လုံး တရွာလုံး တမြို့လုံး ရောဂါဘေးအန္တရာယ် ကင်းလိုသော် ဒက္ခိဏသာခါဘုရားအား ကလ ၂ ကြိမ် လပြည့်နေ့နှင့်

လက္ခယ်နေ့တိုင်း ဆီမီးခုနစ်ခွက်ဖြင့် ပူဇော်၍လိုရာဆုတောင်းပါ၊ ဘေးဥပဒ်အန္တရာယ် ရောဂါ ကင်းရှင်းပါလိမ့်မည်။

**ဥစ္စာပစ္စည်း တိုးတက် တည်တံ့လိုလျှင်**

ပစ္စည်းဥစ္စာ တိုးတက် များပြားလိုခြင်း တည်တံ့ လိုခြင်း အရောင်းအဝယ် အလုပ်အကိုင် အကြံအစည် လုပ်ဆောင်သည့် အတိုင်း ပြီးမြောက်အောင်မြင်စေလိုခြင်း ဘုန်းတန်ခိုး အာဏာ တိုးတက်ကြီးပွားလိုခြင်း အတိရေက လာဘ်လာဘများများရစေ လိုခြင်း အခြွေအရံ ပရိသတ် များပြားစေလိုခြင်း တို့ကို အလိုရှိသော် ဒက္ခိဏာသာခါဘုရားကို ပလ္လင်တော် တဝက်မြုပ်အောင် ဆီစိမ်၍ ၎င်းဆီကို ဒက္ခိဏာသာခါဘုရားအား ဆီမီးပူဇော်ပါက အထက်ပါအကျိုးများ ပြီးပြည့်စုံလာလိမ့်မည်။

**ရာထူးတိုးလိုခြင်း တည်တံ့လိုခြင်း**

ရာထူးဌာနန္တရ တိုးတက် လိုသော်၎င်း၊ တည်တံ့လိုသော်၎င်း၊ ရာထူးဌာနန္တရ အသစ် ရရှိလိုသော်၎င်း၊ ဒက္ခိဏာသာခါဘုရားအား ဆွမ်း၊ ရေချမ်း၊ ပန်း၊ နံ့သာ၊ အမွှေးအကြိုင်၊ဆီမီး တို့ဖြင့် မိမိ၏ မွေးနေ့ကစ၍ ခုနစ်ရက်မပြတ် ပူဇော်၍ လိုရာ ဆုကို တောင်းပါ၊ အထက်ပါအကျိုးများ ပြည့်စုံပါလိမ့်မည်။

**အမြင်အကြား ပေါက်ခြင်း**

ဒက္ခိဏာသာခါဘုရားအား ၄၉ ရက်ရေသော်ကပ်၍ သပ္ပါယ် အပ်သောရေကို သောက်သုံးခြင်း ပြုသော် နားကျပ် ရမည်ဟု

ကျမ်းများ၌ ညွှန်းထားသည်၊ 'နားကျပ်ရမည်' ဆိုသည်မှာ နတ်မျက်စိကဲ့သို့ မျက်စိမြင် နားကြား အကြားအမြင် ပေါက်ခြင်းကို ဆိုလိုပေသည်။

သို့ဖြစ်ရာ အကျဉ်းချုပ် အားဖြင့်—

(က) ရာဇာစောရ မနုဿနှင့် ဒကအဂ္ဂိ စရိုများစွာ ဘေးဘယာတို့ ဝေးစွာရှောင်ရှား အစဉ်အားဖြင့် ကိုယ်စိတ်နှစ်ပါး ချမ်းသာတရားနှင့် ပြည့်စုံရခြင်း။

(ခ) ဉာတိဗျသန စသော ဗျသနတရား ပျက်စီးခြင်း ငါးပါးတို့မှ လွတ်ကင်းရခြင်း။

(ဂ) ဒုဗ္ဘိက္ခန္တရ သတ္တန္တရ ရောဂန္တရ ကပ်သုံးပါးမှ ကင်းဝေးလွတ်ငြိမ်းရခြင်း။

(ဃ) ခေတ်ပြောင်းအခါ နေရာဒေသ စသည်မသင့် များနှင့်အတူ ကြုံလေမူသည်း လိုသူများစွာ ဘယာတွေ့လျက်ကိုယ့်တွက်မှာမူ မပြုဘေးဒဏ် ရန်မာန်ကင်းပျောက်ချမ်းသာ ရောက်ရခြင်း။

(င) ဥစ္စာစီးပွား ပျက်ပြားမရှိ တိုးပွားဘိ၍ ဒိဝ-ရတ္တိ အချိန်မရွေး ချမ်းအေးသာယာ မင်္ဂလာ အပေါင်းနှင့် ပြည့်စုံရခြင်း။

(စ) ကုန်း ရေတန်တန် ဒေသံရပ်ခြား ခရီးသွားလည်း ကင်းငြားဘေးဒဏ် ရန်မာန်မကပ် ဇနပ္ပိယ မနာပဖြင့် မိတ္တဗန္ဓု ရမှုလွယ်ကူ ချစ်ခင်သူ ပေါများခြင်း။

(ဆ) လိုအင်ဆန္ဒ ကြံသမျှလည်း ခဏမကြာ ပြည့်စုံလာရခြင်း။

(ဇ) ဘုမ္မာရုက္ခာ အာကာသနှင့် ဒေဝလောကာ ပြဟ္မာတိုင်ထ မေတ္တာမျှ၍ စောင်မ့သမှု ကြည့်ရှုခြင်းကို ခံရခြင်း။

(ဈ) တဇ္ဇပြိတ္တာ ဝေမာနိက ယက္ခ-ဂန္ဓဗ် တရပ်ကုမ္ဘဏ် သုပဏ္ဏနာဂ အလီလီဘို့မသီကပ်လာ မရှာဥပဒ် - အရပ်ခပ်သိမ်း အေးငြိမ်းချမ်းသာမှု ရခြင်း။

(ည) ဤသို့တန်တန် ပစ္စုပ္ပန် အကျိုးမျှ ဘယ်မကဘဲ ဘဝတမလွန် ကုလိုလ်ချွန်လျက် ကောင်းမွန်မြင့်မြတ် ဘဝဇာတ်နှင့် လူ နတ် နိဗ္ဗာန် သုံးတန် ချမ်းသာ ရရာရကြောင်း ဖြစ်ခြင်း....

ဤသို့အစရှိသော အကျိုးထူးများကို ရရှိနိုင်ပေရာ သဒ္ဓါရှေ့သွား လေးစားလှစွာ ပူဇာသက္ကာရပြုလျက် ယုံယုံ ကြည်ကြည် ဆည်းကပ် ကိုးကွယ် နိုင်ကြအောင် အားထုတ် အပ်လှပေသတည်း။

ဤတွင်

ဒက္ခိဏာသာခါ ထုလုပ် ကိုးကွယ်နည်း

ပြီး ပြီ ။

# နောက်ဆက်တွဲ

# ဒက္ခိဏာသာခါသမိုင်းချုပ်

## ( ၁ )

### မဇ္ဈိမဒေသ - ဒက္ခိဏာသာခါ

**ဒက္ခိဏာသာခါ ပြဿနာ**

မဇ္ဈိမဒေသ မဟာဗောဓိပင်၏ ဒက္ခိဏာ သာခါ (=လက်ျာတောင်ကိုင်း) ကို အစွဲပြု၍ ဒက္ခိဏာသာခါဘုရား စတင် ပေါ်ပေါက်လာခြင်း ဖြစ်သည် ဟူသော သမိုင်းဦး အမြွက်ကို ဤကျမ်း၏ အစ၌ ဖော်ပြခဲ့ပြီး ဖြစ်သည်။

သို့သော် အချို့က ဒက္ခိဏာသာခါဘုရားသမိုင်းကို ဒဏ္ဍာရီ ပမာ ယူဆနေကြသည်၊ အချို့ကလည်း အကယ်၍ ဒက္ခိဏာသာခါ ဘုရား တကယ် ထင်ရှား ရှိခဲ့ရိုးမှန်သည့် တိုင်အောင် ယင်း ဒက္ခိဏာသာခါဘုရားသည် မြန်မာနိုင်ငံသို့ တကယ် ရောက်၊ မ ရောက် ဝေဖန်လာကြပြန်သည်။

**သီဟိုဠ်ကျွန်းရှိ ဗောဓိပင်များ**

စင်စစ် ဒက္ခိဏာသာခါ (=လက်ျာ တောင်ကိုင်း) သည် သီဟိုဠ်ကျွန်း ( = သီရိလင်္ကာနိုင်ငံ ) သို့ ရောက်ရှိ၍ ထိုမှ ဒက္ခိဏာသာခါဘုရား အဖြစ် ထုလုပ်ကာ မြန်မာနိုင်ငံသို့ ရောက်ရှိလာခဲ့ခြင်း ဖြစ်ကြောင်း သမိုင်းဟောင်း မှတ်တမ်းများ အရ သိရှိရပေသည်။

သာသနာတော်နှစ် ၂၃၆၆ ခု ဟံသာဝတီ ( ပဲခူး )ပြည့်ရှင် ဘုရင် ဓမ္မစေတီမင်းသည် သူ၏ ဗုဒ္ဓသာသနာပြု မှတ်တမ်းကို ကျောက်ထက်တွင် ရေးတင်ခဲ့ချိန်က သီဟိုဠ်ကျွန်း၌ ဗောဓိပင် ပေါင်း ၂၂-ပင် ရှိကြောင်း ကလျာဏီကျောက်စာတွင် ဖော်ပြထားသည်။ ၁

သို့သော် သာသနာ့သမိုင်း ဆရာများကမူ သီဟိုဠ်ကျွန်း၌ ထို အချိန်က ဗောဓိပင်ပေါင်း ၂၂-ပင် ရှိသည် ဟု ကလျာဏီ ကျောက်စာ၌ မှတ်တမ်းတင်ထားခြင်းမှာ ဟံသာဝတီမှ သီဟိုဠ်သို့ သွားသူ သာသနာ့မစ်ရှင်များ တွေ့ခဲ့ရသမျှ ဖြစ်၍ စင်စစ် သီဟိုဠ်ကျွန်း၌ ထိုထက်မက များစွာ ရှိသည်ဟု ယူဆကြသည်၊ ယင်းအယူအဆသည် ဟုတ်လည်း ဟုတ်နိုင်စရာ ရှိသည်။

မည်သို့ပင် ဖြစ်စေ ထိုအချိန်က သီဟိုဠ်ကျွန်း၌ ဗောဓိပင်များ ထွန်းရှား ရှိနေသည်မှာကား ယုံမှားစရာ မရှိပေ။

သို့ဖြစ်လျှင် သီဟိုဠ်ကျွန်းသို့ မဟာဗောဓိပင်များ မည်သည့် ခေတ် - မည်သည့်မင်းလက်ထက် - မည်သို့မည်ပုံ ရောက်ရှိလာ ကြောင်းကို သမိုင်းခြေရာ ခြေကြောင်း ခံကြည့်ဘို့ လိုလာ သည်။

---

၁။ ရတန စေတိယာဒိ စေတိယ ပါဒ ဝလဥ္ဇန ဗာဝီသတိ ဗောဓိရုက္ခ ပူဇနတ္ထာယ စ နာနာဝဏ္ဏာနိ ပဋ္ဋသိတိ ဝိတာနာနိ စ သုဝဏ္ဏလိပ္ပိတေ မဒုသိတ္ထမယေ ပညာသမဟာဒိပေ စ သုဝဏ္ဏလိပ္ပိတေ ယေဝ မဒုသိတ္ထမယေ ပညာသဒိပေစာတိသန်ရိ။

ကလျာဏီ (ပါဠိ) ကျောက်စာ

အနုဠ္ဍာဒေဝီ မိဖုရား

တခါက သီဟိုဠ်ကျွန်း ဒေဝါနံ ပိယတိဿမင်း၏ ညီတော် ဖြစ်သူ မဟာနာဂ အမည်ရှိသော အိမ်ရှေ့မင်း၏ မိဖုရား ဖြစ်သော အနုဠ္ဍာဒေဝီသည် ရဟန်းပြုလိုပါသည် ' ဟု မင်းကြီးအား လျှောက်ထား၏။

ဒေဝါနံပိယတိဿမင်းကြီးလည်း ယင်းအကြောင်းကို အရှင်မဟိန္ဒထေရ်အား လျှောက်ထားသည်၊ အရှင်မဟိန္ဒထေရ်က – ' မင်းကြီး - ငါတို့သည် မာတုဂါမတို့ကို ရဟန်းပြုခြင်းငှာ မအပ်ကုန်၊ မဇ္ဈိမဒေသ ပါဋလိပုတ်ပြည်၌ကား ငါ၏ နှမတော် သံဃမိတ္တာ ထေရီမ ရှိသည်၊ ထိုသံဃမိတ္တာထေရီမကို ပင့်ပါလော့၊ ဤသီဟိုဠ်ကျွန်း၌လည်း ရှေးသုံးဆူသော ဘုရားရှင်တို့၏ ဗောဓိတို့သည် တည်ရှိခဲ့ဘူးသည်၊ ငါတို့ ဘုရားရှင်၏ ရောင်ခြည်တော် ကွန်ရက်ကို လွှတ်တတ်သော မဟာဗောဓိသည် ဤကျွန်း၌ တည်ရှိထိုက်သည်၊ တည်ရှိအပ်သည်၊ ထို့ကြောင့် ဤသတင်းစကားကို စေဘိလော့၊ သံဃမိတ္တာထေရီမသည် မဟာဗောဓိကို ယူ၍ လာသတဲ့ ' ဟု မိန့်တော်မူသည်။[၁]

---

၁။ မဟာဗောဓိ စ ထေရိစ၊ အာဏာပေတု မဟီပတိ။
ထေရေန ဝုတ္တဝစနံ၊ သရမာနော သဂေ ပူရေ။

မဟာဝံသ

တသ္မိံ ခေါ ပန သမယေ အနုဠ္ဍာဒေဝီ ပဗ္ဗဇိတုကာမာ ဟုတွာ ရညော အာရောစေသိ၊ ရာဇာ တဿာ ဝစနံ သုတွာ ထေရံ ဧတဒဝေါစ - ' အနုဠ္ဍာ ဘန္တေ ဒေဝီ ပဗ္ဗဇိတုကာမာ၊

ထိုအကြောင်းကို မဟာဝံသဋ္ဌရင်း သမန္တပါသာဒိက ( ပါရာဇိကဏ် ) အဋ္ဌကထာ ဗာဟိရ နိဒါန်းဌရင်း အကျယ်တဝင့် ဖော်ပြထားသည်။

[ ဤဌ အရှင်မဟိန္ဒထေရ်သည် ပါဋ္ဌလိပုတ်ပြည့်ရှင်ဘုရင် သီရိဓမ္မာသောကမင်းကြီး၏ သား ဖြစ်၍ သံဃမိတ္တာထေရီမမှာ သီရိဓမ္မာသောကမင်းကြီး၏ သမီးတော် ဖြစ်ကြောင်း သတိပြုရမည်။ ]

ဒေဝါနံ ပိယတိဿမင်းကြီးလည်း အရှင်မဟိန္ဒ၏ စကားကို ကောင်းပါပြီဟု ဝန်ခံပြီးနောက် ယင်းအကြောင်းကို သူ၏ အမတ်များနှင့် တိုင်ပင်သည်၊ သူ၏ တူလည်းတော် - အမတ်လည်း ဖြစ်သော အရိဋ္ဌအမတ်အား ' ငါ့တူ-သင်သည် ပါဋ္ဌလိပုတ် ပြည်သို့ သွား၍ မဟာဗောဓိနှင့်တကွ သံဃမိတ္တာထေရီမကို ပင့်နိုင်ပါမည်လော ' ဟု မေးတော်မူသည်။

---

ပဗ္ဗာဇေထ န ' န္တိ။ ' န မဟာရာဇ အမှာကံ မာတုဂါမံ ပဗ္ဗာဇေတုံ ကပ္ပတိ၊ ပါဋ္ဌလိပုတ္တေ ပန မယှံ ဘဂိနီ သံဃမိတ္တတ္ထေရီ နာမ အတ္ထိ၊ တံ ပက္ကောသာပေဟိ။ ဣမသ္မိံ စ ပန မဟာရာဇ ဒီပေ ပုရိမကာနံ တိဏ္ဏံ သမ္မာသမ္ဗုဒ္ဓါနံ ဗောဓိ ပတိဋ္ဌာသိ၊ အမှာကမ္ပိ ဘဂဝတော သရသရံသိဇာလဝိသဇ္ဇနကေန ဗောဓိနာ ဣဓ ပတိဋ္ဌာတဗ္ဗံ၊ တသ္မာ တထာ သာသနံ ပဟိဏေယျာသိ၊ ယထာ သံဃမိတ္တာ ဗောဓိံ ဂဟေတွာ အာဂစ္ဆေယျာ ' တိ။

ပါရာဇိကဏ်အဋ္ဌကထာ

အရိဋ္ဌအမတ်မှာ သူကိုယ်တိုင်က ရဟန်းပြုချင်နေသူ ဖြစ်သည့်အတိုင်း 'အရှင်မင်းကြီး–အကျွန်ုပ် ရဟန်းပြုရပါလျှင် ပင့်ပေးရန် တတ်နိုင်ပါလိမ့်မည်' ဟု ပြန်လည် လျှောက်ထားသည်၊ ဒေဝါနံ ပိယတိဿမင်းကြီးလည်း အရိဋ္ဌအမတ်အား 'ငါ့တူ–သံဃမိတ္တာ ထေရီမကို ပင့်ဆောင်ပြီးပါက သင်ရဟန်းပြုပါလော့' ဟု မိန့်တော်မူသည်။

အရိဋ္ဌအမတ်လည်း မင်းကြီးထံမှရင်း အရှင်မဟိန္ဒထေရ်ထံမှရင်း–သတင်းစကားများကို ယူဆောင်၍ သွားသည်၊ အရှင်မဟိန္ဒထေရ်၏ အဓိဋ္ဌာန်တန်ခိုး အာနုဘော် အစွမ်းကြောင့် တနေ့တည်းနှင့်ပင် ဇမ္ဗုကောလဆိပ်ကမ်းမှ လှေဖြင့် သမုဒ္ဒရာကို လွန်မြောက်ကာ ပါဋလိပုတ်ပြည်သို့ ရောက်ရှိသွားခဲ့သည်။

အနုဠာဒေဝီ မိဖုရားလည်း ငါးရာသော သတို့သမီးတို့နှင့်ရင်း–အတွင်းစေ ငါးရာတို့နှင့်ရင်း ဆယ်ပါးသီလကို ဆောက်တည်၍ ဖန်ရည်ဆိုးသော အဝတ်ကို ဝတ်ကာ မြို့၏ တခုသော အရပ်၌ ကျောင်းဆောက်၍ စောင့်လင့် နေခဲ့သည်။ ၁

---

၁။ 'သာဓု ဘန္တေ' တိ ရာဇာ ထေရဿ ဝစနံ သမ္ပဋိစ္ဆိတွာ အမစ္စေဟိ သဒ္ဓိံ မန္တေန္တော အရိဋ္ဌံ နာမ အတ္တနော ဘာဂိနေယျံ အာဟ 'သက္ခိဿသိ တွံ တာတ ပါဋလိပုတ္တံ ဂန္တွာ မဟာဗောဓိနာ သဒ္ဓိံ အယျံ သံဃမိတ္တတ္ထေရိံ အာနေတုံ' န္တိ။ 'သက္ခိဿာမိ ဒေဝ သစေ မေ ပဗ္ဗဇ္ဇံ အနုဇာနိဿသိ' တိ။ 'ဂစ္ဆ တာတ ထေရိံ အာနေတွာ ပဗ္ဗဇာဟိ' တိ။ သော ရညော စ ထေရဿ စ သာသနံ ဂဟေတွာ ထေရဿ အဓိဋ္ဌာ

သီရိမမ္မာသောက မင်းကြီး

အရိဋ္ဌအမတ်သည် မဇ္ဈိမဒေသ ပါဋ္ဌလိပုတ်ပြည်သို့ရောက်လျှင် သီရိဓမ္မာသောကမင်းကြီးအား သားတော် အရှင်မဟိန္ဒထေရ် နှင့် အဆွေတော် ဒေဝါနံပိယတိဿ မင်းကြီး၏ အကြောင်းကိုရင်း—အဋ္ဌာဒေဝီ မိဖုရား ရဟန်းပြုလိုသည့် အကြောင်းကိုရင်း— သမီးတော် သံဃမိတ္တာထေရီမအား မဟာဗောဓိပင်နှင့် တကွ အပင့် လွှတ်လိုက်သည့် အကြောင်းကိုရင်း— လျှောက်ထားသည်။

အရိဋ္ဌအမတ်သည် သံဃမိတ္တာထေရီမသို့ ကပ်၍ 'အရှင်မ၏ မောင်တော် အရှင်မဟိန္ဒထေရ်က အရှင်မထံသို့ စေလိုက်သည့် အကြောင်း' ကိုလည်း လျှောက်ထားသည်။

---

နဝသေန ကေဒိဝသေနေဝ ဇမ္ဗုကောလ ပဋ္ဋနံ ဂန္တွာ နာဝံ အဘိရုဟိတွာ သမုဒ္ဒံ အတိက္ကမိတွာ ပါဋ္ဌလိပုတ္တမေဝ အဂမာသိ။ အနုဋ္ဌာပိ ခေါ ဒေဝီ ပဉ္စဟိ ကညာသတေဟိ ပဉ္စဟိ စ အန္တေ ပုရိကာ သတေဟိ သဒ္ဓိံ ဒသ သီလာနိ သမာဒိယိတွာ ကာသာယာနိ ဝတ္ထာနိ အစ္ဆာဒေတွာ နဂရဿ ဧကဒေသေ ဥပဿယံ ကာရာပေတွာ နိဝါသံ ကပ္ပေသိ။

ပါရာဇိကကဏ်အဋ္ဌကထာ

သံဃမိတ္တာထေရီမလည်း သီရိဓမ္မာသောကမင်းကြီး ထံသို့ ဝင်၍ သားတော် အရှင်မဟိန္ဒထေရ်က အပင့် လွှတ်လိုက်သည့် အကြောင်းကို ပြောကြားသည်။[၁]

ဤတွင် သီရိဓမ္မာသောကမင်းကြီးက ‘ချစ်သမီး - ငါ၏ သားတော် မဟိန္ဒထေရ် နှင့် မြေးတော် သုမနသာမဏေတို့ သီ

---

၁။ အရိဋ္ဌောပိ တံဒိဝသမေဝ ရညော သာသနံ အပ္ပေသိ၊ ဝတွာ အဝေါစ “ပုတ္တော တေ ဒေဝ မဟိန္ဒတ္ထေရော ဧဝ မာဟ ‘သဟာယကဿ ကိရ တေ ဒေဝါနံပိယတိဿဿ ရညော ဘာတု ဇာယာ အနုဠာ နာမ ဒေဝီ ပဗ္ဗဇိတုကာမာ၊ တံ ပဗ္ဗာဇေတုံ အယျံ သံဃမိတ္တတ္ထေရိံ ပဟိဏထ၊ အယျာ ယေဝ စ သဒ္ဓိံ မဟာ ဗောဓိ ’ န္တိ”။ ထေရဿ သာသနံ အာရောစေတွာ သံဃမိတ္တတ္ထေရိံ ဥပသင်္ကမိတွာ ဧဝမာဟ ‘အယျေ တုမှာကံ ဘာတာ မဟိန္ဒတ္ထေရော မံ တုမှာကံ သန္တိကံ ပေသေသိ၊ ဒေဝါနံ ပိယတိဿဿ ရညော ဘာတု ဇာယာ အနုဠာ နာမ ဒေဝီ ပဉ္စဟိ ကညာသတေဟိ ပဉ္စဟိ စ အန္တေပုရိကာ သတေဟိ သဒ္ဓိံ ပဗ္ဗဇိတုကာမာ၊ တံ ကိရ အာဂန္တွာ-ပဗ္ဗာဇေထာ ’ တိ။ သာ တာဝဒေဝ တုရိတ တုရိတာ ရညော သန္တိကံ ဂန္တွာ ဧဝမာဟ “မဟာရာဇ မယှံ ဘာတာ မဟိန္ဒတ္ထေရော ဧဝံ ပဟိဏိ ‘ရညော ကိရ ဘာတု ဇာယာ အနုဠာ နာမ ဒေဝီ ပဉ္စဟိ ကညာသတေဟိ ပဉ္စဟိ စ အန္တေပုရိကာ သတေဟိ သဒ္ဓိံ ပဗ္ဗဇိတုကာမာ မယှံ အာဂမနံ ဥဒိက္ခတိ ’၊ ဂစ္ဆာမဟံ မဟာရာဇ တမ္ဗပဏ္ဏိဒီပ ” န္တိ။

ပါရာဇိကကဏ်အဋ္ဌကထာ

ဟိုကျွန်းသို့ ကြွသွားကြခြင်း အတွက် ငါ၏ လက်မှာ ဖြတ်လိုက် ဘိသကဲ့သို့ ဖြစ်ခဲ့ရသည်၊ သူဘိုကို မမြင်ရသဖြင့် ဖြစ်ပေါ်လာ သော သောကသည် သင့်မျက်နှာကို မြင်နေရသဖြင့် အေးငြိမ်း ခဲ့ရသည်၊ သို့ဖြစ်ရာ ချစ်သမီး မသွားပါနှင့် ’ ဟုတားမြစ်သည်၊ သံဃမိတ္တာထေရီမက ‘ အရှင်မင်းကြီး - မောင်တော်မှာသော စကားသည်ကား အလွန် ဝန်လေးလှပါသည်၊ အရှံသတို့သမီး တထောင်တို့နှင့်တကွ အနုဠာဒေဝီကလည်း ရဟန်းပြုလို၍ စောင့် ဆိုင်း နေပါသည်၊ သို့ဖြစ်၍ ငါ သွားရပါလိမ့်မည် ’ ဟု ပြန် ကြား ပြောဆို၏၊ ထိုအခါ သီရိဓမ္မာသောကမင်းကြီးက ‘ ထို သို့ ဖြစ်လျှင် ချစ်သမီး မဟာဗောဓိကို ယူ၍ သွားလော့ ’ ဟု ခွင့်ပြုလိုက်သည်။ ၁

---

၁။ ရာဇာ အာဟ ‘ အမ္မ ပုတ္တော ပိ မေ မဟိန္ဒတ္ထေရော နတ္တာ စ မေ သုမနသာမဏေရော မံ ဆိန္နဟတ္ထံ ဝိယ ကရောန္တာ တမ္ဗပဏ္ဏိဒီပံ ဂတာ၊ တဿ မယှံ တေပိ အပဿန္တဿ ဥပ္ပန္နော သောကော တဝ မုခံ ပဿန္တဿ ဝူပသမ္မတိ၊ အလံ အမ္မ မာ တွံ အဂမာသိ ’ တိ။ ‘ ဘာရိယံ မေ မဟာရာဇ ဘာတု ဝစနံ၊ အနုဠာပိ ခတ္တိယာ ဣတ္ထိသဟဿ ပရိဝုတာ ပဗ္ဗဇ္ဇာပုရေက္ခာရာ မံ ပဋိမာနေတိ၊ ဂန္တာမဟံ မဟာရာဇာ’ တိ။ ‘ တေန ဟိ အမ္မ မဟာဗောဓိံ ဂဟေတွာ ဂန္တာဟိ ’ တိ။

ပါရာဇိကကဏ်အဋ္ဌကထာ။

ဗုဒ္ဓဘုရားရှင်၏ အစိဋ္ဌာန်ငါးချက်

သုမနသာမဏေက ဓာတ်တော်မတောင်းမီ ရှေးအခါကပင် သီရိဓမ္မာသောကမင်းကြီးသည် သီဟိုကျွန်းသို့ ဗောဓိပင်ကို ပို့လိုခဲ့သည်၊ သို့သော် 'မဟာဗောဓိကို ဖြတ်ယူချေ' ဟု စေခိုင်းရမည်မှာ သီရိဓမ္မာသောကမင်းကြီး အနေဖြင့် ခက်ခဲလှသည်။

ယခုလည်း ယင်းသို့ ခက်ခဲလှမှုကြောင့် ထိုအကြောင်းကို မဟာ ဒေဝအမတ်အား မေးမြန်းပြန်သည်။

မဟာဒေဝအမတ်က 'အရှင်မင်းကြီး - ပညာရှိသောရဟန်းတို့သည် များကုန်၏' ဟု လျှောက်ထားရာ မင်းကြီးသည် ရဟန်းတို့ကို မေးပြန်သည်။

ရဟန်းတို့လည်း အရှင်မောဂ္ဂလိပုတ္တတိဿမထေရ်ကို ဖြေစေရန် တာဝန်ပေးသဖြင့် အရှင်မောဂ္ဂလိပုတ္တတိဿ မထေရ်က– 'အရှင်မင်းကြီး - မဟာဗောဓိသည် သီဟိုကျွန်းသို့ ရောက်ခြင်းငှာ အပ်၏၊ ရောက်သင့် ရောက်ထိုက်၏၊ ယင်းနှင့် ပတ်သက်၍ ဗုဒ္ဓဘုရားရှင်သည် အဓိဋ္ဌာန်ငါးချက်ကို ပြုခဲ့ဘူး၏၊ ဗုဒ္ဓဘုရားသခင်သည် ပရိနိဗ္ဗာန် စံယူတော်မူသော ညောင်စောင်း၌ လျောင်းတော်မူသောအခါ–

(၁) သီဟိုကျွန်း၌ မဟာဗောဓိသည် တည်စိမ့်သောငှာ - အသောက မင်းသည် မဟာဗောဓိကို ယူအံ့သောငှာ သွားလတ္တံ့၊ ထို

အခါ မဟာဗောဓိ တောင်ကိုင်းသည် အ-
လိုလို ပြတ်၍ ရွှေဖျဥ်းအိုး၌ တည်စေ သ-
တည်း။

(၂) ထိုသို့ တည်သောကာလ မဟာဗောဓိသည်
ဆီးနှင်းတိမ်တိုက်သို့ ဝင်၍ ခုနစ်ရက်ပတ်
လုံး တည်စေသတည်း။

(၃) ခုနစ်ရက် တိုင်တိုင် ရှိသောအခါ မဟာ
ဗောဓိသည် ဆီးနှင်း တိမ်တိုက်မှ သက်
ဆင်း၍ ရွှေဖျဥ်းအိုး၌ တည်လျက် အရွက်တို့
မှုရင်း အသီးတို့မှုရင်း ခြောက်ပါးသော
ရောင်ခြည်တို့ကို လွှတ်စေသတည်း။

(၄) ထူပါရုမ၌ လက်ျာညှပ်ရိုးတော် ဓာတ်
သည် စေတီ တည်သောနေ့၌ ယမိုက်ပြာ
ဋိဟာကို ပြုစေသတည်း။

(၅) သီဟိုဠ်ကျွန်း၌ ငါ၏ တဒေါင်း မျှသော
ဓာတ်တော်တို့သည် မဟာစေတီ၌ တည်
သော ကာလ ဘုရား အသွင်ကို ယူ၍
ကောင်းကင်သို့ တက်၍ ယမိုက်ပြာဋိဟာ
ကို ပြုစေသတည်း-

ဟူ၍ အမိဋ္ဌာန်ငါးချက်ကို ပြုခဲ့ဘူးသည် ' ဟု မိန့်ဆို ဖြေကြားတော် မူသည်။ ¹

**ရွှေဖျဉ်းအိုး၏ ပမာဏ**

ရှင်မောဂ္ဂလိပုတ္တတိဿ မထေရ်၏ ဖြေကြားချက်ကို ကြားလျှင် သီရိ ဓမ္မာသောကမင်းကြီးသည်အလွန် ကြည်ညိုစိတ် ဖြစ်ပေါ် လာသည်၊ ထို့ကြောင့် ပါဋလိပုတ် နေပြည်တော်မှ မဟာဗောဓိပင် အထိ လမ်းခရီးကို ရှင်းလင်းစေသည်၊ ရွှေဖျဉ်းအိုး လုပ်ရန် အတွက်လည်း များစွာသော ရွှေတို့ကို ထုတ်စေသည်။

ထိုအခါ ဝိသုကံနတ်သားသည် ရွှေပန်းတိမ် အသွင်ဖြင့် လာပြီးလျှင် ' မင်းကြီး - ရွှေဖျဉ်အိုးကို ကျွန်ုပ် ပြုလုပ်အံ့ ' ဟုဆိုကာ

---

၁။ ဘဂဝတော ပဉ္စ မဟာအဓိဋ္ဌာနာနိ ကထေသိ။ ကတမာနိ ပဉ္စ။ ဘဂဝါ ကိရ မဟာပရိနိဗ္ဗာန မဉ္စေ နိပန္နော လင်္ကာဒီပေ မဟာဗောဓိ ပတိဋ္ဌာပနတ္ထာယ ' အသောက မဟာရာဇာ မဟာ ဗောဓိဂ္ဂဟဏတ္ထံ ဂမိဿတိ၊ တဒါ မဟာ ဗောဓိဿ ဒက္ခိဏသာခါ သယမေဝ ဆိဇ္ဇိတွာ သုဝဏ္ဏကဋာဟေ ပတိဋ္ဌာတု' တိ အဓိဋ္ဌာသိ၊ ဣဒမေကမဓိဋ္ဌာနံ။

' တတ္ထ ပတိဋ္ဌာနကာလေ စ မဟာဗောဓိ ဟိမဝလာဟကဂဗ္ဘံ ပဝိသိတွာ ပတိဋ္ဌာတု' တိ အဓိဋ္ဌာသိ၊ ဣဒံ ဒုတိယမဓိဋ္ဌာနံ။

' သတ္တမေ ဒိဝသေ ဟိမဝလာဟကဂဗ္ဘတော ဩရုယှ သုဝဏ္ဏကဋာဟေ ပတိဋ္ဌဟန္တော ပတ္တေဟိ စ ဖလေဟိ စ ဆဗ္ဗဏ္ဏရံသိယော မုဉ္စတု ' တိ အဓိဋ္ဌာသိ၊ ဣဒံ တတိယမဓိဋ္ဌာနံ။

ဓာတ်ကို ယူ၍ နတ်တို့၏ အာနုဘော်ဖြင့် ရွှေဖျဥ်းအိုးကို ဖန်ဆင်းသည်။

ဝိသုကံနတ်သား ဖန်ဆင်းသော ရွှေဖျဥ်းအိုးသည် –

(က) အဝန်း – ကိုးတောင်

(ခ) အမြင့် – ငါးတောင်

(ဂ) အချင်း – သုံးတောင်

(ဃ) ထု – လက်ရှစ်သစ်

ရှိ၍ နှုတ်ခမ်းမှာ ဆင်၏နှာမောင်း ပမာဏ ရှိသည်။

**ပါဋ္ဌလိပုတ်မှ မဟာဗောဓိသို့**

ရွှေဖျဥ်းအိုးကို ပြုလုပ်ပြီးနောက် သာသနာနှစ် ၂၃၆-ခု သီတင်းကျွတ်လပြည့်နေ့၌ သီရိဓမ္မာသောကမင်းကြီးသည် အလျား ခုနစ်ယူဇနာ အနံ သုံးယူဇနာ ရှိသော စစ်သည် အပေါင်းတို့ဖြင့် ခြံရံကာ ပါဋ္ဌလိ

'လှုပါရာဇိမေ ဒက္ခိဏက္ခကဓာတု စေတိယမှိ ပတိဋ္ဌာနဒိဝသေ ယမက ပါဋိဟာရိယံ ကရောတု' တိ အဓိဋ္ဌာသိ၊ ဣဒံ စတုတ္ထမဓိဋ္ဌာနံ။

'လင်္ကာဒီပမှိယေဝ မေ ဒေါဏမတ္တာ ဓာတုယော မဟာစေတိယမှိ ပတိဋ္ဌာန ကာလေ ဗုဒ္ဓဝေသံ ဂဟေတွာ ဝေဟာသံ အဗ္ဘုဂ္ဂန္တွာ ယမက ပါဋိဟာရိယံ ကရောန္တု' တိ အဓိဋ္ဌာသိ၊ ဣဒံ ပဉ္စမ မဓိဋ္ဌာနံ။

ပါရာဇိကကဏ်အဋ္ဌကထာ

ပုတ် နေပြည်တော်မှ မဟာဗောဓိပင် ရှိရာသို့ ထွက်ကြွတော်မူ ခဲ့သည်။

ယင်းသို့ ထွက်ကြွရာ၌ အရိယာ သံဃာတော် များကိုပါ ပင့်ဆောင်တော်မူခဲ့သည်။

စစ်သည်တို့လည်း တန်ခွန်ကုက္ကား မလေးပွားကို ကိုင်ဆောင် ၍ရင်း ရတနာ ခုနစ်ပါး တို့ဖြင့် ဆန်းကြယ်လှစွာ များစွာ သော တန်ဆာတို့ကို တန်ဆာဆင်၍ရင်း ပန်းဆိုင်း ပန်းသွယ် တို့ကို မြှောက်ကိုင် ဝှေ့ရမ်း၍ရင်း များစွာသော တူရိယာ တို့ကို သာယာ ငြိမ့်ငြောင်းစွာ ကြွေးကြော် တီးမှုတ်၍ရင်း မဟာ ဗောဓိပင်ကို ဝန်းကျင်မလပ် တပ်တော်ဖြင့် ဝိုင်းရံကြကုန်သည်။

ထိုအခါ သီရိဓမ္မာ သောက မင်းကြီးသည် ဂဏပါမောက္ခ ဂိုဏ်းအကြီးအမှူး ဖြစ်ကြသော မဟာထေရ် သံဃာတော်ပေါင်း တထောင်ကို ပင့်ယူခဲ့၍ ဇမ္ဗူဒိပ် တကျွန်းလုံးရှိ အဘိသိက်သွန်း ပြီးသော မင်း တသောင်း တို့အား မိမိကိုရင်း မဟာဗောဓိကို ရင်း ဝန်းရံစေပြီးနောက် မဟာဗောဓိပင်ရင်း၌ ရပ်ဘော်မူ သည်။

**ပဥ္စမအကြိမ်မင်းအဖြစ်ဖြင့် ပူဇော်ခြင်း**

ယင်းသို့ ရပ်တော်မူပြီး နောက် မဟာ ဗောဓိပင်ကို ကြည်လင် ဆပွား ရှုစား ဖူးမြော်တော် မူ သောအခါ ဗောဓိပင်၏ ပင်စည် ကိုရင်း လေးတောင် ပမာဏ ရှိသော လက်ျာ တောင်ကိုင်းကို

ရှင်း ချန်လှပ်၍ ကျန်သော အစိတ်အပိုင်း အရပ်ဌာနတို့ကို မြင်တော်မမူပေ။[၁]

ဤတွင် သီရိဓမ္မာသောက မင်းကြီးသည် ဤတံခိုး ပြာဋိဟာကို မြင်၍ ပီတိပါမောဇ္ဇ ဖြစ်ကာ အလွန် ဝမ်းမြောက်တော်မူသောကြောင့် 'အရှင်ဘုရားတို့ - တကာတော်သည် ဤတံခိုး ပြာဋိဟာကို မြင်ရသဖြင့် နှစ်သက် ဝမ်းမြောက်မိပါသည်၊ ဇမ္ဗူဒိပ်ကျွန်း အားလုံးကို အစိုးရသော မင်း၏ အဖြစ်ဟု ဆိုအပ်သည့် အခွန်အတုတ်ဖြင့် မဟာဗောဓိအား ပူဇော်ပါသည်' ဟု ရဟန်း သံဃာတော်များကို လျှောက်ထားကာ မဟာဗောဓိပင်အား ရာဇာဘိသေက မဟာမင်္ဂလာ အလှူတော်ဖြင့် ဇမ္ဗူဒိပ်ကို စိုးမိုးခြင်း မင်းအဖြစ်ဟုဆိုသော အဘိသိက်ကို သွန်းတော်မူသည်။ [၂]

---

၁။ ရာဇာ သဟာယ မတ္တေ ဂဏပါမောက္ခေ မဟာထေရေ ဂဟေတွာ သကလဇမ္ဗုဒိပေ ပတ္တာဘိသေကာနံ ရာဇူနံ သဟာယေန အတ္တာနဥ္စ မဟာဗောဓိဥ္စ ပရိဝါရာပေတွာ မဟာဗောဓိမူလေ ဌတွာ မဟာဗောဓိံ ဥလ္လောကေသိ။ မဟာဗောဓိယာ ခန္ဓဥ္စ ဒက္ခိဏမဟာသာခါယ စတုဟတ္ထပ္ပ မာဏပ္ပဒေသဥ္စ ဌပေတွာ အဝသေသံ အဒဿနံ အဂမာသိ။

ပါရာဇိကကဏ်အဋ္ဌကထာ

၂။ ရာဇာ တံ ပါဋိဟာရိယံ ဒိသွာ ဥပ္ပန္န ပီတိ ပါမောဇ္ဇော 'အဟံ ဘန္တေ ဣမံ ပါဋိဟာရိယံ ဒိသွာ တုဋ္ဌော မဟာဗောဓိံ သကလဇမ္ဗုဒိပရဇ္ဇေန ပူဇေမိ' တိ ဘိက္ခုသံဃဿ ဝတွာ အဘိသေက မဒါသိ။ ပါရာဇိကကဏ် အဋ္ဌကထာ

**ဒက္ခိဏသာခါ (လက်ျာတောင်ကိုင်း) ပြတ်ခြင်း**

ထိုနောက် သီရိဓမ္မာသောက မင်းကြီးသည် မဟာဗောဓိပင်အား ပန်း နံ့သာ စသည်တို့ဖြင့် ပူဇော်၍ ၃ - ကြိမ်တိုင်တိုင် လက်ျာရစ် လှည့်ကာ ရှစ်ပါးသောအရပ်တို့၌ ရှိခိုးတော်မူသည်။

ယင်းသို့ ရှိခိုးပြီးနောက် နေရာမှထကာ လက်အုပ်ချီ၍ ရပ်ပြီးလျှင် သစ္စာမှု၍ ဒက္ခိဏာသာခါ မဟာဗောဓိကို ယူရန် ပြင်ဆင်တော်မူသည်။

သီရိဓမ္မာသောက မင်းကြီးသည် ဒက္ခိဏာသာခါ မဟာဗောဓိကို ယူရန် အတွက် မြေပြင်မှ မဟာဗောဓိပင် ဒက္ခိဏာသာခါ (=လက်ျာတောင်ကိုင်း) သို့ ထိလုအောင် မြေတောင် ထပ်ဆင့် မြှင့်ထားသည်၊ ယင်း မြေတောင် အထက်၌ ရတနာ ၇ - ပါး ချယ်လှယ်ထားသော အင်းပျဉ်ကို ထားသည်၊ ယင်းအင်းပျဉ် ထက်၌ ရွှေဖျဉ်းအိုးကို ထားသည်။

သီရိဓမ္မာသောက မင်းကြီးသည် ရတနာမယ အင်းပျဉ်ထက်သို့ တက်တော်မူ၍ ရွှေဒရးစုတ်တံကို ကိုင်တော်မူလျက် မဟာဗောဓိပင်၏ လက်ျာတောင်ကိုင်း (=ဒက္ခိဏာသာခါ) ကို ဆေးဒါန်းမြင်းသီလာဖြင့် ရေးသားတော်မူပြီးလျှင်—

'အကယ်၍ မဟာ ဗောဓိပင်သည် သီဟိုဠ်ကျွန်း၌ တည်ထိုက်သည် ဖြစ်အံ့—အကယ်၍ ငါသည်လည်း ဗုဒ္ဓ

မြတ်စွာ သာသနာ၌ ယုံမှားခြင်း မရှိသည် ဖြစ်အံ့—
မဟာဗောဓိပင်၏ လကျာတောင်ကိုင်း (=ဒက္ခိဏသာ
ခါ) သည် အလိုလိုသာလျှင် ဤရွှေဖျဥ်းအိုး၌ သက်
ရောက်တည်ပါစေသတည်း’

ဟု သစ္စာပြုတော်မူသည်၊ ယင်းသို့ သစ္စာမူလိုက်သည်နှင့် တပြိုင်နက် မဟာဗောဓိပင်၏ လကျာတောင်ကိုင်း ( =ဒက္ခိဏသာခါ) သည် ဆေးဒါန်း မြင်းသီလာဖြင့် သားရာ အရပ်မှ ပြတ်ကာ ရွှေဖျဥ်းအိုးသို့ သက်ဆင်း ကျရောက် တည်ရှိလေသည်။[၁]

ထိုနေ့သည်ကား သာသနာနှစ် ၂၃၆ ခု သီတင်းကျွတ်လပြည့်နေ့ ညနေချမ်းအခါ ဖြစ်သည်။

---

၁။ တတော ပုပ္ဖဂန္ဓာဒီဟိ ပူဇေတွာ တိက္ခတ္တုံ ပဒက္ခိဏံ ကတွာ အဋ္ဌသု ဌာနေသု ဝန္ဒိတွာ ဥဋ္ဌာယ အဉ္ဇလိံ ပဂ္ဂယှ ဌတွာ သစ္စဝစန ကိရိယာယ ဗောဓိံ ဂဏှိတုကာမော ဘူမိတော ယာဝ မဟာဗောဓိယာ ဒက္ခိဏသာခါ တာဝ ဥစ္စံ ကတွာ ဌပိတဿ သဗ္ဗရတနမယပီဌဿ ဥပရိ သုဝဏ္ဏကဋာဟံ ဌပါပေတွာ ရတနပီဌံ အာရုယှ သုဝဏ္ဏတုလိကံ ဂဟေတွာ မနောသိလာယ လေခံ ကတွာ ‘ ယဒိ မဟာဗောဓိနာ လင်္ကာဒီပေ ပတိဋ္ဌာတဗ္ဗံ၊ ယဒိ စာဟံ ဗုဒ္ဓသာသနေ နိဗ္ဗေမတိကော ဘဝေယျံ၊ မဟာဗောဓိ သယမေဝ ဣမသ္မိံ သုဝဏ္ဏကဋာဟေ ဩရုယှ ပတိဋ္ဌာတု’ တိ သစ္စဝစန ကိရိယမကာသိ၊ သဟ သစ္စကိရိယာယ ဗောဓိသာခါ မနောသိလာယ ပရိစ္ဆိန္နဋ္ဌာနေ ဆိဇ္ဇိတွာ ဂန္ဓကလလပူရဿ သုဝဏ္ဏကဋာဟဿ ဥပရိ အဋ္ဌာသိ။

ပါရာဇိကကဏ်အဋ္ဌကထာ

ဒက္ခိဏာသာခါ ပမာဏ

ယင်းသို့ ပြတ်ကျလာသော မဟာခိပင်၏ လက်ျာတောင်ကိုင်း (= ဒက္ခိဏာသာခါ) ပမာဏမှာ အမြင့် အစောက်အားဖြင့် ဆယ်တောင် ရှိသည်၊ ကိုင်းမကြီး ငါးကိုင်းတို့မှာလည်း လေးတောင်စီ ရှိကုန်သည်၊ အသီး ငါးလုံးတို့ဖြင့်လည်း တန်ဆာဆင်အပ်ကုန်သည်၊ ကိုင်းသေးများမှာလည်း တထောင်စီ ရှိကုန်သည်။

သီရိဓမ္မာသောကမင်းကြီးသည် မူလရေးသားရင်း ဆေးဒါန်းမြင်းသီလာ အထက် လက်သုံးသစ် အရပ်၌ အရေးတခု ရေးသားပြန်သည်၊ ရေးသော ခဏာ၌ပင် တိုအရေးမှ ခဏချက်ချင်း အဖုအထစ် ဖြစ်၍ အမြစ် ဆယ်ခုတို့သည် ထွက်လာပြန်သည်။

ထို့နောက် မင်းကြီးသည် ရင်းအရေးမှ အထက်၌ လက်သုံးသစ်စီ ခြားကာ ခြားကာ အရေး ၉ - ခုတို့ကို ရေးပြန်ရာ ရှေးနည်းတူပင် ရေးသားရာ အရပ်တို့မှ ဆယ်ခုဆယ်ခုသော အဖု အထစ်တို့သည် ဖြစ်ပေါ်လာ၍ အမြစ်ပေါင်း ၉၀ - တို့ ထွက်ပေါ်လာကြပြန်သည်။

ယင်းကဲ့သို့ ထူးကဲဆန်းကြယ်သော တန်ခိုးတော်ကို သီရိဓမ္မာသောကမင်းကြီးသည် ရတနာမယ အင်းပျဉ်ထက်၌ ရပ်နေစဉ်မှာပင် ရှုမြင် ဖူးမြော်တော်မူရ၍ လက်အုပ်ချီမိုး ရှိခိုးပူဇော်

ပြီးလျှင် ကြီးစွာသော ကြုံးပခြင်းအသံကို ကျုံ့ကျုံ့ရိုက်မြူး ကျူးတော်မူလေသည်။[၁]

ထိုအခါ—

(က) ရာထောင်မကသော ရဟန်းသံဃာတော် တို့သည်လည်း ကောင်းချီးရင့်ကြွေး ပေးတော် မူကြကုန်၏။

(ခ) မြေစောင့်နတ်, ရေစောင့်နတ်တို့မှ အစပြု၍ ဗြဟ္မာဘုံတိုင်အောင် စိုးပိုင်ကြကုန်သော နတ်ဗြဟ္မာ အပေါင်း တို့သည်လည်း ကောင်းချီး ဟစ်ကြွေး ပေးကြကုန်၏။

ယင်းကဲ့သို့သော တန်ခိုးတော်ကို မြင်ရသော သီရိဓမ္မာသောကမင်းကြီးသည် သူ၏ တကိုယ်လုံး ပီတိဖြင့် လွှမ်းဖုံးလျက် လက်အုပ်ချီကာ ရပ်၍ နေစဉ်မှပေင် မဟာဗောဓိဒက္ခိဏသာခါ (= လက်ျာတောင်ကိုင်း) သည်လည်း အမြစ်ပေါင်း တရာနှင့် တကွ ရွှေဖျဉ်းအိုး၌ တည်ဆင်းလေ၏၊ မြစ်မဆယ်ခုတို့သည်လည်း ရွှေဖျဉ်းအိုးကို ထိ၍ တည်ကုန်၏၊ ကြွင်း

---

၁။ ဧတ္တကံ ပါဠိပ္ပဟာရိယံ ရာဇာ ရတနပီဌမတ္ထကေ ဋ္ဌိတောယေဝ ဒိသွာ အဥ္ဇလိံ ပဂ္ဂယှ မဟာနာဒံ နဒိ။

ပါရာဇိကကဏ်အဋ္ဌကထာ

သောမြစ်ငယ် ကိုးဆယ်တို့သည်လည်း အစဉ်အတိုင်း ပွားများလာကုန်၏။[၁]

**ရောင်ခြည်တော် ကွန့်မြူးခြင်း**

ဤကဲ့သို့ ဒက္ခိဏာသာခါ မဟာဗောဓိ ပင်သည် ရွှေဖျဉ်းအိုး၌ တည်လိုက်သည်နှင့် တပြိုင်နက်—

( ၁ ) မဟာပထဝီ မြေကြီးသည် သွက်သွက်ခါအောင် တုန်လှုပ်၍ရင်း

( ၂ ကောင်းကင်၌ နတ်မရိုးစည်တို့ ကွဲမြည်သံတို့သည်ရင်း

( ၃ ) တောင်အပေါင်းတို့၏ အုန်းအင်းကြော်ညံ ပဲ့တင်သံတို့သည်ရင်း

( ၄ ) နတ်တို့၏ ကောင်းချီးကြွေးကြော် သာဓုခေါ်သံတို့သည်ရင်း

( ၅ ) ယက္ခနွယ်မြူး တောဘီလူးတို့၏ ဟုန်းဟင်းကြော်ငြာ ဟိန်းမြည်သော အသံတို့သည်ရင်း

---

၁။ ရညော ဣမံ ပါဠိဟာရိယံ ပဿန္တဿ ပီတိယာ နိရန္တရံ ဖုဋ္ဌသရီရဿ အဉ္ဇလိံ ပဂ္ဂဟေတွာ ဌိတဿေဝ မဟာဗောဓိ မူလသတေန သုဝဏ္ဏကဋာဟေ ပတိဋ္ဌာသိ၊ ဒသ မဟာမူလာနိ သုဝဏ္ဏကဋာဟတလံ အာဟစ္စ အဋ္ဌံသု၊ အဝသေသာနိ နဝုတိ ခုဒ္ဒကမူလာနိ အနုပုဗ္ဗေန ဝဍ္ဎနကာနိ ဟုတွာ ဂန္ဓကလလေ ဩရုယှ ဌိတာနိ။

ပါရာဇိကကဏ် အဋ္ဌကထာ

( ၆ ) အသူရာနတ်၏ ထုတိဇပွန အသံတို့သည်ရင်း

( ၇ ) ဗြဟ္မာအပေါင်း၏ လက်ပန်းခတ်သံတို့သည်ရင်း

( ၈ ) မိုးတို့၏ ကြိုးမည်သော အသံတို့သည်ရင်း

( ၉ ) အခြေလေးချောင်း ရှိသော သတ္တဝါ တို့၏ ဟောက်ဟိန်းမြည်တစ် အစ်သော အသံတို့သည်ရင်း

( ၁၀ ) အတောင်ရှိသော ကျေးငှက်တို့၏ တွန်မြူးကြေး ကြော် အော်မြည်သံတို့သည်ရင်း

မြေမိုးတောင်းတင် ပဲ့တင်ရိုက်ကြဲ တခဲနက် အုတ်အုတ်ကျက်သည့် အသံများ ဖြစ်ပေါ်၍လာသည်။

ဒက္ခိဏသာခါ ( =လက်ျာတောင်ကိုင်း ) မဟာဗောဓိ၏ ငါးခုသော ခက်မတို့ အသီးများမှ ခြောက်ပါးသော ရောင်ခြည်တော်တို့သည်လည်း ကွန့်မြူးတော်မူလာရာ စကြာဝဠာတိုက် အလုံး အမိုးအခြင်များဖြင့် မြေးရှက်သကဲ့သို့ ဗြဟ္မာပြည်တိုင်အောက် ပျံ့နှံ့၍ တက်ကုန်၏။[၁]

---

၁။ ပဥ္စသု သာခါသု ဖလတော ဖလတော ဆဗ္ဗဏ္ဏရံသိယော နိက္ခမိတွာ သကလစက္ကဝါဠံ ရတနဂေါပါနသီဝိနဒ္ဓံ ဝိယ ကုရုမာနာ ယာဝ ဗြဟ္မလောကာ အဇ္ဈုဂ္ဂစ္ဆိံသု။

ပါရာဇိကကဏ်အဋ္ဌကထာ

**၇-ရက်လုံးလုံး တိမ်တိုက်အတွင်း၌ တည်နေခြင်း**

ထိုအခိုက်မှ စ၍ ဒက္ခိဏသာခါ မဟာဗောဓိသည် ခုနစ်ရက်လုံးလုံး ဆီးနှင်းတိမ်တိုက်သို့ ဝင်ကာ တည်ရှိနေရာ တစုံတယောက်သောသူမျှ မမြင်ရပေ၊ ထိုအခါ သီရိမေဃာသောကမင်းကြီးသည် ရတနာမယ အင်းပျဉ်ထက်မှ ဆင်းသက်တော်မူ၍ ခုနစ်ရက်ပတ်လုံး ဒက္ခိဏသာခါ မဟာဗောဓိကို ပူဇော်တော်မူသည်။

ခုနစ်ရက်မြောက်သောနေ့၌ ခမ်းသိမ်းသော အရပ်ရပ်တို့မှ ဆီးနှင်းတို့သည်၎င်း ခြောက်သွယ်သော ရောင်ခြည်တော်တို့သည်၎င်း ပျံ့ဝဲလှည့်လည်၍ ဒက္ခိဏသာခါ မဟာဗောဓိသို့ ဝင်ကြကုန်၏၊ ဆီးနှင်းတိမ်လွှာများ ကင်းသဖြင့် စကြာဝဠာတိုက် အပြင်သည် ကြည်လင် သန့်ရှင်းသည် ရှိသော် ဒက္ခိဏသာခါ မဟာဗောဓိသည် ပြည့်စုံသော ပင်စည် ခက်မ ခက်သေး အသီးငါးလုံးတို့ဖြင့် တန်ဆာဆင်လျက် ရွှေဖျဉ်းအိုး၌ တည်ရှိနေသည်ကို ဖူးမြင်ကြရကုန်၏။ [၁]

---

၁။ သတ္တမေ ဒိဝသေ သဗ္ဗဒိသာဟိ ဟိမာ စ ဆဗ္ဗဏ္ဏရံသိယော စ အာဝတ္တိတွာ မဟာဗောဓိမေဝ ပဝိသိံသု။ ဝိဂတဟိမဝလာဟကေ ဝိပ္ပသန္နေ စက္ကဝါဠဂဗ္ဘေ မဟာဗောဓိပရိပုဏ္ဏခန္ဓသာခါပသာခါ ပဉ္စဖလပဋိမဏ္ဍိတော သုဝဏ္ဏကဋာဟေ ပတိဋ္ဌိတောဝ ပညာယိတ္ထ။

ပါရာဇိကကဏ်အဋ္ဌကထာ

ဒုတိယအကြိမ် မင်း၏အဖြစ်ဖြင့် ပူဇော်ခြင်း

သီရိဓမ္မာသောကမင်းကြီးသည် ဒက္ခိဏသာခါ မဟာဗောဓိကို ဖူးမြင်ရလျှင် မဟာဗောဓိ၏ တန်ခိုးပြာဋိဟာကြောင့် ပီတိပါမောဇ္ဇ မြင့်မားစွာ ဖြစ်ပွားတော်မူသည်၊ ယင်းသို့ ဖြစ်ပွားသောကြောင့် ဒုတိယအကြိမ် ဇမ္ဗူဒီပါကျွန်းအားလုံးမှ ရသော အခွန်ဘဏ္ဍာဖြင့် ဒက္ခိဏသာခါ မဟာဗောဓိပင်ပျိုကို ပူဇော်ကာ ရာဇာဘိသေကမင်္ဂလာဖြင့် ဘိသိက်သွန်းလှူတော်မူသည်။

ယင်းသို့ ရာဇာဘိသေကမင်္ဂလာဖြင့် ပေးလှူကာ အဘိသိက်သွန်းလှူသော အချိန်မှာ ခုနစ်ရက်လုံးလုံး ကြာရှိရာ သီရိဓမ္မာသောကမင်းကြီးလည်း အဆိုပါ ခုနစ်ရက်ပတ်လုံး ဒက္ခိဏသာခါ မဟာဗောဓိပင်ပျို အနီး၌ သာလျှင် နေထိုင်တော်မူသည်။[၁]

သို့ဖြစ်ရာ ဒက္ခိဏသာခါ မဟာဗောဓိသည်—

(က) သာသနာနှစ် ၂၃၆-ခု သီတင်းကျွတ် လပြည့် ပဝါရဏာနေ့ ညနေချမ်း အချိန်၌ မဟာဗောဓိ ပင်မကြီးမှ ပြတ်ကာ ရွှေဦးစွာ ရွှေဖျဉ်းအိုး၌ တည်တော်မူသည်။

---

၁။ ရာဇာ မဟာဗောဓိံ ဒိသွာ တေဟိ ပါဋိဟာရိယေဟိ သဥ္ဇာတပီတိ ပါမောဇ္ဇော 'သကလဇမ္ဗုဒီပရဇ္ဇေန တရုဏ မဟာဗောဓိံ ပူဇေဿာမိ' တိ အဘိသေကံ ဒတွာ သတ္တ ဒိဝသာနိ မဟာဗောဓိဋ္ဌာနေယေဝ အဋ္ဌာသိ။
ပါရာဇိကကဏ်အဋ္ဌကထာ၊

(ခ) ထိုနောက် ဆီးနှင်းတိမ်တိုက်၌ ဟိမဂဗ္ဘသတ္တာဟ အဖြစ်ဖြင့် ခုနစ်ရက် တည်ရှိတော်မူသည်။

(ဂ) ထိုနောက် ခုနစ်ရက်မြောက်နေ့မှ စ၍ ရာဇာဘိသေကသတ္တာဟ အဖြစ်ဖြင့် ခုနစ်ရက်လုံးလုံး ရွှေဖျဥ်းအိုး၌ တည်ကာ အဘိသိက်သွန်းလောင်းမှုကို ခံယူတော်မူသည်။

(ဃ) ထိုနောက် ခုနစ်ရက်မြောက်သောနေ့ ဖြစ်သည့် သီတင်းကျွတ်လဆုတ် ၁၅ - ရက် ဥပုသ်နေ့တွင် ဒက္ခိဏာသာခါ မဟာဗောဓိသည် ပါဋလိပုတ်ပြည်သို့ ဝင်တော်မူသည်။

ယင်းသို့ သီတင်းကျွတ် လဆုတ် ၁၅ - ရက်နေ့ တနေ့တည်း ဖြင့် ပင် သီရိမဗ္ဗာသောကမင်းကြီးသည် ပါဋလိပုတ်ပြည်သို့ ဝင်တော်မူပြီးနောက် တန်ဆောင်မုန်းလဆန်း တရက်နေ့တွင် မဟာဗောဓိကို မြို့အရှေ့ အင်ကြင်းပင်ရင်း၌ ထားတော်မူသည်။ [၁]

---

၁။ မဟာဗောဓိ ပုဗ္ဗကတ္တိက ပဝါရဏာဒိဝသေ သာယန္ဟသမယေ ပဋ္ဌမံ သုဝဏ္ဏကဋာဟေ ပတိဋ္ဌဟိ၊ တတော ဟိမဂဗ္ဘသတ္တာဟံ အဘိသေကသတ္တာဟဉ္စ ဝီတိနာမေတွာ ကာဠပက္ခဿ ဥပေါသထဒိဝသေ ရာဇာ ဧကေဒိဝသေနေဝ ပါဋလိပုတ္တံ ပဝိသိတွာ ကတ္တိက ဇုဏှပက္ခဿ ပါဋိပဒဒိဝသေ မဟာဗောဓိံ ပါစီနမဟာသာလမူလေ ဌပေသိ။

ပါရာဇိကကဏ်အဋ္ဌကထာ

**တတိယအကြိမ် မင်း၏အဖြစ်ဖြင့် ပူဇော်ခြင်း**

မဟာဗောဓိပင်သည် ရွှေဖျဉ်းအိုး၌ တည်သည့်နေ့ (သီတင်းကျွတ် လပြည့်နေ့) မှ စ၍ တဆဲ့ခုနစ်ရက်မြောက် ဖြစ်သည့် တန်ဆောင်မုန်းလဆန်း ၂ - ရက်နေ့တွင် ဒက္ခိဏာသာခါ မဟာဗောဓိ၌ အညွန့်အထက်တို့ ပေါ်ထွက်လာသည်၊ ထိုတန်ခိုးပြာဋိဟာကို သီရိဓမ္မာသောကမင်းကြီး ဖူးမြင်ရသောအခါ ပိတိပါမောဇ္ဇ ပွားများတော်မူသဖြင့် တတိယအကြိမ် ဇမ္ဗူဒီပါ တကျွန်းလုံးမှ ရသော အခွန်ဘဏ္ဍာတော်ဖြင့် ဒက္ခိဏာသာခါ မဟာဗောဓိကို ပူဇော်ကာ တတိယ ရာဇာဘိသေကမင်္ဂလာဖြင့် အဘိသိက်သွန်းလှူတော်မူပြန်သည်။[၁]

**သုမန သာမဏေ**

သီရိဓမ္မာသောကမင်းကြီးသည် တန်ဆောင်မုန်းလပြည့်နေ့တွင် ဒက္ခိဏာသာခါ မဟာဗောဓိအား ကတ္တိကာ နက္ခတ်သဘင်ဖြင့် ပူဇော်တော်မူသည်၊ သုမနသာမဏေသည် တန်ဆောင်မုန်းလပြည့်နေ့တွင် ဓာတ်တော်ယူရန် ပါဋလိပုတ်ပြည်သို့ ကြွလာတော်မူရာ ဒက္ခိဏာသာခါ မဟာဗောဓိအား

---

၁။ သုဝဏ္ဏကဋာဟေ ပတိဋ္ဌိတ ဒိဝသတော သတ္တရသမေ ဒိဝသေ မဟာဗောဓိဿ အဘိနဝင်္ကုရာ ပါတုရဟေသုံ၊ တေ ဒိသွာပိ ပသန္နော ရာဇာ ပုန မဟာဗောဓိံ ရဇ္ဇေန ပူဇေန္တော သကလ ဇမ္ဗုဒီပါ ဘိသေကမဒါသိ။

ပါရာဇိကကဏ် အဋ္ဌကထာ

ကာတ္တိကာ[၁] နက္ခတ်သဘင်ဖြင့် ပူဇော်ခြင်းကို တွေ့မြင်နေရလေသည်။

ထိုနောက် သီရိဓမ္မာသောကမင်းကြီးသည် သမီးတော် သံဃမိတ္တာထေရီမအား 'ချစ်သမီး - ဒက္ခိဏသာခါ မဟာဗောဓိကို သီဟိုဠ်ကျွန်းသို့ ပင့်ဆောင်၍ သွားလော့' ဟု ဆိုရာ သံဃမိတ္တာထေရီမလည်း 'ကောင်းပါပြီ' ဟု ဝန်ခံကာ ဒက္ခိဏသာခါ မဟာဗောဓိကို သီဟိုဠ်ကျွန်းသို့ ပင့်ဆောင်ရန် စီစဉ်ကြလေသည်။

**ပါဋလိပုတ်မှ တာမလိတ္တိ သင်္ဘောဆိပ်သို့**

ပါဋလိပုတ်ပြည်၏ အရှေ့မျက်နှာ အင်ကြင်းပင်ကြီး၏ အနီး၌ ဒက္ခိဏသာခါ မဟာဗောဓိကို ထား၍ ပူဇော်နေရာမှ သီရိဓမ္မာသောကမင်းကြီးသည် ကိုယ်တော်တိုင် ဂင်္ဂါမြစ်သို့ ပင့်ဆောင်တော်မူပြီးလျှင် လှေထက်သို့ တင်ကာ ပါဋလိပုတ်ပြည်မှ ထွက်တော်မူသည်။

ပါဋလိပုတ်ပြည် နှင့် တာမလိတ္တိသင်္ဘောဆိပ်တို့၏ ကြား၌ ဝိဉ္ဈာဋဝီတောအုပ်ကြီး ရှိသည်၊ ယင်းတောအုပ်ကြီး၌ ဝိဉ္ဈ တောင်ကြီးလည်း တည်ရှိသည်။

---

၁။ တဒါ သုမနသာမဏေရော ကတ္တိကပုဏ္ဏမဒိဝသေ ဓာတုဂဗ္ဘဟာ ဏတ္တံ ဂတော မဟာဗောဓိဿ ကတ္တိကဆဏပူဇံ အဒ္ဒသ။

ပါရာဇိကကဏ်အဋ္ဌကထာ

သီရိမေဃာသောကမင်းကြီးသည် ဒက္ခိဏာသာခါ မဟာဗောဓိကို ဂင်္ဂါမြစ်ကြောင်း တလျှောက် စုံဆင်း ပင့်ဆောင်ခဲ့ကြရာ ဝိဥ္ဈာဋဝီ တောကြီးကို ကျော်လွန်ပြီးနောက် ခုနစ်ရက်မြောက်နေ့တွင် တာမလိတ္တိ သင်္ဘောဆိပ်သို့ ဆိုက်ရောက်ခဲ့ကြသည်၊ ထိုသို့ ဆိုက်ရောက်ခဲ့သော နေ့ကား တန်ဆောင်မုန်း လပြည့်ကျော် ခုနစ်ရက်နေ့ ဖြစ်သည်။

တာမလိတ္တိ သင်္ဘောဆိပ်ကား သမုဒ္ဒရာပင်လယ် သင်္ဘောဆိပ် ဖြစ်သည်။

တာမလိတ္တိ သင်္ဘောဆိပ်သို့ မရောက်မီ လမ်းခရီး အကြား၌လည်း မဟာဗောဓိပင်အား လူ နတ် နဂါး ဂုမ္ဘာန် ရက္ခိုက်တို့သည် ဦးတိုက်ကော်ရော် ပူဇော်ကြကုန်သတည်း။[၁]

---

၁။ မဟာဗောဓိံ ဂင်္ဂါယ နာဝံ အာရောပေတွာ သယမ္ပိ နဂရတော နိက္ခမိတွာ ဝိဉ္ဈာဋဝိံ သမတိက္ကမ္မ အနုပုဗ္ဗေန သတ္တဟိ ဒိဝသေဟိ တာမလိတ္တိံ အနုပ္ပတ္တော။ အန္တရာမဂ္ဂေ ဒေဝနာဂမနုဿာ ဥဠာရံ မဟာဗောဓိပူဇမကံသု။

ပါရာဇိကဏ် အဋ္ဌကထာ

စတုတ္ထအကြိမ် မင်း၏အဖြစ်ဖြင့် ပူဇော်ခြင်း

သီရိဓမ္မာသောကမင်းကြီးသည် တာမလိတ္တိသင်္ဘောဆိပ် သမုဒ္ဒရာ ကမ်းနား၌ ဒက္ခိဏာသာခါ မဟာဗောဓိအား ခုနစ်ရက်ပတ်လုံး စတုတ္ထအကြိမ် ဇမ္ဗူဒီပါကျွန်းအားလုံးမှ ရသော အခွန်ဘဏ္ဍာဖြင့် ပူဇော်ကာ ရာဇာဘိသေက မင်္ဂလာဖြင့် အဘိသိက် သွန်းလောင်းတော်မူသည်။ ၁

တာမလိတ္တိဆိပ်ကမ်းမှ သီဟိုဠ်ကျွန်းသို့

ယင်းသို့ အဘိသိက်သွန်းလောင်း ပူဇော်ပြီးနောက် သာသနာနှစ် ၂၃၆ - ခု နတ်တော်လဆန်း တရက်နေ့၌ သီရိဓမ္မာသောကမင်းကြီးသည် ဒက္ခိဏာသာခါ မဟာဗောဓိကို ပင့်၍ ဆောင်ယူတော်မူ၍ ပင်လယ်သမုဒ္ဒရာရေတွင် လည်ပင်းမြုပ်အောင် သက်ဆင်းပြီးလျှင် သီဟိုဠ်ကျွန်းသို့ သွားမည့် သင်္ဘောပေါ်သို့ တင်တော်မူသည်။

သမီးတော် သံဃမိတ္တာထေရီမကိုလည်း အခြံအရံ ပရိသတ်နှင့် တကွ သင်္ဘောပေါ်သို့ တင်တော်မူသည်။

---

၁။ ဤအကြိမ်ကို ပါရာဇိကကဏ်အဋ္ဌကထာ၌ ' ဇာဒမသာ တတိယံ ဇမ္ဗူဒီပရဇ္ဇေန သဓ္ဒါနံ ဟောတိ' ဟု တတိယအကြိမ် အဖြစ် ဖော်ပြထားသည်၊ သို့သော် ယခင်က ၃ ကြိမ် တိတိ အဘိသိက်သွန်း ပူဇော်ပြီးပြီ ဖြစ်၍ ဤအကြိမ်ကို စတုတ္ထအကြိမ်ဟု ရေးလိုက်ရခြင်း ဖြစ်သည်။

ထိုနောက် သီရိဓမ္မာသောကမင်းကြီးက အရှင်ဒွအမတ်အား- 'ဇမ္ဗူဒီပါ တကျွန်းလုံးကို အစိုးရသော သာသနဒါယကာ ငါမင်းမြတ်သည် ဒက္ခိဏာသာခါ မဟာဗောဓိကို ၄ - ကြိမ်တိုင်တိုင် ၁ ဇမ္ဗူပိုင်နင်း မင်း၏ အဖြစ် ဟု ဆိုအပ်သော ရာဇာဘိသေက မင်္ဂလာဖြင့်လည်း ပူဇော်တော်မူသည်၊ လည်ပင်းမြုပ်အောင် သမုဒ္ဒရာရေပြင်၌ ဆင်း၍လည်း ဒက္ခိဏာသာခါ မဟာဗောဓိကို ပင့်ချီကာ သင်္ဘောပေါ်သို့ တင်ပို့တော်မူသည်၊ ဤအကြောင်းများကို အကြည်တော် ဒေဝါနံပိယတိဿမင်းအား လျှောက်ကြားပါလော၊ အကြည်တော် ဒေဝါနံပိယတိဿမင်းသည်လည်း ငါကဲ့သို့ပင် ဒက္ခိဏာသာခါ မဟာဗောဓိအား ပူဇော်ပါစေ ' ဟု မှာကြားတော်မူလိုက်သည်။

ယင်းသို့ မှာထားပြီး သီရိဓမ္မာသောကမင်းကြီးသည် ပါဋလိပုတ်ပြည်သို့ ပြန်လှည့်တော်မူမည်ပြုရာတွင် 'အချင်းတို့ - လာကြကုန်လော့၊ ရောင်ခြည်တော် ခြောက်သွယ်ကို လွှတ်တော်မူသော မြတ်စွာဘုရားသခင် ပွင့်တော်မူရာ မဟာဗောဓိပင်မင်းသည် သမုဒ္ဒရာသို့ ဆင်းသက်တော်မူလျက် ဒေဝါနံပိယ တိဿမင်း စံရာ သီဟိုဠ်ကျွန်းသို့ ကြွသွားတော်မူလေပြီ ' ဟု အဉ္ဇလီကမ္မဖြင့် ရပ်တော်မူကာ ဒက္ခိဏာသာခါ မဟာဗောဓိအား လက်အုပ်ချီမိုး ရှိခိုး ပူဇော်တော်မူလျက် မျက်ရည်စီးယို ငိုသောမျက်လုံးအစုံဖြင့် ဖူးမြော်စဉ်မှာပင် ဒက္ခိဏာသာခါ တင်ဆောင်သည့်

---

၁။ ပါရာဇိကကဏ်အဋ္ဌကထာ၌ ၃ - ကြိမ်ဟု ဖော်ပြထားသည်။

သင်္ဘောသည်လည်း သမုဒ္ဒရာအပြင်သို့ တွက်ခွာသွားလေသည်၊ သီရိဓမ္မာသောက မင်းကြီးလည်း မျက်စိတဆုံး ရှုစားတော်မူပြီး ပါဋလိပုတ် နေပြည်တော်သို့ တပ်ဦးလှည့်ကာ ပြန်တော်မူခဲ့သည်။[၁]

**သမုဒ္ဒရာပင်လယ် လမ်းခရီး**

သို့ဖြင့်ပင် သာသနာနှစ် ၂၃၆ - ခု နတ္တော်လဆန်း ၁ - ရက်နေ့တွင် သံဃမိတ္တာထေရီမ နှင့် အရိဋ္ဌအမတ်တို့သည် ဒက္ခိဏသာခါ မဟာဗောဓိကို သင်္ဘောဖြင့် သမုဒ္ဒရာ ပင်လယ်လမ်းခရီးမှ ပင့်ဆောင်တော်မူခဲ့ကြသည်။

---

၁။ ဧဝံ မဟာရဇ္ဇေန ပူဇေတွာ မာဂသိရမာသဿ ပဌမပါဋိပဒဒိဝသေ အသောကော ဓမ္မရာဇာ မဟာဗောဓိံ ဥက္ခိပိတွာ ဂလပ္ပမာဏံ ဥဒကံ ဩရုယှ နာဝါယံ ပတိဋ္ဌာပေတွာ သံဃမိတ္တာ-ထေရိမ္ပိ သပရိဝါရံ နာဝံ အာရောပေတွာ အရိဋ္ဌံ အမစ္စံ ဧတဒဝေါစ 'အဟံ တာတ မဟာဗောဓိံ တိက္ခတ္တုံ သကလဇမ္ဗုဒီပရဇ္ဇေန ပူဇေတွာ ဂလပ္ပမာဏံ ဥဒကံ ဩရုယှ မမ သဟာယကဿ ပေသေသိံ၊ သောပိ ဧဝမေဝ မဟာဗောဓိံ ပူဇေတူ' တိ၊ ဧဝံ သဟာယကဿ သာသနံ ဒတွာ 'ဂစ္ဆတိ ဝတရေ ဒသဗလဿ သရသရံသိဇာလံ ဝိမုဉ္စန္တော မဟာဗောဓိ ရုက္ခော' တိ ဝန္ဒိတွာ အဿူနိ ပဝတ္တယမာနော အဋ္ဌာသိ၊ သာပိ ခေါ မဟာဗောဓိသမာရူဠှာ နာဝါ ပဿတော ပဿတော မဟာရာဇဿ မဟာသမုဒ္ဒတလံ ပက္ခန္ဒာ။

ပါရာဇိကကဏ်အဋ္ဌကထာ

ထိုအခါ ဒက္ခိဏသာခါ မဟာဗောဓိ၏ တန်ခိုးတော်ကြောင့်—

(၁) သမုဒ္ဒရာ အပြင် သဘော်၏ ထက်ဝန်းကျင် တယူဇနာမျှလောက်သော အရပ်က လှိုင်းတံပိုးတို့သည် ငြိမ်သက်လာကြကုန်၏။

(၂) ငါးပါးသော အဆင်းရှိသော ကြာ (ကြာမျိုးငါးပါး)တို့သည်လည်း ပွင့်ကြကုန်၏။

(၃) ကောင်းကင်ပြင်၌ နတ်တို့သည် တူရိယာတို့ကိုတီးမှုတ် ပူဇော်ကြကုန်၏။

(၄) ရေကိုရင်း ကြည်းကိုရင်း သစ်ပင်ကိုရင်း မှီ၍နေသော နတ်တို့သည် ကောင်းကင်၌ ကုန်းပန်း ရေပန်း စသည်တို့ဖြင့် အလွန်အကဲ ထူးမြတ်သော ပူဇာသတ္တာရကို ပြုကြကုန်၏။

ဤသို့ လွန်လွန်ကြူးကြူး ထူးဆန်းသော အံ့ဘွယ်ဘနန်းတို့သည် ဖြစ်ပေါ်ကြလေသည်။

ထိုအခါ သမုဒ္ဒရာ ပင်လယ် လမ်းခရီး၌ သံဃမိတ္တထေရီမသည် ဂဠုန်အသွင် ဆောင်ကာ နဂါးတို့၏ အန္တရာယ်ကို ကာကွယ်လာခဲ့သည်၊ ဤတွင် နဂါးတို့သည် ထိတ်လန့် ထုန်လှုပ်စွာဖြင့် လာလတ်ပြီးလျှင် ဒက္ခိဏသာခါ မဟာဗောဓိ၏ တင့်တယ် ကြည်ညိုဘွယ် အသွင်ကို ဖူးမြင်ကြရကုန်သော်ကြောင့် ထေရီမထံ ချဉ်းကပ် ခွင့်တောင်းကာ ဒက္ခိဏသာခါ မဟာဗော-

မိအား နဂါးပြည်သို့ ပင့်ဆောင်၍ နဂါးမင်းတို့၏ စည်းစိမ်ဖြင့် ခုနစ်ရက် တိုင်တိုင် ပူဇော်ကြပြန်သည်၊ ပြီးမှ ဒက္ခိဏာသာခါ မဟာဗောဓိကို သင်္ဘောသို့ ပြန်လည် တင်ဆောင်ကြသည်။[၁]

**ဒက္ခိဏာသာခါကို ကြိုဆိုခြင်း**

နဂါးပြည်မှ အပူဇော်ကို ခံယူပြီး၍ သင်္ဘောပေါ်သို့ ပြန်လည် ရောက်ရှိလာသည့် သာသနာနှစ် ၂၃၆ ခု နတ်တော် လဆန်း (၇) ရက်နေ့၌ပင် ဒက္ခိဏာသာခါ မဟာဗောဓိသည် သီဟိုကျွန်းဇမ္ဗုကောလ သင်္ဘောဆိပ်သို့ ဆိုက်ရောက်လာသည်။

ဒေဝါနံ ပိယတိဿမင်းသည် သုမန သာမဏေ၏ စကားကြောင့် နတ်တော်လဆန်း တရက်နေ့မှ စ၍ အနုရာဓမြို့မှ ဇမ္ဗုကောလသင်္ဘောဆိပ် တိုင်အောင် လမ်းခရီးကို သုတ်သင် ရှင်းလင်းစေသည်၊ လမ်းတလျှောက်လုံး ပန်းမျိုးစုံတို့ဖြင့် ပန်းမွေ့ယာ ခင်းစေသည်၊ တရက်တည်းဖြင့်ပင် ဇမ္ဗုကောလသင်္ဘောဆိပ်သို့ အရောက် သွားတော်မူသည်၊ အရှင်မဟိန္ဒထေရ်၏ တန်

---

၁။ သံဃမိတ္တတ္ထေရိပိ သုဝဏ္ဏရူပေန မဟာသမုဒ္ဒေ နာဂကုလာနိ သန္တာသေသိ၊ တေ စ ဥတြသိတရူပါ နာဂါ အာဂန္တွာ တံ ဝိဘူတိံ ပဿိတွာ ထေရိံ ယာစိတွာ မဟာဗောဓိံ နာဂဘဝနံ အတိဟရိတွာ သတ္တ ဒိဝသာနိ နာဂရဇ္ဇေန ပူဇေတွာ ပုန နာဝါယံ ပတိဋ္ဌာပေသုံ။

ပါရာဇိကဏ်အဋ္ဌကထာ

ခိုးတော်ကြောင့် သမုဒ္ဒရာ ပင်လယ် ခရီးဖြင့် တင့်တယ်စွာ ကြွလာတော်မူသော ဒက္ခိဏသာခါ မဟာဗောဓိကို မြင်တော်မူရသည်၊ ထိုအခါ ဒေဝါနံပိယတိဿ မင်းသည် နှစ်သက်ဝမ်းမြောက်တော်မူလှသဖြင့်—

(က) ငါးပါးသော အဆင်းရှိသော ပန်းတို့ကို ကြဲစေခြင်း။

(ခ) အကြားအကြား၌ ပန်းတောင်း ဆီမီးတိုင်တို့ကို ထွန်းညှိခြင်း။

(ဂ) စည် - စောင်းညှင်း- ဒုံမင်း တူရိယာတို့ကို တီးမှုတ်ခြင်း။

(ဃ) ပန်းနံ့သာ အခိုး အထုံတို့ဖြင့် ပူဇော်ခြင်းတို့ကို ပြုတော်မူသည်။

ထို့နောက် ပင်လယ်ရေထဲသို့ လည်ပင်း အထိ မြုပ်အောင်ဆင်းကြို၍ကာ 'အိုအချင်းတို့—မြတ်စွာဘုရား၏ ရောင်ခြည်တော်ကို လွှတ်တတ်သော မဟာဗောဓိပင်မင်းသည် ကြွရောက်တော်မူလာပေပြီတကား' ဟု ဝမ်းသာ အားရ မြွက်ဆိုတော်မူပြီး ဒက္ခိဏသာခါ မဟာဗောဓိကို ဦးခေါင်းထက်သို့ တင်ကာ ပင့်ဆောင်တော်မူသည်။

ဒေဝါနံပိယတိဿမင်းကြီးသည် ဇမ္ဗုကောလ သင်္ဘောဆိပ်တွင် နတ္တော်လဆန်း ၇ - ရက်နေ့မှ ၉ - ရက်နေ့ အထိ ၃ - ရက်

တိုင်တိုင် သီဟိုဠ်ကျွန်း အားလုံးကို အစိုးရသော မင်း၏ အဖြစ်ဖြင့် ဒက္ခိဏသာခါ မဟာဗောဓိအား ပူဇော်တော်မူသည်။[၁]

**အနုရာဓမြို့သို့ ပင့်ဆောင်တော်မူခြင်း**

ယင်းသို့ သုံးရက် လုံးလုံး ပူဇော်ပြီးနောက် လေးရက်မြောက် ဖြစ်သည့် နတ္တော်လဆန်း ၄ - ရက်နေ့တွင် ဒက္ခိဏသာခါ မဟာဗောဓိကို ဇမ္ဗုကောလသင်္ဘောဆိပ်မှ အနုရာဓမြို့သို့ ပင့်ဆောင်တော်မူကာ အစဉ်အတိုင်း ပူဇော်ခဲ့သည်။

**မဟာမေဃဝန် ဥယျာဉ်**

ဤသို့ အစဉ်အတိုင်း ပူဇော်ပင့်ဆောင်ခဲ့ရာ နတ္တော်လဆန်း ၁၄ - ရက်နေ့ မွန်းလွဲအချိန်တွင် အနုရာဓမြို့၏ မြောက်တံခါးမှ ဝင်၍ မြို့လယ်သို့ ရောက်ပြီးလျှင် တောင်တံခါးမှ ထွက်ကာ ယင်းတောင်တံခါးမှ ကုလလေးတာ အပြန် ငါးရာ အ

---

၁။ ကောဟေနေဝ ဇမ္ဗုကောလပဋ္ဋနံ ဂန္တွာ သမ္ပတ္တာဋ္ဌာဝစရေ, ပရိဝုတော ပုပ္ဖရူမဂန္ဓဝါသာဒီဟိ ပူဇယမာနော ဂလပ္ပမာဏံ ဥဒကံ ဩရုယှ 'အာဂတော ဝတရေ ဒသဗလဿ သရသရံသိဇာလဝိဿဇ္ဇနကော မဟာဗောဓိရုက္ခော' တိ ပသန္နစိတ္တော မဟာဗောဓိံ ဥက္ခိပိတွာ ဥတ္တမင်္ဂေ သိရသ္မိံ ပတိဋ္ဌာပေတွာ မဟာဗောဓိံ ပရိဝါရေတွာ အာဂတေဟိ သောဠသဟိ ဇာတိသမ္ပန္နကုလေဟိ သဒ္ဓိံ သမုဒ္ဒတော ပစ္စုတ္တရိတွာ သမုဒ္ဒတီရေ မဟာဗောဓိံ ဌပေတွာ တီဏိ ဒိဝသာနိ သကလတမ္ဗပဏ္ဏိဒီပ ရဇ္ဇေန ပူဇေသိ။

ပါရာဇိကကဏ်အဋ္ဌကထာ

ကျွာတွင် တည်ရှိသော မဟာမေဃဝန်ဉယျာဉ်၏ မှန်ကူတန်ဆာဆင်ရာဖြစ်သည့် မင်းဉယျာဉ် တံခါးမုခ် တည်ရာ အရပ်၌ ဒက္ခိဏသာခါ မဟာဗောဓိကို တည်ထားတော်မူသည်။

ဒက္ခိဏသာခါ မဟာဗောဓိကို တည်ထားရန် အတွက် ယင်းမေဃဝန် ဉယျာဉ်နေရာကို ရွေးချယ်ရခြင်း အကြောင်းမှာ သုမဏာသာမဏေ မိန့်မြွက်သော စကား အရ ယင်းနေရာသည်—

(က) ကေါတမမြတ်စွာဘုရားသခင် နိရောဓသမာပတ်ကို ဝင်းစား၍ နေတော်မူဘူးခြင်း။

(ခ) ရှေးဘုရားရှင် သုံးဆူတို့သည်လည်း သမာပတ်ဝင်၍ နေတော်မူဘူးခြင်း။

(ဂ) ကကုသန်မြတ်စွာဘုရား၏ ကုက္ကိုဗောဓိ ဒက္ခိဏသာခါ တည်ရှိတော်မူဘူးခြင်း။

(ဃ) ကောဏာဂုံမြတ်စွာဘုရား၏ ရေသဖန်းဗောဓိ ဒက္ခိဏသာခါ တည်ရှိတော်မူဘူးခြင်း။

(င) ကဿပမြတ်စွာဘုရား၏ ပညောင်ပင်ဗောဓိ ဒက္ခိဏသာခါ တည်ရှိဟော်မူဘူးခြင်း။

ဟူ သိရှိရသောကြောင့် ဖြစ်သည်၊ ထို့ကြောင့်လည်း ယင်း

မေဃဝန်ဥယျာဉ်နေရာကို ဒက္ခိဏသာခါ မဟာဗောဓိ မရောက်မီ ရှေးဦးစွာကပင် ပြုပြင် ပြင်ဆင်မှု ပြုလုပ်ထားပြီး ဖြစ်သည်။[၁]

**ရောင်ခြည်တော် ကွန့်မြူးခြင်း**

အထက်ပါ အတိုင်း နတ္တော်လဆန်း ၁၄-ရက်နေ့ ညနေချမ်း အချိန် မေဃဝန် ဥယျာဉ်သို့ အရောက်တွင် သီရိဓမ္မာသောကမင်းကြီးက မဟာဗောဓိ အစောင့် အရှောက် ( =မဟာဗောဓိပါလက ) အဖြစ် ထည့်လိုက်သူ အမျိုးသား တကျိတ်ခြောက်ယောက်တို့၏ လက်မှ မဟာဗောဓိ ဒက္ခိဏသာခါကို လွှတ်လိုက်သည်နှင့် တပြိုင်နက်—

(က) ဒက္ခိဏသာခါ မဟာဗောဓိသည် အတောင်ရှစ်ဆယ်ခန့် မြင့်သော ကောင်းကင်သို့ ပျံတက်ကာ ရောင်ခြည်တော် ခြောက်သွယ် ကွန့်မြူးတော်မူခြင်း။

(ခ) ယင်းရောင်ခြည်တော်တို့သည် သီဟိုဠ်ကျွန်း တကျွန်း

---

၁။ ယတ္ထ အမှာကံ သမ္မာသမ္ဗုဒ္ဓေါ နိရောဓသမာပတ္တိံ သမာပဇ္ဇိတွာ နိသီဒိ၊ ပုရိမကာ စ တယော သမ္မာသမ္ဗုဒ္ဓါ သမာပတ္တိံ အပ္ပေတွာ နိသီဒိံသု၊ ယတ္ထ ကကုသန္ဓဿ ဘဂဝတော မဟာသိရီသဗောဓိ, ကောနာဂမနဿ ဘဂဝတော ဥဒုမ္ဗရဗောဓိ, ကဿပသမ္မာသမ္ဗုဒ္ဓဿ စ နိဂြောဓဗောဓိ ပတိဋ္ဌာသိ၊ တသ္မိံ မဟာမေဃဝနုယျာနဿ တိလကဘူတေ သုမနသာမဏေရဿ ဝစနေန ပဌမမေဝ ကတဘူမိပရိကမ္မေ ရာဇဝတ္ထုဒွါရကောဋ္ဌကဋ္ဌာနေ မဟာဗောဓိံ ပတိဋ္ဌာပေသိ။

လုံး ပျံ့နှံ့ရုံမက အထက်ဗြဟ္မာပြည် အထိ ပျံ့တက်တည်ရှိတော်မူခြင်း။

(ဂ) ယင်း တန်ခိုးပြာဋိဟာကို မြင်ရ၍ ပီတိပါမောဇ္ဇဖြစ်ကြသောကြောင့် တထောင်သော ယောဒကျားတို့သည် အစဉ်အတိုင်း ဝိပဿနာကို ဖြစ်စေ၍ အရဟတ္တဖိုလ်သို့ ရောက်ကာ ရဟန်းပြုတော်ကြမူခြင်း။

(ဃ) ဒက္ခိဏသာခါ မဟာဗောဓိသည် နေဝင်သည့်တိုင်အောင် ကောင်းကင်၌ တည်ရှိပြီးနောက် နေဝင်သောအခါ ရောဟဏီ နက္ခတ်နှင့် ယှဉ်သည်နှင့် တပြိုင်နက် မြေပြင်သို့ ရောက်တော်မူခြင်း။

(င) မြေပြင်သို့ ရောက်သည်နှင့် တပြိုင်နက် နှစ်သိန်းလေးသောင်း အထုရှိသော မဟာပထဝီ မြေမဟီသည် ချီချီလှုက်အုပ် ရုပ်၍ကော်ရောက် ပူဇော်မြတ်နိုး ကိုးကွယ်သည့် အမူအရာအသွင်ဖြင့် ရေလျှင်အပိုင်းအခြား ထိအောင် သွက်သွက်ခါမျှ တုန်လှုပ်လာခြင်း။

အစရှိသော မဖြစ်ဘူးမြဲ ထူးကဲသည့် အံ့ဩဘွယ်တို့ ဖြစ်ပေါ်လာကုန်သည်။[၁]

---

၁။ မဟာဗောဓိ တေသံ ဟတ္ထတော မုတ္တသမနန္တရမေဝ အသီတိဟတ္ထပ္ပမာဏံ ဝေဟာသံ အဗ္ဘုဂ္ဂန္တွာ ဆဗ္ဗဏ္ဏရံသိယော မုဉ္စိ၊ ရံသိယော သကလဒီပံ ပတ္ထရိတွာ ဥပရိ ဗြဟ္မလောကံ အာဟစ္စ အဋ္ဌံသု၊ မဟာဗောဓိပါဋိဟာရိယံ ဒိသွာ သဉ္ဇာတပ္ပသာဒါနိ ဒသ

**ဒက္ခိဏသာခါ၏ အသီးငါးလုံး**

ယင်းသို့ နတ္တော်လဆန်း ၁၄ရက်နေ့ နေဝင်ချိန်မှ စ၍ ခုနစ်ရက် ပတ်လုံး ဒက္ခိဏသာခါ မဟာဗောဓိသည် ဆီးနှင်း တိမ်တိုက် အတွင်း ကောင်းကင်ပြင်၌ တည်ရှိနေသဖြင့် လူတို့သည် မမြင်ကြရကုန်၊ ခုနစ်ရက်မြောက်သောနေ့ကျမှ ကောင်းကင်၌ ဆီးနှင်းတိမ်တိုက်များ ကင်းစင်ကာ ခြောက်ပါးသော ရောင်ခြည်တော်တို့သည် ကွန့်မြူး ထွက်ပေါ်၍ လာကြသည်။

ထိုအခါကျမှ သာလျှင် ဒက္ခိဏသာခါ မဟာဗောဓိ၏ ပင်စည် ခက်မ အရွက် နှင့် အသီး ငါးလုံးတို့ကို လူအများ ဖူးမြင်ကြရကုန်သည်။

ယင်းသို့ ဖူးမြင်ရသော အခါ အရှင်မဟိန္ဒာထေရ်သည်၎င်း သံဃမိတ္တာထေရီမသည်၎င်း ဒေဝါနံပိယတိဿမင်းကြီးသည်၎င်း မဟာဗောဓိသို့ ချဉ်းကပ်ကြကုန်၏၊ ကျွန်းသူကျွန်းသား များစွာသော သူတို့သည်လည်း စည်းဝေးကြကုန်၏။ ဖူးမြော်ကြကုန်၏။

ထိုသူတို့ ဖူးမြော်စဉ်မှာပင် ဒက္ခိဏသာခါ မဟာဗောဓိ

ပုရိသသဟဿာနိ အနုပုဗ္ဗဝိပဿနံ ပဋ္ဌပေတွာ အရဟတ္တံ ပတွာ ပဗ္ဗဇိံသု။ ယာဝ သူရိယတ္ထင်္ဂမာ မဟာဗောဓိ အန္တလိက္ခေ အဋ္ဌာသိ၊ အတ္ထင်္ဂမိတေ ပန သူရိယေ ရောဟိဏိနက္ခတ္တေန ပထဝိယံ ပတိဋ္ဌာသိ၊ သဟ ဗောဓိပတိဋ္ဌာနာ ဥဒကပရိယန္တံ ကတွာ မဟာပထဝီ အကမ္ပိ။

မြောက်ကိုင်းမှ အသီးတလုံးသည် မှည့်၍ အခက်မှ ကြွေကျလာသည်၊ အရှင်မဟိန္ဒထေရ်သည် လက်တော်ကို ညွတ်၍ ခံ၏၊ အသီးသည် မထေရ်၏ လက်တော်၌ တည်လာ၏။

အရှင်မဟိန္ဒထေရ်လည်း 'မင်းမြတ်-စိုက်လော့' ဟု ဒေဝါနံပိယတိဿမင်းကြီးအား ထိုအသီးကို ပေး၏။ မင်းကြီးသည် လှမ်း၍ ယူပြီးလျှင် ရွှေဖျဉ်းအိုး၌ ထည့်၍ စိုက်ပြီးနောက် မဟာဗောဓိ၏ အနီး၌ ထားလေသည်။[၁]

**မဟာဗောဓိပင် ရှစ်ပင်**

လူအများတို့ ကြည့်ရှု ဖူးမြော် နေစဉ် မှာပင် ရွှေဖျဉ်းအိုး အတွင်းမှ လေးကောင်စီ မြင့်သော ဗောဓိပင်ပျို ရှစ်ပင်တို့သည် ပေါက်၍ လာကြသည်။

ဒေဝါနံပိယတိဿမင်းကြီးသည် ယင်းကဲ့သို့သော အံ့ဘွယ်ကို မြင်ရသောကြောင့် ပီတိပါမောဇ္ဇ ဖြစ်ပွားလာရကား ဗောဓိပင်တို့ကို ထီးဖြူဖြင့် ပူဇော်၍ အဘိသိက်သွန်းတော်မူသည်။

---

၁။ မဟိန္ဒတ္ထေရော စ သံဃမိတ္တတ္ထေရီ စ ရာဇာ စ သပရိဝါရာ မဟာဗောဓိဋ္ဌာနမေဝ အဂမံသု။ ယေဘုယျေန စ သဗ္ဗေ ဒီပဝါသိနော သန္နိပတိံသု၊ တေသံ ပဿန္တာနံယေဝ ဥတ္တရသာခတော ဧကံ ဖလံ ပစ္စိတွာ သာခတော မုစ္စိ၊ ထေရော ဟတ္ထံ ဥပနာမေသိ၊ ဖလံ ထေရဿ ဟတ္ထေ ပတိဋ္ဌာသိ၊ တံ ထေရော 'ရောပယ မဟာရာဇာ' တိ ရညော အဒါသိ။ ရာဇာ ဂဟေတွာ သုဝဏ္ဏကဋာဟေ မဓုရပံသုံ အာကိရိတွာ ဂန္ဓကလလံ ပူရေတွာ ရောပေတွာ မဟာဗောဓိအာသန္နဋ္ဌာနေ ဌပေသိ။

ပါရာဇိကကဏ်အဋ္ဌကထာ

ထို့နောက် ယင်းဗောဓိပင်ပျို ရှစ်ပင်တို့ အနက်—

(၁) တပင်ကို မဟာဗောဓိကို ပင့်ဆောင် လာစဉ်က ပဌမဦးဆုံး တည်ရှိကာ အပူဇော်ခံရာ ဖြစ်သော ဇမ္ဗုကောလဆိပ်၌ရှင်း။

(၂) တပင်ကို တဝက္ကပုဏ္ဏားရွာ တံခါးအနီး၌ရှင်း။

(၃) တပင်ကို ထူပါရုံစေတီ ကုန်းတော်၌ရှင်း။

(၄) တပင်ကို ဣဿရနိမ္မာန ကျောင်းတိုက် ဟူသော ကဿပဂိရိတောင်ကျောင်းတိုက်၌ရှင်း။

(၅) တပင်တို့ ပဌမစေတိယ အရပ်၌ရှင်း။

(၆) တပင်ကို စေတိယတောင်၌ရှင်း။

(၇) တပင်ကို ရောဟနဇနပုဒ် အရှင်မဟိန္ဒထေရ်၏ ဂေါစရဂါမ် ဖြစ်သော ကာဇရရွာ၌ရှင်း။

(၈) တပင်ကို ရောဟနဇနပုဒ် စန္ဒနရွာ၌ရှင်း—

အသီးအသီး စိုက်ခစေတော်မူသည်။[၁]

---

၁။ သဗ္ဗေသံ ပဿန္တာနံယေဝ စတုပဟတ္ထပ္ပမာဏာ အဋ္ဌ တရုဏဗောဓိရုက္ခာ ဥဋ္ဌဟိံသု။ ရာဇာ တံ အစ္ဆရိယံ ဒိသွာ အဋ္ဌ တရုဏဗောဓိရုက္ခေ သေတစ္ဆတ္တေန ပူဇေတွာ အဘိသေကမဒါသိ။ တတော ဧကံ ဗောဓိရုက္ခံ အာဂမနကာလေ မဟာဗောဓိနာ ပဌမ ပတိဋ္ဌိတောကာသေ ဇမ္ဗုကောလပဋ္ဋနေ ရောပယိံသု။ ဧကံ တဝက္ကဗြာဟ္မဏဿ ဂါမဒွါရေ၊ ဧကံ ထူပါရာမေ၊ ဧကံ ဣဿရနိမ္မာနဝိဟာရေ၊ ဧကံ ပဌမ စေတိယဋ္ဌာနေ၊ ဧကံ စေတိယ

မဟာဗောဓိပင် ၄၁-ပင်

ဒက္ခိဏသာခါ မဟာဗောဓိ၏ ကျန် အကိုင်း လေးကိုင်းတို့မှလည်း အသီး လေးလုံး ကြွေကျကြပြန်သည်၊ ယင်း အသီး လေးလုံး အနက် တလုံးလျှင် ဗောဓိပင် ရှစ်ပင်ကျစီ ပေါက်သဖြင့် ဗောဓိပင်ပေါင်း ၃၂-ပင် ဖြစ်လာသည်။

ယင်းဗောဓိပင် ၃၂- ပင်ကို အနုရာဓမြို့၏ ပတ်ဝန်းကျင် တယူဇနာအတွင်း၌ တည်ရှိသော ကျောင်းတိုက်များ၌ စိုက်ပျိုးပူဇော်ကြသည်။

သို့ဖြစ်ရာ ပဌမဗောဓိပင် ရှစ်ပင်—နောက်ထပ် ၃၂- ပင်၊ ပေါင်း ဗောဓိပင်ပွား ၄၀-ဖြစ်၍ မူလ ပင့်ဆောင်ခဲ့ရင်း ဒက္ခိဏသာခါဗောဓိပင်နှင့် ပေါင်းလျှင် ဗောဓိပင်ပေါင်း ၄၁ ပင်တို့သည် သီဟိုဠ်ကျွန်း အနုရာဓမြို့ ပတ်ဝန်းကျင် တယူဇနာအတွင်း၌ တည်ရှိခဲ့ဘူးကြောင်းကို ပါရာဇိကကဏ်အဋ္ဌကထာနှင့် မဟာဝံသတို့၏ အဆိုအမိန့်များ အရ သံသယကင်းစွာ သိရှိနိုင်ကြပေသည်။

---

ပဗ္ဗတေ၊ ဇကံ ရောပယာဇနပဒမှိ ကာဇရဂါမေ၊ ဇကံ ရောပယာဇနပါဒမှိယေဝ စန္ဒနဂါမေ။ ဣတရေသံ စတုန္နံ ဖလာနံ ဗီဇေဟိ ဇာတေ ဒွတ္တိံသ ဗောဓိတရုဏေ ယောဇနိယ အာရာမေသု ပတိဋ္ဌာပေသုံ။

ပါရာဇိကကဏ်အဋ္ဌကထာ

**ရဟန္တာ**

**ရဟန္တာမများ**

သီဟိုဠ်ကျွန်း၌ ဒက္ခိဏသာခါ မဟာဗောဓိကို အကြောင်းပြုကာ ကြည်ညိုဆွားသဒ္ဓါတရားဖြင့် ရဟန္တာဖြစ်ကြသူ အမြောက်အများ ရှိသည်။

တရား တည်းဟူသော တန်ခွန် ရှိတော်မူသော ဗုဒ္ဓဘုရားရှင်၏ မဟာဗောဓိ တည်ရှိတော်မူသောကြောင့် သံဃမိတ္တာထေရီမ၏ အထံ၌ သတို့သမီး တထောင် ခြံရံသော အနုဠာဒေဝီ မိဖုယားသည် ရဟန်းပြုခဲ့သည်၊ ရဟန်းပြု၍ မကြာမီမှာပင် အခြံအရံ သတို့သမီးများနှင့် တကွ အနုဠာဒေဝီသည် ရဟန္တာမ အဖြစ်သို့ ရောက်ခဲ့သည်။

ထို့အတူ ဒေဝါနံပိယတိဿမင်းကြီး၏ တူတော် ဖြစ်သော အရိဋ္ဌအမတ်သည်လည်း သတို့သား ငါးရာ ခြံရံကာ ရဟန်းပြုခဲ့ရာ မကြာမီမှာပင် အခြံအရံ သတို့သား ငါးရာတို့နှင့် အတူ ရဟန္တာ အဖြစ်သို့ ရောက်ခဲ့လေသည်။[၁]

---

၁။ ဧဝံ ပုတ္တနတ္တုပရမ္ပရာယ သမန္တာ ဒီပဝါသီနံ ဟိတာယ သုခါယ ပတိဋ္ဌိတေ ဒသဗလဿ ဓမ္မဓဇဘူတေ မဟာဗောဓိမှိ အနုဠာ ဒေဝီ ပဉ္စဟိ ကညာသတေဟိ ပဉ္စဟိ စ အန္တေပုရိကာ သတေဟီတိ မာတုဂါမသဟဿေန သဒ္ဓိံ သံဃမိတ္တတ္ထေရိယာ သန္တိကေ ပဗ္ဗဇိတွာ နစိရဿေဝ သပရိဝါရာ အရဟတ္တေ ပတိဋ္ဌာသိ၊ အရိဋ္ဌောပိ ခေါ ရညော ဘာဂိနေယျော ပဉ္စဟိ ပုရိသသတေဟိ သဒ္ဓိံ ထေရဿ သန္တိကေ ပဗ္ဗဇိတွာ နစိရဿေဝ သပရိဝါရော အရဟတ္တေ ပတိဋ္ဌာသိ။

ပါရာဇိကကဏ်အဋ္ဌကထာ

သီဟိုဠ်ကျွန်း အနုရာဓမြို့ ပတ်ဝန်းကျင်တွင် ဒက္ခိဏာသာခါ မဟာဗောဓိနှင့် အကွ အပင်များပါ စုစုပေါင်း ဗောဓိပင် ၄၁ - ပင်ရှိကြောင်း အထက်က အခိုင်အမာ သိရှိခဲ့ရပြီး ဖြစ်သည်။

သို့သော် ဟံသာဝတီ (ပဲခူး) ပြည့်ရှင် ဘုရင် ဓမ္မစေတီ၏ သာသနာပြု မှတ်တမ်း ဖြစ်သော ကလျာဏီကျောက်စာ၌ကား 'ဗာဝီသတိ ဗောဓိရုက္ခ ပူဇနတ္ထာယ' ဟု သီဟိုဠ်တွင် ဗောဓိပင် ၂၂ - ပင်သာ ရှိသည်ဟု ဖော်ပြထားသည်။

အချို့ သာသနာ့သမိုင်း ဆရာများကမူ ၂၂ - ပင်ဆိုသည်မှာ ဓမ္မစေတီခေတ်က သီဟိုဠ်သို့ သွားသော သာသနာရေး မစ်ရှင်များ တွေ့ခဲ့ရသမျှ သာ ဖြစ်၍ စင်စစ် ထို့ထက်မက များစွာ ရှိသည်ဟု ယူဆကြသည်။

အချို့ဆရာများကလည်း သီဟိုဠ်ကျွန်းရှိ ဗောဓိပင် ၄၁ - ပင်တို့မှာ သင်္ခါရတရား သာ ဖြစ်၍ အမြဲ မတည်နိုင်၊ ကာလရှည်လျားသဖြင့် အချို့ ဗောဓိပင်များသည် သေပျောက်ခြင်းသို့ ရောက်ခဲ့လေရာသည်ဟု မိန့်ဆိုကြသည်။

ယင်းပြဿနာနှင့် ပတ်သက်၍ ဒုတိယ မုံရွေး ဇေတဝန်ဆရာတော် အရှင်အရိယဝံသအာဒိစ္စရံသီက သီဟိုဠ်ရောက်ဆရာ၏ စာတမ်းကို ကိုးကားကာ အောက်ပါအတိုင်း ဆုံးဖြတ်တော်မူခဲ့သည်။

ရတနာပူရမြို့ကို တတိယမြောက် တည်ထောင်သော
နောင်တော် ဆင်ဖြူရှင်မင်းတရား လက်ထက် သီဟို

ရောက် သာရလက်ာရသူမြတ် နှုတ်ထွက် စာတမ်းတွင်လည်း အစောင့်အိမ်ခြေတရာနှင့် တကွ သံဃမိတ္တာ ဆောင်ယူခဲ့သည့် ဗောဓိပင်သာ တွေ့မြင်ရကြောင်းကို ဆိုသည်များနှင့် ထောက်သော် အချို့ သေပျောက်လျော့ယွင်းသည် ဆိုသော စကားသည် မှန်မည်ကဲ့သို့ ရှိ၏။[၁]

\+ + +

## မြန်မာငံနိုင်ငံ - ဒက္ခိဏသာခါ

**သီဟိုမှ ဒက္ခိဏ သာခါဘုရားများ ရောက်လာခြင်း**

မြန်မာနိုင်ငံသို့ ဒက္ခိဏသာခါဘုရားများ ရောက်ရှိလာခြင်းမှာ (က) မဇ္ဈိမဒေသမှ ရောက်ရှိလာခြင်းနှင့် (ခ) သီဟိုမှ ရောက်ရှိလာခြင်း ဟူ၍ အယူအဆ နှစ်မျိုး ရှိသည်။

အချို့ဆရာများက သီရိဓမ္မာသောကမင်းကြီး ကိုးတိုင်းကိုး ဌာန သာသနာပြု စေလွှတ်သည့်အခါ အရှင်သောဏ အရှင် ဥတ္တရတို့နှင့် အတူ ဒက္ခိဏသာခါ ဘုရားသည် သုဝဏ္ဏဘူမိ သထုံပြည်သို့ ရောက်ရှိလာသည်ဟု အဆိုပြုကြသည်။

အချို့ကလည်း ဒက္ခိဏသာခါ မဟာဗောဓိကို ထုလုပ်ထားသည့် ဒက္ခိဏသာခါဘုရားသည် သီဟိုကျွန်းမှ တဆင့် မြန်မာနိုင်ငံသို့ ရောက်ရှိလာခြင်း ဖြစ်သည် ဟု ယူဆကြသည်။

---

၁။ သမန္တစက္ခုဒီပနီ (၃)

ယင်းအယူအဆနှင့် ပတ်သက်၍ မြန်မာနိုင်ငံ၏ ဒက္ခိဏာသာခါသမိုင်းဦးကို ဒုတိယ မုံရွေး ဇေတဝန်ဆရာတော် အရှင်အရိယဝံသ အာဒိစ္စရံသီက အောက်ပါအတိုင်း ရေးသား ဖော်ပြခဲ့သည်။

ထိုဒက္ခိဏာသာခါ မဟာဗောဓိသားတို့ကို အခက်မှစ၍ ဘုရားရုပ်တု လုပ်၍ ကိုးကွယ်ကုန်သည်၊ ရဟန်းသံဃာတို့သည် မြတ်ထွတ်လှသော သစ်ပင် ဖြစ်သည်ဟူ၍ ထိုရုပ်တုကို အမြတ်တနိုး ကိုးကွယ်ကြ ကုန်သည်။

'ထိုရုပ်တုတော်တို့သည် သက္ကရာဇ် ၇၇၀ ခု ရတနာပူရ၌ ရွှေနန်းတက်တော်မူသော မိုးညှင်းမင်းတရား လက်ထက် အကြီး အငယ် အဆူ ၃၀၀ ကျော် ရောက်သာသည်၊ မင်းမှူးမတ်မှ စ၍ ပြည်သူ လူရဟန်း တို့သည် အမြတ်တနိုး ကိုးကွယ်ကြကုန်သည်' ဟူ၍ ဒက္ခိဏာသာခါ ရောက်ကြောင်းကို ဆိုသော မှတ်စု သမိုင်းစာတမ်းတို၌ ပါသည်၊ သက်တော်ရှည်သော အစည်ပဝေသနိကထာကို မှတ်သား ပြောဆိုလေ့ ရှိသော ဆရာတို့သည်လည်း မိုးညှင်းမင်းတရား၊ သားတော် မင်းရဲကျော်စွာ၊ ညီတော် ထူပါရုံ ဒါယကာ နရပတိကြီး၊ သားတော် မင်းကြီး မဟာသီဟသူရတို့ လက်ထက် အစဉ်မပြတ် ပေါက်ရောက်လျက် ရှိသည်ဟု ပြောစမှတ် ပြုကြကုန်သည်၊ ထိုစကားသည် ယုတ္တိရှိသောစကားနှင့်ပင် တူ၏၊ အဘယ့်ကြောင့်နည်း ဟူမူ မိုးညှင်းမင်းတရားတို့ လက်ထက်

သီဟိုဠ်ကျွန်းစာရေးဟန်းသံဃာတို့ သာသနာပြု မပြတ်မပြတ်[၁]
ရောက်လာသည် ဟု ပြောစဉ် စကားလည်း ရှိသည်။

သမိုင်း အမြင့်ဖြင့် ကြည့်လျှင် သီဟိုဠ်မှ တဆင့် မြန်မာနိုင်ငံ
သို့ ဒက္ခိဏာသာခါဘုရား ရောက်ရှိလာသည် ဟူသော အယူအဆ
သည် ယုတ္တိရှိပေသည်။

သီဟို—မြန်မာ ဆက်ဆံရေး

သီဟိုဠ်ကျွန်းမှ တဆင့် မြန်မာနိုင်ငံသို့ ဒက္ခိဏာသာခါဘုရား ရောက်ရှိ လာသည် ဟူသော အယူအဆ၏ ယုတ္တိရှိမှုကို တိုင်းတာကြည့်နိုင်ရန် သီဟို- မြန်မာ ဆက်ဆံ
ရေး သမိုင်းကို လေ့လာဘို့ လိုလာပေသည်။

ဒုတိယ မုံရွေး ဇေတဝန် ဆရာတော်ကလည်း ယင်း အယူ
အဆ အတွက် သီဟို မြန်မာ ဆက်ဆံရေးကိုပင် အကိုး အထောက်
အဖြစ်ဖြင့် ဖော်ထုတ်ခဲ့သည်။

သီဟို မြန်မာ ဆက်ဆံရေး သမိုင်းတွင် မုံရွေး ဇေတဝန်
ဆရာတော်က—

(က) သီဟိုဠ်ကျွန်းမှ မြန်မာနိုင်ငံသို့ ကူးလူး ဆက်ဆံမှု
များ—နှင့်

(ခ) မြန်မာနိုင်ငံမှ သီဟိုဠ်ကျွန်းသို့ ကူးလူး ဆက်ဆံမှု

ဟူ၍ နှစ်ပိုင်းခွဲကာ အကျယ်တဝင့် ဖော်ပြခဲ့သည်။

---

၁။ သမန္တစက္ခုဒီပနီ (၃)

ယင်း နှစ်ပိုင်း အနက် သီဟိုမှ မြန်မာနိုင်ငံသို့ ကူးလူး ဆက်ဆံမှုကို ပထမဆုံး ဖော်ပြရာ၌ မုံရွေး ဇေတဝန် ဆရာတော်က အရိယာဝံသ ဓဇ ပြုစုသည့် ရာဇဝင်ကို ကိုးကား ကာ အောက်ပါအတိုင်း ရေးသား ဖော်ပြထားသည်။

အရိယာဝံသ ဓဇ ပြုစုသည့် ရာဇဝင်တွင်လည်း ' သက္ကရာဇ် ၇၉၁ - ခုတွင် လင်္ကာဒီပ သိန်းဃိုဠ်ကျွန်းက အရှင် သီရိသဒ္ဓမ္မာလင်္ကာရ၊ အရှင် သီရိသီဟဠ မဟာသာမိ အမည်တော်ရှိသော မဟာထေရ်တို့ ရောက်၍ သရီရ ဓာတ်တော်ငါးဆူကို ပင့်ဆောင်ခဲ့သည်၊ သဘော်နှင့် ပုသိမ်သို့ ရောက်လာသည်၊ တလိုင်းမင်း ဗျည္ဗားရန်က ချုပ်သော်လည်း နေတော်မမူ၊ သာယာစွာ ဘောင်နှင့် တလိုင်းမင်း ဗျည္ဗားရန်က ပြည်မြို့သို့ ပို့လာရသည်ဟု ကြားတော်မူလျှင် ပြည်မြို့တိုင်အောင် ဆီးကြို၍ ပင့်ဆောင်ရသည်၊ ဆန်တက်လာလျှင် မောင်းမမိဿံမူးတော် မတ်တော် အပေါင်း ခြံရံလျက် ရွှေဘောင်နှင့် ကြိုသည်၊ ရတနာပူရ မြို့တော်သို့ ရောက်လျှင် မြေကြီးလျှင် ပဲ့တင်တပ်မျှ လှုပ်သည်၊ မင်းကြီးလည်း သရီရ ဓာတ်တော် ငါးဆူကို ဌာပနာသွင်း၍ စစ်ကိုင်း အနောက်ဘက် သက္ကရာဇ် ၇၉၇ - ခု တပေါင်းလဆန်း ၂ -ရက် စနေနေ့ ဆင်မျှားရှင် တွင်သော ရတနာစေတီကို တည်သည်၊ အုတ်ရွှေကျောင်း ကြက်သရေ သုံးတိုက်နှင့် ပြတင်း တရာ ရှိ တည်၍ လှူတော်မူသည်ဟု ဆိုသည်။

ထို့နောက် မုံရွေး ဇေတဝန်ဆရာတော်က အင်းဝခေတ် စစ်ကိုင်းတောင်ရိုး တလျှောက်တွင် သီဟိုရောက် သာသနာပြု ဆရာတော်များ၏ လက်ရာ ခြေရာများ ဖြစ်သော ဘုရားများ ကျောင်းများ သိမ်များကို အောက်ပါအတိုင်း လက်ညှိုးထိုး၍ ပြခဲ့သည်။

စစ်ကိုင်းမြို့တွင် စေကြက်တော်ဘုရား အနောက် မြောက်တောင့် ဘဟန်းဝါတောင်တွင် မုဋ္ဌောစေတီ ယောင်းကို ပဌမ သိန်းဃိုဋ္ဌရောက် ဘုန်းတော်ကြီး ထပ်မံ ပြင်လုပ်သည့် လမ်းဦး ဘုရား တဆူ- လမ်းဦးဘုရား အရှေ့မြောက် လမ်းလွဲရပ်တွင် ပဌမသိန်းဃိုဋ္ဌရောက် ဘုန်းတော်ကြီး တည်သည့် နန္ဒမူလ ဘုရားကြီးတဆူ- တောင်ထိပ်တွင် ဘုရားကိုလည်း သိန်းဃိုဋ္ဌရောက် ဘုန်း တော်ကြီးတည်တော်မူသည့် ဆံတော်ရှင် ခေါ်ဝေါ်ကြ သည် တဆူ—ဤဘုရားတို့ကို တည်တော် မူခဲ့သည် ဟူ ၏၊ နန္ဒမူလ ဘုရားအနောက် တာနေဘီလူး နေသည့် အရပ်တွင် ပဌမသိန်းဃိုဋ္ဌရောက် ဘုန်းတော်ကြီးနေသည့် ကျောင်းရာ၌ စစ်ကိုင်း သားတို့ စေတီ တည် သည် ဖြစ်၍ သိန်းဃိုဋ္ဌရောက် တွင်သော ဘုရားတဆူ၊ ဤ ဘုရားများလည်း ကမ္ပည်းကျောက်စာ အလှူတော်စာ တမ်းများနှင့် ရှိသည် ဖြစ်သည်၊ ပြတုကြီး သိင်္ဃရာဇာ တည်ထား ပူဇော်သော ဦမင်သုံးဆယ် အနီး တောင်ထိပ်၌ မိုးညှင်းမင်းတရားကောင်းမှု၊ ရှေးနရပတိကောင်းမှု ငှက် မနားဘုရား အနောက်ဇဂ် အဆင်း တောင်က တံဘိုင်း

နားတွင် သိမ်ကိုလည်း ပဉ္စမသိန်းဿိုင်ရောက် ဘုန်းတော်ကြီးသည် ကိုယ်နှင့် ရည်တူမှတ်သော သဃ်ာ ရဟန်းကောင်း လေးပါးတို့ကို ရွေးချယ်၍ သမုတ်တော်မူခဲ့သည်ဟု ဝိနယာလင်္ကာရဋီကာနှင့် တကွ သမိုင်းဟောင်းစာတမ်းတို့၌ ထွက်ဆိုသည်။[၁]

မုံရွေးဇေတဝန်ဆရာတော် လက်ညှိုးထိုး ပြထားသည့် ဤဘုရားများ ကျောင်းများ သိမ်များကား သီဟိုဠ် မြန်မာဆက်ဆံရေးသမိုင်းတွင် ရာဇဝင်ရုပ်လုံးများ ဖြစ်၍ လေ့လာသူများအတွက် တန်ဘိုးကြီးမားလှသည်၊ ခိုင်မာသည့် သမိုင်းဝင်ပစ္စည်းများ ပင်တည်း။

ယင်းသို့ လက်ညှိုးထိုး ပြပြီးနောက် မုံရွေး ဇေတဝန် ဆရာတော်က အဆိုပါ ရာဇဝင်ရုပ်လုံးများကို အကိုးအထောက် ပြုကာ သူ၏ ထင်မြင် ယူဆချက်ကို အောက်အတိုင်း ဖော်ထုတ်ခဲ့သည်။

ယင်းသို့ ဖြစ်၍ မိုးညှင်းမင်းတရားလက်ထက် ဒက္ခိဏာသာခါ သိန်းဿိုင်ရုပ်တု ရောက်သည် ဆိုသော စကားသည် ရဟန်းသံဃာတို့ ရောက်လျက် ဖြစ်သောကြောင့် ရဟန်းကို မည်သည် ဘုရားသခင်ကို အလွန် လေးမြတ်မြဲ၊ လောက၌ ပညာရှိသော ပုဂ္ဂိုလ်မည်သည် ဘုရားသခင်ကို အလွန် လေးမြတ်မြဲ ဖြစ်၍ ဘုရားသခင်ကို လေးမြတ်သည်နှင့်အညီ ရုပ်တုတော်ကို အလွန် လေးမြတ်ခြင်းဖြစ်၍ ယူဆောင် ခဲ့ရသည်၊ ထို့ကြောင့် မိုးညှင်းမင်းတရား

---

၁။ သမန္တစက္ခုဒီပနီ ( ၃ )

လက်ထက်ရောက်သည် ဟူသော စကားသည် မှန်ကန်ရာသည်ဟု ထင်ပေသည်။

ထို့နောက် မြန်မာနိုင်ငံ သာသနာ့သမိုင်း တလျှောက်၌ သီဟိုမှ မြန်မာနိုင်ငံသို့ စာသင်ရန် ရောက်ရှိလာကြသည့် သံဃာတော်များနှင့် ယင်းသို့ ကူးလူးလာရောက်သည့် သမိုင်းအစဉ်အလာများ ရှိခဲ့ကြောင်း ကိုလည်း အကြမ်းဖျင်း အားဖြင့် အောက်ပါအတိုင်း ဖော်ထုတ်ပြခဲ့ပြန်သည်။

တကြောင်းမှာလည်းသက္ကရာဇ် ၆၀၄ ခု ပန်းယကိုမင်းပြုသော ဥဇနာမင်း လက်ထက် ပင်ကျွားအရပ်၌ စကားကျောင်းမကို တည်သည်၊ ကျောင်းရံ ခြောက်ကျောင်း ဆောက်သည်၊ တောင်နားကျောင်းကို တောင်စွန်ရွှေကျောင်း သမုတ်၍ အဘိဓမ္မာတတ် အရှင် သီရိပုညဝါသီပုဂ္ဂိုလ်ကို တင်လှူသည်၊ ၎င်းမြောက်ကျောင်းကို ဝေဠုဝန် သမုတ်၍ အဓိဓမ္မာတတ် အရှင် ဉာဏတေဇ ပုဂ္ဂိုလ်ကို တင်လှူသည်၊ ၎င်းမြောက်ကျောင်းကို ကုလားကျောင်း သမုတ်၍ ဝိနည်းတတ် အရှင်အာဒိစ္စရံသီပုဂ္ဂိုလ်ကို တင်လှူသည်၊ ၎င်းမြောက်ကျောင်းကြီးကို ဇမ္ဗုက ကျောင်းမတော်ကြီး သမုတ်၍ ပုဂံစာချီအမတ်စောသင်သား အရှင်သုဓမ္မ မဟာသာမိကို တင်လှူသည်၊ ကျောင်းမတော်ကြီး ဆရာ သက်သော် ကိုးဆယ်ငါးနှစ် ဓနုလက် ဓနုစန်း မွေးနံဂြိုဟ်မှသည် ကြာသပတေးဂြိုဟ်ရောက် အသက်ရှည်တော်မူသည်၊၎င်းမြောက်အိမ်နိမ့်

ကျောင်းကို သက်ပိုင်မြင်စိုင်းအရပ်၌ သီတင်းသုံးနေသော
အသက် ရှစ်ဆယ်နှစ်နှစ် ရှိသော ဆန်း အလင်္ကာ သဒ္ဒါ
တတ်သော အရှင်ဝရပတ္တကို တင်လှူသည်၊ ၎င်းအရှေ့
ဇေတဝန်ကျောင်းကို ဝိနည်းတတ် အရှင် ဂုဏာဘိရာမ
ကို တင်လှူတော်မူသည်၊ ၎င်းမြောက်နား မြောက်စွန်
ရှေ့ကျောင်းကို သုတ္တန်တတ် အရှင် သုဓမ္မာလင်္ကာရကို
တင်လှူသည်၊ သင်္ဃာနေကျောင်းပေါင်း ကြီးငယ် သုံးရာ
ကျော်ရှိ၏ ဟုဆိုသည်၊ သာသနာစိုး ခန့်တော်မူသည်
ကား ဆရာတော်ကြီး သုဓမ္မ မဟာသာမိ တူ အရှင်
မဟာသိမဟိန်ကို ခန့်တော်မူသည်၊ ကြာသပတေး
သား မိန်လက် မိန်စန်း ကြာသပတေးနှင့် အတူ
ကိုးဆယ်ကိုးနှစ် ခြောက်လ အသက် ရှည်တော်မူ၏၊
ငါးစီးရှင် လက်ထက်လည်း စကားကျောင်းတော် အရံ
တွင်းတွင် ကျောင်းဆောက်ပြီးလျှင် ဇေတဝန်ကျောင်း
သမုတ်၍ အရှင် အရိယဝံသ ပုဂ္ဂိုလ်ကို တင်လှူသည်၊
ငါးစီးရှင် ကျော်စွာ ယောက္ခမတော် ရှိရှားမြို့စား မိဖု
ရားက ကျောင်းတော် အနီးတွင် ကျောင်း တည်သည်၊
နိဂြောဓာရုံ သမုတ်၍ ဆရာတော်ကြီး မြေးတော်သူ
အရှင် မဟာနံ ကို တင်လှူသည်၊ အသက် တရာ ရှည်
တော်မူသည်၊ ငါးစီ ရှင်ကျော်စွာ သား ကျော်စွာငယ်
လက်ထက် မိဖုယား ဥမ္မာဒန္တီက ရှိရှားမိဖုရား ကျောင်း
တော်ရင်းတွင် ကျောင်းတည်သည်၊ မေဃဝန် သမုတ်၍
အရှင်မဟာမဟိန်ကို တင်လှူသည်၊ ငါးစီးရှင် သား

ကျော်စွာငယ် လက်ထက် စိုးမင်း ကိုယ်တော်ကြီးက မောင်နှင့် နှစ်မ ဖြစ်ပါသည်၊ ခမည်းတော် ဘကြီးတော် တို့ လက်ထက် လူကြီးခြင်း အခဲဆတ်ကြ၍ မသင့် ရှိလေသည်၊ ကျွန်ုပ်တို့ မောင် နှင့် နှစ်မ မသင့်မရှိ သင့်ပါစေရာတွင် ကျော်စွာငယ်က အလှူကောင်းမှု ပြုရာတွင် သာဓု ခေါ်ပါလှည့် မှာသောကြောင့် လင် သတိုးဆင်ထိမ်းသား သတိုးမင်းဖျား စိုးမင်း ကိုယ်တော်ကြီး တို့ သုံးယောက် တကောင်းမြို့က စုန်ခဲ့၍ ရောက်လျှင် ဒုဋ္ဌာဝတီ မြစ်ငယ်တွင် ဆိုက်၍ နေကြ၏၊ ထိုအခါ ရတနာပူရမြို့ကြီး မတည်မီ ထီးလှိုင်ရှင် ဒွေစာတီ အရပ်တွင် အဝ ဟူသော ရွာရှိ၏၊ တကောင်းသား တကောင်းသူတို့လည်း ဆိုင်ခင်း၍ ဈေးစည်ပင်စွာ ရောင်းဝယ်ကြ၏၊ ထိုဈေးကို တကောင်း ဈေး ဟု တွင်၏၊ တထုံးလည်း ဘားမဲ့ဆရာတော်က ကိုးဌာန ချရာတွင် ဤအရပ်၌ တကောင်း ရောင်းစေ ဟုဆို၍ ညောင်ရမ်းမင်း လက်ထက်သို့ ရောက်မှ တကောင်းဈေး တွင်လေသည် ဟူ၍ စာဟောင်းစာတမ်း တွေ့ဘူး၏၊ တောင်ပလူ အရပ်၌ သီဘင်းသုံး နေတော်မူသော အရှေ့ပရက္ကမ, အနောက် ပရက္ကမ တို့လည်း ထိုအရပ်ကို ဆွမ်းခံ အမှီပြုတော်မူကြ၏၊ စိုးမင်း ကိုယ်တော်ကြီးတို့ ဆိုက်ရောက်လျှင် မောင်တော်ကောင်းမှု အနီးအပါးတွင် ကျောင်း တည်ပရစေ ဆို၍ အနီးတွင် ကျောင်းတည်သည်၊ ပုဗ္ဗာရုံကျောင်း သမုတ်၍ ဆရာတော်ကြီး တပည့်

ရင်း အရှင် အဂ္ဂဗောဓိကို တင်လှူသည်၊ လင် သတိုး ဆင်ထိန်းလည်း အရှင် ဒိဗ္ဗစက် သိမ်ရင်းတွင် မြောက် သို့ ဥပစာထား၍ ဘုရားတည်သည်၊ ကျွန်သီးတော် ငါး ဆယ် လှူခဲ့သည်၊ အရှင်မဟာမဟိန် မရှိနောက် အရှင် မဟာနံ သာသနာကို စီရင်သည်၊ ထိုကာလ စာသင် ကမ္ပလွေ လေးရာ ရှိသော ဟူ၏၊ အရှင်မဟာနံ မရှိ နောက် အရှင် ခေမင်္ဂသီလ သာသနာကို စီရင်သည်၊ ထိုကာလ ရက္ခိုက်မြို့စားက စာသင် ကျမ်းတတ် နှစ် ကျိတ်ကိုးပါး စာသင် ရောက်လာသည်၊ သိန်းဃိုဌ ကလည်း အများပင် ရောက်ပေါက်လာသည်၊ သက်တော် အလွန်ရှည်တော်မူသည်၊ အရှင်အရိယာဝံသ အကျော် လည်း ပန်းယ စကားကျောင်းတော်၌ပင် ပါဠိအဋ္ဌကထာ ဋီကာ ကျမ်းတို့ကို သင်တော်မူသည်ဟု ဆိုသည်။

ထူပါရုံဘုရားရှင် ထီးတော် တင်သော ကာလက ပင်၍ ကြွလာသည့် မထေရ် ခြောက်ရာ၊ သံဃာတော် ငယ် ရှစ်ရာ၊ သံဃာကြီး တထောင် ပါသည်၊ တရု ပတ်မြို့ ထမ်း၍ချည်း သံဃာတို့ လိုက်ရာ ဆင်များရှင် ရွှေကျောင်းသို့ ရွှေဖျားသင်္ဃာရောက်သောကာလ စကား ကျောင်းမ ဆရာတော်ကြီး ထီးဖြူ နှစ်ချက် ဆောင်း လျက် အရွေ့ တံခါး မော်ကွန်းတိုင်စိုက် တံခါးဝသို့ ရောက်ကာသာ ရှိသေးသည်၊ ထိုအခါလည်း သိန်းဃိုဌ ရဟန်းသံဃာ များပင် ပါသည် ဆိုသည်၊ ရာဇဝင်တွင်

လည်း ထူပါရုံ ဘုရား ထီးတော်တင်သောကာလ သိန်းဃိုဠ်ကျွန်း တိုင်အောင် ရဟန်း သံဃာအများ ပင့်တော်မူသည်ဟု လာသည်၊ ၎င်း ထူပါရုံ ဒါယကာ မင်းနရပတိကြီး မင်းကြီးမဟာသီရသူရ နှင့် မင်းပြိုင်ပြုသော သရေခေတ္တရာ ပြည်မြို့၌ ဆင်ဖြူရှင် သတိုးမင်းစောတို့ လက်ထက်လည်း သိန်းဃိုဠ်ကျွန်းက မဟာဝိဟာရဝါသီ အရှင် သဒ္ဓမ္မစာရီ မြို့သို့ ရောက်လာ ကြောင်းကို တောင်ဖီလာ ဆရာတော် တိပိဋကာလင်္ကာရ ရေးမှတ်ခဲ့သော အနုဋ္ဋကမတွင် ဆိုသည်၊ ပုဂံ သဒ္ဓမ္မဇောတိပါလ ဆရာ ထံသို့လည်း သိန်းဃိုဠ်ကျွန်းက စာသင်ပုဂ္ဂိုလ်တို့ အများပင် ရောက် ပေါက်လာကြ၏ဟု ဆိုသည်၊ နိဒ္ဒေသ ကျမ်းတွင်လည်း –'လင်္ကာဒီပ ဇမ္ဗူဒီပ ဝါသီနံ သောတုဇနာနံ ပရိယတ္တိ ပရိယာပုဏန္တေန ဆပ္ပသောတိ ဝိသုတေန ' ဟူ၍ အဆို ပါချေသည်။

ဤစကားရပ်ကို ထောက်သော် ထူပါရုံ ဒါယကာ မင်းနရပတိကြီး လက်ထက် သိန်းဃိုဠ်ကျွန်းက ရဟန်း သံဃာတို့ မပြတ် ရောက်ပေါက်လျက် ရှိဟန် ရှိသည်။[၁]

သီဟိုဠ်ကျွန်းမှ မြန်မာနိုင်ငံသို့ ကူးလူး ဆက်ဆံ ရောက်ရှိလာပုံများကို ဖော်ပြပြီးနောက် မြန်မာနိုင်ငံ မှလည်း သီဟိုဠ်ကျွန်းသို့ ကူး၍ စာသင်ခဲ့ပုံများ ဆက်ဆံခဲ့ပုံ များကိုလည်း မုံရွေး ဇေတဝန် ဆရာတော်က ဆက်လက် ဖော်ပြခဲ့သည်။

---

၁။ သမန္တစက္ခုဒီပနီ (၃)

ယင်းသို့ ဖော်ပြထားရာ၌ အင်းဝခေတ်က ထိပ်သီးစာဆို တော်ကြီး တပါးဖြစ်သူ အရှင်မဟာရဋ္ဌသာရ၏ နေ‌ာင်တော် လည်း တော် - ဆရာလည်း ဖြစ်သူ အရှင်ဝရစက္ကပါလသည် ပင် သီတိုကျွန်းသို့ ကူးကာ စာသင်ခဲ့ရပုံများကို ဘူရိဒတ်ဇာတ်ပေါင်း ပျို့, ဘူရိဒတ်လင်္ကာကြီး နှင့် ဟတ္ထိပါလပျို့များကို ကိုးကား ကာ အောက်ပါအတိုင်း ဖော်ပြထားခဲ့ရာ စိတ်ဝင်စားဘွယ် ရာ ကောင်းလှပေသည်။

ငါတို့ တိုင်းနိုင်ငံများကလည်း သိန်းဃိုဠ်ကျွန်းသို့ မပြတ်ကူးသန်းလျက် စာပေသင်ကြား၍ နေကြဟန်ရှိ သည်၊ အရှင်ဝရစက္ကပါလလည်း သိန်းဃိုဠ်ကျွန်းသို့ ကူး၍ စာပေသင်ကြောင်းကို ဇာတ်ပေါင်း၌—'ဝရစက္က၊ ပါလ ဟူသည်၊ အမည်လိုက်လျော၊ ခံထိုက်သောဟု၊ သဘော ထင်ပြ၊ သုပိနဋ္ဌ၊ ကမ္ဘ ရှေ့ညွှန်၊ နတ်တို့မှန်သာ၊ နံ့ဝန်သိမြော်၊ င နောင်တော်လည်း၊ တစ်ခေါ်စ လောက်၊ ပုဂ္ဂိုလ်မြောက်၍၊ လှိုင်ပေါက် ကြေငြာ၊ အဝှန် ဝှာသာ၊ ဆရာကောင်းချီး၊ ပေးသည့်နည်းတိ၊ မိုးဖျား ထိမ့်၊ အကျိုအခဲ၊ နှလုံးထဲဝယ်၊ အမြဲ ဆည်းပူး၊ အထူး ထူးသား၊ ကျေးဇူးချင့်ထ၊ ပြည့်စုံလှလျက်၊ မူလသိန်း ဃိုဠ်၊ မြတ်သည်ကိုဖြင့်၊ မဂ်ဖိုလ် ပစ္စည်း၊ တယောက် တည်းသာ၊ စူးစူးရှာသား၊ သမ္ဘာရင့်ညောင်း၊ ဗောဓိ လောင်းတိ-' ဟူ၍ လည်းကောင်း။ ။ဘူရိဒတ်လင်္ကာ တွင်လည်း —'ကျေးဇူးဟူသည်၊ ရှောင်ဖြူပတ်ဝန်း၊ သော်တာထွန်းသို့၊ တကျွန်းသိန်းဃိုဠ်၊ မညို ပြန်ခေါက်။

ရောက်တုံပြီးမှ၊ ရပ်သီးခမ်းဝါ၊ ကျေးဥဿာနှင့်၊ ရတနာပူရ၊ လောကာသနင်း၊ မင်းတို့ တကာ၊ ရှိသေရာဖြင့်။ သာသနာ ငါးထောင်၊ ထမ်းဆောင်နေ့တိုင်း၊ ကြိုးနှယ်သိုင်းသား၊ စစ်ကိုင်း ဟူသည်၊ ရွှေပြည် မြောက်ပါး။ မြိုင်တောဖျားဝယ်၊ တရား မွေ့လျော်၊ ကုသိုလ်ပျော်သည်၊ သူတော် ထေရ်ကောင်း၊ ဗောဓိလောင်း၏ အပေါင်းထင်ရှား၊ တပည့်များတွင်၊ တွက်ကျုံးဝင်သား၊ မည်ပင် ရဋ္ဌ၊ သာရ အစစ်၊ ဆဲ့ခြောက်နှစ်လျှင် တက်သစ်အရွယ်၊ သူငယ်သော်ကား ဟူ၍ရှင်း စပ်တော်မူသောကြောင့် နောင်တော် ဖြစ်သော ဆရာ ဝရစက္ကပါလသည် သိန်းဃိုဠ်ကျွန်းသို့ ကူး၍ စာပေ သင်ကြောင်းကို သိသာသည်၊ အရှင်ရဋ္ဌသာရသည် နောင်တော်ထံ စာသင်၍ အခြေရမှ တပါး သိန်းဃိုဠ်က ပြန်ရောက်လာသော ဆရာတို့ထံ သင်၍ တတ်မြောက်သော ပုဂ္ဂိုလ်ကြီး မထေရ်ကြီးတို့ဘွင် သင်ပြန်ကြောင်းကိုလည်း ဇာတ်ပေါင်းပျို့၌ — ရဋ္ဌသာရ၊ လဒ္ဓသရော်၊ နွတ္တခေါ်သား၊ သူတော်သွေးရည်၊ ငါတို့သည်လည်း၊ ဖြောင့်ကြည် သဒ္ဓါ၊ နောင်ဆရာလျှင်၊ သမ္ဘာရင့်လှည့်၊ နောင်တပည့်ဟု၊ မပြည့်ပေါ်ထင်၊ ငဝမ်းတွင်က၊ ချစ်ခင် တမူ၊ မဟူစသာ၊ နည်းနာသင်ထွေ၊ အခြေ ရမြောက်၊ ကြုံကြုံထောက်၍၊ ပြန်ရောက်သိန်းဃိုဠ် ကျေးဇူးကိုသား၊ ပုဂ္ဂိုလ်မည်သီး၊ ထေရ်ဘုန်းကြီးဝယ်၊ မှီးခဲ့လက်လွတ်၊ ကြွင်းမဲ့တတ်သား၊ ထေရ်မြတ်တို့ထံ၊

> ထုံးစံရမိ၊ အဖြည့်ကျိလျက် ' ဟူ၍ရှင်း။ ။ဟတ္ထိပါလတွင်လည်း— ' စင်ကိုင်းချောက်၌၊ မပျောက်အာပတ်၊ ပိဋကတ်တတ်စွာ၊ သုဒ္ဓါစာရ၊ သီလဂုဏ်ဝင်၊ ထေရ်မှန်ပုဂ္ဂိုလ်၊ သိန့်ဆိုင်ရောက်ကြီး၊ သဃ်ာထီးကို၊ ရှည်မှီးဉာဏ်ထောက်၊ ထိပ်ထက်ဆောက်မှ ' ဟူ၍ရှင်း စပ်တော်မူသည်။[၁]

ရှင်မဟာရဋ္ဌသာရမှာကား သူ၏နောင်တော် အရှင်ဝရစက္ကပါလကဲ့သို့ သီဟိုဠ်သို့ မရောက်ဘူးပေ၊ မရောက်ဘူး သော်လည်း ရှင်မဟာရဋ္ဌသာရ၏ ဂုဏ်သတင်းမှာကား သီဟိုဠ်ကျွန်း၌ ကျော်စောထင်ရှားလျက် ရှိသည်၊ ထိုအကြောင်းကို မုံရွေး ဇေတဝန်ဆရာတော်က ဟတ္ထိပါလပျို့ နိဂုံးကို ကိုးကားကာ အောက်ပါအတိုင်း ဆက်လက် ဖော်ပြထားသည်။

> ရှင်မဟာရဋ္ဌရတို့ လက်ထက် ငါတို့ တိုင်းနိုင်ငံကလည်း ကူးသွား၍ သိန်းဆိုင်ကျွန်းမှာ စာပေသင်ကြ၏၊ သိန်းဆိုင်ကျွန်းကလည်း ကူးလာ၍ စာပေသင်ကြ၏၊ ရှင်မဟာရဋ္ဌသာရတို့ ကျေးဇူးအရည်အသွား ဂုဏ်သတင်းကိုလည်း သိန် ဆိုင်ကျွန်းမှာ ပြောဟောပြသကြ၍ အလွန်ကျော်ဇောထင်ရှားပေ၏ ဟုဆိုသည်၊ ဟတ္ထိပါလပျို့ နိဂုံးတွင်လည်း —'ကံကျွေး ဝတ္ထု၊ ဤကျမ်းပြုကား၊ ဂုရုမြောက်ရည်၊ မဟာထေရ်ကို၊ မြန်ပြည်မဆန့်၊ ကျော်နှံ့သတင်း၊ သိန်းဆိုင်ချင်းသည်၊ မည်ရင်းအဘယ် သညာနည်း 'ဟု အစပ်ရှိသည်။[၂]

---

၁၊၂၊ သမ္ဗန္ဓစက္ခုဒီပနီ (ဒု)

သီးဟိုကျွန်းသို့ ရှင်မဟာရဋ္ဌသာရ မရောက်ဘူးပါဘဲလျက် သီဟိုကျွန်းသို့ ၎င်း၏ဂုဏ်သတင်း ကျော်ဇောထင်ရှား နေခြင်းကို ကြည့်ခြင်းအားဖြင့် ထိုအချိန်က သီဟို နှင့် မြန်မာတို့၏ ကူးလူးဆက်ဆံမှု အဘယ်မျှလောက် များပြားနေသည်ကို အကဲခတ်နိုင် လောက်ပေသည်။

သီဟိုသို့အတင် အလှူလွှတ်ခြင်း

ထို့ပြင် အင်းဝခေတ်က သီဟိုသို့ အတင် အလှူ လွှတ်ကာ ကူးလူး ဆက်ဆံခဲ့ပုံများကိုလည်း မုံရွေး ဇေတဝန် ဆရာတော်က မြန်မာရာဇဝင်များမှ ထုတ်နုတ်ကာ အောက်ပါအတိုင်း ဆက်လက် ဖော်ပြသွားသေးသည်။

ရာဇဝင်တွင်လည်း ထူပါရုံ ဒါယကာ နရပတိကြီး လက်ထက်တကြိမ်, ရတနာပြစည်းခုံ ဒါယကာမင်းကြီး မဟာသီဟသူရ လက်တက်လည်း တကြိမ်, ရာဇဗလစိတ္တဒူတ ရာဇတမန်တို့ကို စေလွှတ်၍ သိန်းဃိုဠ်ကျွန်း စွယ်တော် စက်တော်ရာ မဟာစေတီ မဟာဗောဓိတို့ကို အလှူတော် သွား၍ လှူရကြောင်းကို နှစ်ကြိမ်ပင် ဆိုသည်၊ ပုဂံမြို့ သမ္ဗဒေါသဥမင်၌ သီတင်းသုံးနေသော ကျမ်းပြုဆရာ အရှင် သဒ္ဓမ္မဇောတိပါလ ဆရာသည် သိန်းဃိုဠ်ကျွန်းကို ကူးလေသည့်ကာလ သာသနာတော် ၉၉ဝ-တွင် အရိမဒ္ဒနာပြည်မှ ကူးသွားကြောင်းကို သုတ္တနိဒ္ဒေသ စသော ကျမ်းတို့၌— 'ပုဏ္ဏောဒသေ နဝ နဝုတိ ဂုဏောစ ဝသော သဟာဿဂဏနေ ဇိန နိဗ္ဗုတမှိ' စသည်

ဖြင့် ဆိုသည်၊ထိုသာသနာတော် တဆောင်ကိုးရာကိုးဆယ်တွင် ဒွေးအဋ္ဌကေကဖြင့် နှုတ်သည်ရှိသော် သက္ကရာဇ် ရှစ်ရာရှစ်ခု အကြွင်းရသည်၊ ထိုရှစ်ရာရှစ်ခုသည် ထူပါရုံ ဒါယကာမင်း နရပတိ ရွှေနန်းတက်၍ နန်းစံလေးနှစ် ထူပါရုံ တည်ဆဲနှစ်နှစ်တွင်းတွင်ပင် အတွက်ရသည်၊ မင်းနရပတိကြီးသည်ကား သက္ကရာဇ် ရှစ်ရာလေးခုတွင် နန်းတက်သည်၊ သက္ကရာဇ် ရှစ်ရာခြောက်ခု တန်ဆောင်မုန်း လဆန်း တဆဲ့သုံးရက် သောကြာနေ့ နေဝန်းထွက်သည်နှင့် တပြိုင်နက် မိဿ၌ စည်ရာဟု၊ မေဓုန်၌ စနေ၊ ကြဋ်၌ ကြာသပတေး၊ တူ၌ တနင်္ဂနွေ၊ ဗုဒ္ဓဟူး သောကြာလက်၊ ဓနု၌ အင်္ဂါ၊ ထိုအခါ၌ ထူပါရုံကို တည်တော်မူသည်၊ ယင်းသို့ဖြစ်၍ နန်းတက်၍ နန်းစံလေးနှစ် ထူပါရုံ တည်၍ နှစ်နှစ်ခန့်တွင် အတွက်ရသည်။[၁]

**မုံရွေးဆရာတော်၏ ကောက်ချက်**

ယင်းသို့ သီဟို မြန်မာ ဆက်ဆံရေးကို အထောက်အထား အဖြစ် ပြဆိုပြီးနောက် အင်းဝခေတ်က သီဟိုကျွန်းမှ ဒက္ခိဏသာခါ ဘုရားများ မြန်မာနိုင်ငံသို့ ရောက်လာသည် ဟူသော သမိုင်းဟောင်း စာတမ်းများ၏ အဆိုအမိန့် အပေါ် မုံရွေးဇေတဝန် ဆရာတော်က အောက်ပါအတိုင်း ကောက်ချက်ချတော်မူခဲ့သည်။

---

၁။ သမန္တစက္ခုဒီပနီ (၃)

တို့ကြောင့် မိုးညှင်းမင်းတရား ၎င်းသားတော် မင်းရဲကျော်စွာ ညီတော် မင်းနရပတိကြီး သားတော် မင်းကြီး မဟာသီဟသူရတို့ လက်ထက် သိန်းဃိုဋ္ဌကျွန်းက ငါတို့ တိုင်းပြည်သို့ ရောက်လာကုန်သည်လည်း အများပင် ဖြစ်သည်၊ ငါတို့တိုင်းပြည် နိုင်ငံကလည်း သိန်းဃိုဋ္ဌကျွန်းသို့ သွားကြသည်လည်း အများပင် ဖြစ်သည်၊ ထိုသို့ ကူးလာကြသော ကာလ ပင့်ဆောင်ခဲ့၍ အမြဲပင် ရောက်သည် ရှိရာသည်၊ ထိုစကားအရပ်ရပ်ကို ထောက်၍ မိုးညှင်းမင်းတရား သားတော် မင်းရဲကျော်စွာ ညီတော် နရပတိကြီး သားတော် မင်းကြီး မဟာသီဟသူရတို့ လက်ထက်လည်း ဒက္ခိဏာသာခါ မဟာဗောဓိသားရုပ်တုတော်တို့ ရောက်လာ၏ ဟု ယူသော်လည်း မှန်ရာသည် ပင် ဖြစ်ကောင်းသည်၊ မုချမူကား မှန်၏ ဟူ၍ မဆိုနိုင်၊ ငါတို့သည် အသက်အရွယ်လည်း ငယ်သည်၊ အစုအစည်ကို မမှီလိုက်၊ သပ္ပသုတ အကြားအမြင်လည်း နည်းသည်၊ စာဟောင်း ထုံးဟောင်းများကိုလည်း စုံစုံ စေ့စေ့ မတွေ့ရ၊ အစည်မှီသော အသက်သိက္ခာ ကြီးသော ဗဟုသုတ ပုဂ္ဂိုလ်မြတ်တို့ သာလျှင် အမှန်အကန် သိတန်ရာသည်။ ၁

မုံရွေးဆရာတော်၏ ကောက်ချက်ကား တန်ဘိုး ကြီးမားလှသည်၊ ၎င်းမှာ အသက်အရွယ် ငယ်၍ အစုအစည်ကို မမှီလိုက်

၁။ သမန္တစက္ခုဒီပနီ ( ၃ )

သောကြောင့် သီဟိုဠ်ကျွန်းမှ ဒက္ခိဏာသာခါဘုရားများ မြန်မာနိုင်ငံသို့ ရောက်သည် ဟူသော အဆို အမိန့်သည် 'မှုချမှန်သည်' ဟု မဆိုနိုင်သော်လည်း 'မှန်ရာသည်ပင် ဖြစ်ကောင်းသည်' ဟု မှုံရွှေးဆရာတော်က အထက်ပါ အတိုင်း ကောက်ချက် ချခဲ့သည်၊ ယင်းကောက်ချက်သည် ဒက္ခိဏာသာခါဘုရား သမိုင်း အတွက် အလေးအနက် လေ့လာရမည့် အချက် ဖြစ်သည်။

မြန်မာနိုင်ငံသို့ သီဟိုဠ်မှ ဒက္ခိဏာသာခါဘုရားများ တကယ် ရောက် မရောက် ဝေဘန် နေသူများ အတွက်လည်း ယင်း ပြဿနာ ကျေညက်သွားနိုင်မည့် ကောက်ချက် ဖြစ်သည်။

မှုံရွှေးဆရာတော်၏ ခံယူချက်

ယင်းသို့ ကောက်ချက် ချပြီးနောက် ဒက္ခိဏာသာခါဘုရား ကိုးကွယ် ပူဇော်မှုနှင့် ပတ်သက်၍ မုံရွှေးဇေတဝန် ဆရာတော်က သူ၏ ခံယူချက်ကိုလည်း အောက်ပါအတိုင်း ဆက်လက် ဖော်ပြထားခဲ့သည်။

သို့အရာတွင် ငါတို့ အယူသော်ကား ထိုစကားသည် မှန်သည် ဖြစ်စေ မမှန်သည် ဖြစ်စေ ငါတို့ တိုင်းနိုင်ငံ၌ ရှိသော–ဂါမပူဇိတံ- ရွာပူဇော်သော၊ နိဂမပူဇိတံ - နိဂုမ်းပူဇော်သော၊ နဂရပူဇိတံ - မြို့ပူဇော်သော၊ ရဋ္ဌပူဇိတံ - တိုင်းပြည် ပူဇော်သော၊ စေတိယ ရုက္ခ - စေတီ သစ်ပင် ဟူ၍ မှတ်သော ဗောဓိပင် မှန်သည် ဖြစ်စေ - မမှန်သည် ဖြစ်စေ စန္ဒကူးသရက္ခန့် မှန်သည်ဖြစ်စေ- မမှန်သည် ဖြစ်စေ ကျွန်း ယမနေ ရေသဘန်း သစ်သက်န်း ကရဝ စသော

သစ်ထူး သစ်မြတ် မှန်သည် ဖြစ်စေ· မမှန်သည် ဖြစ်စေ အရှည်ခိုင်ခန့် သန့်ပြန့် ချောမွတ်သော သစ်ဟူသမျှကို အစွမ်းအလျောက် လျောက်ပတ် တင့်တယ်စွာ ထုလုပ်ရလျှင် ဗုဒ္ဓရူပ, ဗုဒ္ဓပဋိမ, ဗုဒ္ဓပိမ္ဗ, ဗုဒ္ဓသဒိသ ချည်းပင် ဖြစ်တော့သည်၊ ဗုဒ္ဓရူပ, ဗုဒ္ဓပဋိမ, ဗုဒ္ဓပိမ္ဗ, ဗုဒ္ဓသဒိသ ဖြစ်ကလည်း ဥဒ္ဒိဿက စေတီချည်းမင် ဖြစ်တော့သည်၊ ဥဒ္ဒိဿကစေတီ ဖြစ်ကလည်း ကိုးကွယ် ပူဇော်လေသမျှသော နတ်လူအပေါင်းတို့သည် ပစ္စုပ္ပန်၌ လည်းကောင်း သံသရာ၌ လည်းကောင်း၊ လူချမ်းသာ နတ်ချမ်းသာ နှစ်ပါးကို ရ၍ အဆုံး၌ ဝိမုတ္တိရသကို ရကြမည်ချည်း ဖြစ်တော့သည်၊ ဝိမုတ္တိရသကို ရကြလျှင်လည်း ပြုအပ်ပြီးသော ကိစ္စ ရှိလေတော့သည်ဟု နှစ်လုံး ပိုက်ယူမိသည် ဖြစ်၍ ဒက္ခိဏာသာခါ ရုပ်တု မှန်သည် - မမှန်သည် တို့ကို အထူးမစိစစ်လိုပြီဟု အထင်ရှိပေသည်၊ ဤသို့လျှင် ရုပ်တုတော်တို့ကို ဒက္ခိသာခါ ခေါ်ဝေါ်ခြင်းသည်ကား ဖြစ်ရင်း ဗောဓိပင်ကို စွဲ၍ ခေါ်ဝေါ်လေသည်။[၁]

မုံရွေးဆရာတော်၏ ခံယူချက်ကား ထိမိလှပေသည်၊ ဒက္ခိဏာသာခါ ကိုးကွယ်သူများကိုလည်း တိကျသော အဖြေကို ပေး၍ နေပေပြီ။

ယခုခေတ်ကား သူပြော, လူပြော, ရာဇဝင်ပြော, သမိုင်းပြောနှင့် မယုံနိုင်သူများ ပေါများလာသော ခေတ်ဖြစ်သည်၊

၁။ သမန္တစက္ခုဒီပနီ ( ၃ )

ယင်းသို့ မယုံမှုလည်း ခေတ်မှီသည်ဟု ယူဆနေသော ခေတ်ဖြစ်သည်၊ ယင်းသို့ မယုံမှုကြောင့်လည်း ဒက္ခိဏသာခါ ဘုရားကို ဂါထာမန္တံ အခြေခံသော ဘုရား ဟု ပြောသူက ပြောလာကြသည်၊ ဒက္ခိဏသာခါဘုရား ကိုးကွယ်သည့်အတွက် လောကီဘက်၌ အကျိုးရှိစေကာမူ လောကုတ္တရာ ဘက်၌ အကျိုး ရှိမရှိ သံသယ ဝင်လာသူ များလည်း ပေါ်လာသည်၊ ယင်းကဲ့သို့သော သူများအတွက် မုံရွေးဆရာတော်၏ ခံယူချက်ကို သဒ္ဓါပေါက်ပါက သတိတရား ရကြလိမ့်မည်ဟု ယုံကြည်မိပေသည်။

ဒက္ခိဏသာခါဘုရား ခေါ်ဝေါ်ခြင်း

'ရုပ်ပွားတော် တို့ကို ဒက္ခိဏသာခါ ခေါ်ဝေါ်ခြင်း သည်ကား ဖြစ်ရင်း ဗောဓိပင်ကို စွဲ၍ခေါ်ဝေါ်လေသည်' ဟု မုံရွေး ဆရာတော်က သူ၏ ခံယူချက်ကို ထုတ်ဖော်ရင်း ဒက္ခိဏသာခါ ဘုရား ခေါ်ဝေါ်ခြင်း၏ အကြောင်းကိုပါ တဆက်တည်း ဖော်ပြသွားသည်။

ဤ၌ ဖြစ်ရင်း ဗောဓိ ဆိုသည်မှာ သာသနာနှစ် ၂၃၆ ခုတွင် ဗုဒ္ဓဘုရားရှင် ပွင့်တော်မူရာ မူလမဟာဗောဓိ ပင်မကြီး၏ လက်ျာတောင်ကိုင်း (= ဒက္ခိဏသာခါ) ကို သီရိမေဃာသောတာ မင်းကြီးသည် ဆေးဒန်း မြင်းသီသာဖြင့် သားသောကြောင့် ပြတ်ကျခဲ့သော ဗောဓိကိုင်းကို ဆိုလိုခြင်း ဖြစ်သည်။

ယင်း လက်ျာ တောင်ကိုင်း (=ဒက္ခိဏသာခါ) မဟာဗောဓိသည် အထက်က ဖော်ပြခဲ့သည့် အတိုင်း သီဟိုကျွန်းသို့

ရောက်ခဲ့သည်၊ သီဟိုဠ်ကျွန်း၌ ယင်း ဒက္ခိဏာသာခါ မဟာ ဗောဓိ မှ ပင်ပွားများ အများအပြား ပေါက်ရောက်ခဲ့သည်၊ အဆိုပါ ဒက္ခိဏာ သာခါ မဟာဗောဓိပင်မှ အကိုင်း အခက် အရွက် တို့ကို လည်းကောင်း - အပင်ပွား ဒက္ခိဏာသာခါ ဗောဓိပင်များမှ အိုမင်း ခြောက်သွေ့သော ပင်စည် အကိုင်း အခက် အရွက် အပွေးတို့ ကိုလည်းကောင်း သီဟိုဠ်သား ရဟန်း ရှင် လူတို့သည် ဗုဒ္ဓဘုရား ရှင်ကိုယ်စား ရုပ်ပွား ဆင်းတု ဥဒ္ဒိဿ စေတီ ပြုလုပ် ကိုးကွယ် ခဲ့ကြသည်၊ ယင်း ရုပ်ပွား ဆင်းတုတော်များကို မဟာဗောဓိ ၏ လက်ျာ တောင်ကိုင်း ( = ဒက္ခိဏာသာခါ ) ကို အစွဲပြု၍ ဒက္ခိ ဏာသာခါ ဘုရားဟု ခေါ်ဝေါ်ခဲ့ကြသည်။

ထို့နောက် ယင်း ဒက္ခိဏာသာခါ ဘုရားများသည် သီဟိုဠ် မြန်မာ ဆက်ဆံရေး ကောင်းမွန်လာသည်နှင့် အမျှ မြန်မာနိုင်ငံ သို့ ရောက်ရှိလာ ခဲ့ကြသည်၊ ရုပ်ပွား ဆင်းတု ဘုရားများ သာ မကဘဲ သီဟိုဠ်မှ မဟာဗောဓိ ပင်ပွားများလည်း မြန်မာနိုင်ငံသို့ ရောက်ရှိလာကာ စိုက်ပျိုး ကိုးကွယ် ခဲ့ကြသည်။

ယင်း မြန်မာပြည်ရောက် ဒက္ခိဏာသာခါ ဗောဓိ ပင်ပွားများ မှ အကိုင်း အခက် အရွက် အပွေး တို့ကိုလည်း မြန်မာ ရဟန်း ရှင်လူ သူတော်စင်တို့သည် ရုပ်ပွား ဆင်းတု ထုလုပ် ကိုးကွယ်ခဲ့ ကြရာ ယင်း ရုပ်ပွား ဆင်းတုများကိုလည်း မုံရွေး ဆရာတော် အမိန့်ရှိသည့်အတိုင်း ဖြစ်ရင်း မဟာ ဗောဓိ၏ အာဒိလဒ္ဓ နာမ မူလ အမည်ကို အစွဲပြုကာ 'ဒက္ခိဏာသာခါဘုရား' ဟူ၍ ပင်

ဆရာစဉ် သာသနာစဉ် အဆက်ဆက်က ယနေ့အထိ ခေါခေါ ခဲ့ကြခြင်း ဖြစ်သည်။

ယင်း ဒက္ခိဏသာခါ ဘုရားအား ဗုဒ္ဓဂုဏ်ကို အာရုံပြုကာ ဥဒ္ဒိဿက စေတီအဖြစ် ကိုးကွယ် ပူဇော်ကြပါမူကား မူရွေးဆရာတော် အမိန့် ရှိသည့်အတိုင်း ဝိမုတ္တိရသ အတိ အကျိုးအနန္တ ရရှိခံစားကြရမည်မှာ သံသယရှိဖွယ်ရာ မလိုပေ၊ ကေန် ရရှိခံစားရမည် ဖြစ်ပေသတည်း။